ကြေးမုံ
The Mirror Daily
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 30 January 2020 ၉၉၁၀

**ကြေးမုံ ယနေ့ ဖတ်စရာ**

**မိမိတို့၏ ဆက်သွယ်မှု အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်စေရန် လေ့ကျင့်ပျိုးထောင်ခြင်း**

စာမျက်နှာ » ၆

**ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းကျင်းပ**

စာမျက်နှာ » ၈




**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ အခြေခံပညာကျောင်း ၃၁ ကျောင်းအား အန္တရာယ်ရှိ အသင့်စားမုန့်ကင်းစင်ရေးနယ်မြေအဖြစ် သတ်မှတ်**

စာမျက်နှာ » ၁၈

# စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့်စီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ လေထု၊ ရေထုနှင့် မြေထု ညစ်ညမ်းမှုများကို ထိန်းချုပ်ကာကွယ်နိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေးကိစ္စနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ပထမတွဲ (၁၆/၂၀၁၉)တို့အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ယခုစီမံကိန်း ဆောင်ရွက်ခြင်းဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်များကို အွန်လိုင်းမှ လျှောက်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်များကို အွန်လိုင်းမှ လျှောက်ထားနိုင်ရေး ဂျာမန်အပြည်ပြည်ဆိုင်ရာ ကူညီပေးရေးအဖွဲ့(GIZ) အကူအညီဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)မှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်နေ**

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ လွယ်ကူစေရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်များကို အွန်လိုင်းမှ လျှောက်ထားနိုင်ရေး Online Investment Application System ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)နှင့် ဂျာမန်အပြည်ပြည်ဆိုင်ရာ ကူညီပေးရေးအဖွဲ့(GIZ)တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း ၎င်းက ဆက်ပြောသည်။

"ဒီအွန်လိုင်းစနစ်က ရင်းနှီးမြှုပ်နှံမှုဥပဒေပေါ်မှာ အခြေခံပြီးလုပ်ရတာပါ။ ရင်းနှီးမြှုပ်နှံမှုဥပဒေရဲ့ ပေးထားချက်တွေအရ လျှောက်လွှာတင်တာ၊ ဖောင်ပုံစံတင်တာ၊ စဆက်သွယ်တာ၊ သတင်းယူတာ၊ သတင်းစုံစမ်းမေးမြန်းတာတွေ ဒီဟာတွေအားလုံးကို အွန်လိုင်းပေါ်ကိုတင်မှာပါ။ ကျွန်တော်တို့ ရုံးကို လာစရာမလိုပါဘူး။ နောက်တစ်ခုက ဥပမာ စက်ရုံတစ်ရုံတည်ထောင်မယ်၊ တည်ထောင်မယ့် စက်ရုံက လှိုင်သာယာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✭



ကြေးမုံ

# တိုင်းရင်းသားဘဝဖွံ့ဖြိုးမှု ငြိမ်းချမ်းသာယာ

မျက်မှောက်ကာလသည် နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးနေသော အချိန်ကာလဖြစ်သည်။ တိုင်းရင်းသားဒေသများမှာ သွားလာမှုခက်ခဲပြီး ဝေးလံသောကြောင့် အနေဝေးကာ ဖွံ့ဖြိုးမှုနည်းခဲ့သည်။ တိုင်းရင်းသားလူမျိုးများ လူမှုစီးပွားဘဝမြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှသာ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုဖွံ့ဖြိုးပြီး ပြည်ထောင်စုကြီး အေးချမ်းသာယာမည်ဖြစ်၍ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နေသည်။

နိုင်ငံတစ်နိုင်ငံ၌ မှီတင်းနေထိုင်ကြသော လူမျိုးများနှင့် ပထဝီဝင်အနေအထားတို့ကို သေချာကျနသိရှိထားပါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများလူမှုစီးပွားတိုးတက်မြင့်မားအောင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ရေမြေသဘာဝအရင်းအမြစ်များ၊ တည်ဆောက်ဖွဲ့စည်းနိုင်သော ပထဝီဝင်အနေအထားများကို မြင့်မားသည့် အသိဉာဏ်အမြော်အမြင်များဖြင့် ဖန်တီးပေးမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို အလုံးစုံခြုံငုံ၍ကြည့်လျှင် မြေညီရပ်ဝန်းမဟုတ်၊ တောင်ရိုး၊ ကုန်းတန်း၊ ချိုင့်ဝှမ်းများစွာအတွင်း မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့သည် အပြောကျယ်သောပင်လယ်ပြင်အတွင်းသို့ စီးဆင်းလျက်ရှိသည်။ သစ်တောသစ်ပင်များ၊ အင်း၊ အိုင်၊ ဆည်၊ ကန်၊ သဘာဝတိရစ္ဆာန်များလည်း ပေါများသည်။ ထိုကဲ့သို့ ပထဝီဝင်သဘာဝစုံလင်လှသည့် မြန်မာနိုင်ငံသည် အခြားတိုင်းပြည်များနှင့် နှိုင်းစာလျှင် မကျယ်ဝန်းစေကာမူ၊ မဖွံ့ဖြိုးစေကာမူ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်နိုင်သောမြေများနှင့် ပေါများကြွယ်ဝသော သဘာဝသယံဇာတများကို နိုင်ငံတော်နှင့် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားအတွက် စနစ်တကျဖန်တီးဖော်ဆောင်နိုင်ပါလျှင် စီးပွားရေးနှင့်တိုးတက်ကြီးပွားရေးအတွက် အလားအလာကောင်းများ ရှိမည်ဖြစ်သည်။

တိုင်းပြည်ကြီးပွားရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူများ လူမှုစီးပွားတိုးတက်ရေးအတွက် ကောင်းမွန်သောပထဝီဝင်အနေအထားကို ငြိမ်းချမ်းသာယာသော ဝန်းကျင်ကောင်းအဖြစ် ဖန်တီးပေးရမည်ဖြစ်သည်။ မငြိမ်းချမ်းလျှင် စီးပွားရေးလည်းမလုပ်နိုင်၊ ဖွံ့ဖြိုးရေးလည်း မဆောင်ရွက်နိုင်သဖြင့် တိုင်းပြည်နှင့် လူထုဖွံ့ဖြိုးတိုးတက်အောင် မည်သို့မျှဆောင်ရွက်နိုင်မည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးတို့ကို ဦးစားပေး အကောင်အထည်ဖော်လျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လျှင် ဒေသတစ်ခုနှင့်တစ်ခု အနေနီးပြီး ချစ်ကြည်ရင်းနှီးမှု၊ ကူးသန်းရောင်းဝယ်မှု တိုးတက်ကောင်းမွန်လာမည်။ လျှပ်စစ်မီးရရှိလျှင် အသိအမြင်တိုးပွားမှု၊ လူမှုစီးပွားမြှင့်တင်မှုကို အထောက်အကူပြုနိုင်မည်။ မြန်မာနိုင်ငံသည် သဘာဝအလှအပများ ပြည့်စုံကြွယ်ဝသည့် တိုင်းပြည်ဖြစ်သည့်အတွက် သဘာဝအခြေပြုခရီးသွားလုပ်ငန်းများကို မြှင့်တင်ဖော်ဆောင်နိုင်သည်။ သဘာဝခရီးသွားလုပ်ငန်းသည် အရင်းအနှီးနည်းသော စီးပွားရေးလုပ်ငန်းဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက တိုင်းပြည်ငြိမ်းချမ်းရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးနေချိန်တွင် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များအားလုံး စုစုစည်းစည်းပေါင်းစည်းချိတ်ဆက်၍ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိဒေသအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တိုင်းရင်းသားဒေသ လူမှုစီးပွားမြှင့်တင်ဖော်ဆောင်ရာတွင် တိုင်းရင်းသားကဏ္ဍ ပိုမိုပါဝင်လာနိုင်စေရေး၊ ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို သဟဇာတရှိရှိ မျှဝေလုပ်ကိုင်နိုင်ရေး၊ ဒေသထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပသို့ပါ ပို့ဆောင်နိုင်ရေး၊ သဘာဝအခြေပြုခရီးသွားလုပ်ငန်းများတိုးတက်ရေး၊ စီးပွားရေးဈေးကွက်အခွင့်အလမ်းများ ပိုမိုအားကောင်းလာစေရေး၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များကို တိုင်းရင်းသားဒေသများသို့ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားဒေသများ လူမှုစီးပွားမြင့်မားတိုးတက်လာပါက တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး တစ်ဦးချင်းတစ်ဦးချင်းစီ၌ တစ်ဦးနှင့် တစ်ဦး ချစ်ကြည်ရင်းနှီးမှု၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာမှုများ တိုးတက်အားကောင်းလာကာ တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်ဖြစ်သည့် ငြိမ်းချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး၊ မီးလောင်ဒဏ်ရာ၊ အဖုအကျိတ် ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသမှုအောင်မြင်ခြင်း အထိမ်းအမှတ်ပွဲ ကျင်းပ

မုံရွာ ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် တိုင်းကျန်းမာရေးဦးစီးဌာန၊ ခုတင် (၅၀၀) အထွေထွေရောဂါကု ဆေးရုံကြီး မုံရွာမြို့၊ German Interplast အသင်း၊ မြန်မာစားဖိုမှူးများအသင်း၊ မုံရွာမြို့ ပရဟိတအဖွဲ့များ ပူးပေါင်း၍ နှုတ်ခမ်းကွဲ ၊ အာခေါင်ကွဲ ၊ ခြေပူး၊ လက်ပူး၊ မီးလောင်ဒဏ်ရာ၊ အဖုအကျိတ်ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသမှုအစီအစဉ် အောင်မြင်ခြင်း အထိမ်းအမှတ်နှင့် ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့ ည ၇ နာရီတွင် မုံရွာမြို့ရှိ မုံရွာဟိုတယ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်ဂုဏ်ပြုသည်။




ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာဝင်းလွင်၊ ဂျာမန် Interplast အဖွဲ့မှ ခေါင်းဆောင်ဆရာဝန်ကြီး Mr.Hi၊ ဤအစီအစဉ်အား တာဝန်ခံဆောင်ရွက်သူ ဦးကျော်တင်နှင့် မြန်မာစားဖိုမှူးများအသင်းမှ Mr.Oliver တို့က နှုတ်ဆက်စကား ပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးဦး၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်ကြည်၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါ်နန်းမွှေးမွှေးခင်၊ ဥပဒေချုပ် ဦးခင်မောင်လှနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ချင်းတွင်းအားမာန်လူမှုကူညီရေးအသင်းများ ဥက္ကဋ္ဌ ဦးငွေးဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွေးကြူဇင်၊ ဓာတ်ပုံ – ထွန်းကိုကို

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဒို့ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုနေ့ ဒို့မမေ့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉-၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၀၀၀ | ၁,၅၁၂ | ၁၆,၈၅၂,၀၀၀ |
| MTSH | ၃,၉၅၀ | ၃,၉၅၀ | ၄,၃၉၀ | ၁၇,၃၃၃,၄၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၃,၅၀၀ | ၂၃,၀၀၀ | ၇၄၇ | ၁၇,၅၁၁,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၆၁၉ | ၁,၇၆၄,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂၉

ရန်ကုန်(ရွှေဈေး) ၁၂၂၁၅၀၀ မန္တလေး(ရွှေဈေး) ၁၂၂၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၆၀/၉၁၀ ကျပ် | ၉၀၅/၉၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၈၀/၉၂၅ ကျပ် | ၉၆၅/၉၇၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၈၁၅ ကျပ် | ၈၄၀/၈၅၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၀/၉၂၅ ကျပ် | ၉၂၀/၉၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၉၀/၈၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၀/၈၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၀၅/၇၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၆၇.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၄.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၅၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၃၅၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၉.၅၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၆၀၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၄၅.၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၄၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၁.၆၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၇၉.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ ရှေ့ဖုံးမှ

နောက်ဆုံးစွန့်ပစ်အမှိုက်များအား ထိရောက်သော ပြုပြင်သန့်စင်သည့်စနစ် အဆင့်မြင့်တင်ဆောင်ရွက်နိုင်ခြင်း၊ မြို့တော်နေပြည်သူများအတွက် သန့်ရှင်းသာယာသော ပတ်ဝန်းကျင်တစ်ခု ဖြစ်စေနိုင်ခြင်းအပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ လေထု၊ ရေထုနှင့် မြေထု ညစ်ညမ်းမှုများကို ထိန်းချုပ်ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရန်ကုန်မြို့တော်အတွက်သာမက မြန်မာနိုင်ငံအတွက် အနာဂတ်ကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများတိုးမြှင့်စေပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

## ရန်ကုန်မြို့၏ အမှိုက်ထွက်ရှိမှုနှုန်းမှာ ၁၀ စုနှစ်အတွင်း နှစ်ဆခန့်တိုးလာ

**အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်**က ယခုစီမံကိန်းသည် ပိုလန်နိုင်ငံတွင် ဆောင်ရွက်နေသည့်စနစ်ဖြစ်ပြီး ပြုပြင်သန့်စင်ခြင်း၊ ချေဖျက် ဖျက်ဆီးခြင်းတို့ဖြင့် ဆောင်ရွက်နိုင်မည့်စီမံကိန်းဖြစ်ပါကြောင်း၊ ယခုစီမံကိန်းကို သေချာပီပြင်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာကြီးပူနွေးလာမှုနှင့် လေထုညစ်ညမ်းမှုတို့ကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့၏ အမှိုက်ထွက်ရှိမှုနှုန်းမှာ ၁၀ စုနှစ်အတွင်း နှစ်ဆခန့် တိုးလာသည့်အတွက် လက်ရှိအနေအထားအတိုင်း အမှိုက်များ ဆက်လက်စုပုံသွားမည်ဆိုပါက နောင်လာမည့် ငါးနှစ်၊ ခြောက်နှစ်အတွင်း အမှိုက်ပုံစရာနေရာမရှိသည်အထိ ဖြစ်လာနိုင်ပါကြောင်း။

ထို့ကြောင့် ယခုစီမံကိန်းကို ဆောင်ရွက်ခြင်းအားဖြင့် နောက်ဆုံး စွန့်ပစ်အမှိုက်ပုံများကို ထိရောက်သော ပြုပြင်သန့်စင်သည့်စနစ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ မြို့တော်နေပြည်သူများအတွက် သန့်ရှင်းသာယာသော ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်စေခြင်း၊ အနာဂတ်ကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးမြှင့်နိုင်စေပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခြင်း၊ စီမံကိန်းမှ ထွက်ရှိသည့် ထုတ်ကုန်များအား အခြားကဏ္ဍများ၌ ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် သင့်လျော်သည့်စီမံကိန်း ဖြစ်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးသည်။

## ရန်ကုန်မြို့တွင် တစ်ရက်လျှင် အမှိုက်တန်ချိန် ၂၅၀၀ ထွက်ရှိ

**လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး**က ရန်ကုန်မြို့တွင် တစ်ရက်လျှင် အမှိုက်တန်ချိန် ၂၅၀၀ ထွက်ရှိပါကြောင်း၊ အမှိုက်ကြောင့် အနံ့ဆိုးထွက်ပေါ်ခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ သောက်သုံးရေများ အဆိပ်အတောက်ဖြစ်ခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ မီးလောင်ခြင်း၊ လေထုညစ်ညမ်းခြင်း စသည်ဖြင့် မြေထု၊ ရေထု၊ လေထုနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများ ဖြစ်ပွားနိုင်ပါကြောင်း၊ မဖြစ်မနေဖြေရှင်းရမည့် ပြဿနာရပ်မှာ လာမည့်(၄)နှစ်တွင် အမှိုက်ပစ်စရာနေရာ မရှိတော့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုစီမံကိန်းသည် မဖြစ်မနေ ဆောင်ရွက်ရမည့် စီမံကိန်းဖြစ်ပါကြောင်း၊ ယခုစီမံကိန်းကို မူလလျာထားချက်အတိုင်း အတိအကျအကောင်အထည်ဖော်နိုင်စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းပေးစေလိုပါကြောင်း၊ ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြည်သူကို ဝန်ဆောင်မှုကောင်းမွန်စွာ ပေးနိုင်စေရန် ပြုပြင်ပြောင်းလဲမှုများကို မြန်ဆန်ရဲဝံ့စွာ ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဒုတိယတွဲ(၁/၂၀၂၀)** ကို ဖတ်ကြားတင်ပြပြီး ယင်းအစီရင်ခံစာကို ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာ ဒုတိယတွဲ(၁/၂၀၂၀) အပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ပထမတွဲ(၁၆/၂၀၁၉)** အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်**က အစီရင်ခံစာတွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်တန်းများအတွက် သမ္မတပညာသင်ဆု အသုံးစရိတ်ဆိုင်ရာ အကြောင်းအရာများ ဖော်ပြထားပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း သမ္မတပညာသင်ဆုအဖြစ် ဘတ်ဂျက်လျာထားပြီးဖြစ်သော်လည်း တစ်ဦးတစ်ယောက်မျှ ရွေးချယ်စေလွှတ်ခံရခြင်းမရှိခြင်းကို များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ သို့သော် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပညာသင်ဆု ရွေးချယ်ချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များ၊ ရွေးချယ်မှုများကို ဌာန၏ website နှင့် အစိုးရပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာ၍ ပွင့်လင်းမြင်သာစွာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပြီးစီးကြောင်းကို အစီရင်ခံစာတွင် ပါရှိသည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း**က စာရင်းစစ်ချုပ်၏ အစီရင်ခံစာ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ အကြံပြုချက်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသည် မိမိတို့ဌာနအနေဖြင့် လိုက်ပါဆောင်ရွက်ရမည့် အချက်များကို သိရှိပြီးဖြစ်ပါကြောင်း၊ ထိုအချက်များသည် နောင်နှစ်၏ အစီရင်ခံစာတွင် ပြန်လည်ပါမလာစေရေးအတွက် မိမိတာဝန် မိမိကျေပွန်အောင် အားစိုက်စီမံဆောင်ရွက်ရမည်မှာ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်သိစွာဖြင့် ဝိုင်းဝန်းကြပ်မတ် ကြိုးစားပေးကြစေလိုပါကြောင်း တိုက်တွန်းဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာပထမတွဲ (၁၆/၂၀၁၉)အပေါ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး(ဘောဂဗေဒ)၊ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ဇန်နဝါရီ ၃၁ ရက်တွင်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်



အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်



လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်း



ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Maanat Wongwat အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်အား တုံ့ပြန်ကာကွယ်ခြင်း HADR (Humanitarian Assistance and Disaster Response)လုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေ၊ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေး၊ သင်တန်းသားများ စေလွှတ်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၉**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms. Tone Tinnes နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် စံပြရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ အခြေခံမဲဆန္ဒရှင်စာရင်းများ စိစစ်ပြင်ဆင်နေမှုနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးခွင့်ရရှိစေရေး စီစဉ်ဆောင်ရွက်နေမှု၊ အမျိုးသမီးများ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာနိုင်စေရေး ဆောင်ရွက်နေမှု၊ လူမှုကွန်ရက်ပေါ်တွင် အမုန်းစကားများ၊ သတင်းအမှားများဖြန့်ဝေခြင်းတို့ကို ကာကွယ်တားဆီးရေးနှင့် သတင်းအမှန်ထုတ်ပြန်သည့်အစီအစဉ်များ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများ ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပထမအကြိမ်မဲပေးမည့် လူငယ်များအတွက် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအတွက် ဆောင်ရွက်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**
အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက Royal Naypyitaw ဟိုတယ်၌ ကျင်းပသည်။

**အထောက်အကူပြုနိုင်**

အခမ်းအနားသို့ လုပ်ငန်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များတွင် "အမျိုးသား မြေအသုံးချမှုမူဝါဒနှင့်အညီ အမျိုးသားမြေဥပဒေရေးဆွဲရန် ဆောင်ရွက်ခြင်း"ပါဝင်ပါကြောင်း၊ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ရက်တို့တွင် လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခဲ့ပါကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးချက်များအရ လုပ်ငန်းစီမံချက်ရေးဆွဲရေးအတွက် ခေါင်းစဉ် ၂၅ ခုအပေါ် ခေါင်းစဉ်တစ်ခုချင်းအလိုက် တာဝန်ရှိမှုများ၊ ဆောင်ရွက်ရန်များကို ဆွေးနွေးခဲ့ပါကြောင်း၊ ယခုကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသည် ယခင်အလုပ်ရုံဆွေးနွေးပွဲက မပြီးပြတ်ခဲ့သော လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အမျိုးသားမြေအသုံးချမှုမူဝါဒအရ အမျိုးသား မြေဥပဒေရေးဆွဲရာ၌ အများပြည်သူ ပူးပေါင်းပါဝင်ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အမျိုးသားမြေဥပဒေရေးဆွဲရာတွင် အကျိုးသက်ဆိုင်သူများအပါအဝင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ရန်လိုအပ်ကြောင်း၊ ယခု Work plan ရေးဆွဲရာတွင်လည်း မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဤအလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးမှုရလဒ်များသည် အမျိုးသားမြေဥပဒေရေးဆွဲနိုင်ရေးအတွက် များစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ လုပ်ငန်းကော်မတီဝင်များနှင့် အထောက်အကူပြုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ နည်းပညာအကြံပေးအဖွဲ့ဝင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အဆိုပါဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာသော်ရက်(ဘ်) ကူမားနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သတင်းမီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံတွင် အိန္ဒိယရုပ်ရှင်ပြပွဲ ကျင်းပရန်နှင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မီဒီယာဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံမီဒီယာအဖွဲ့ဝင်များ အပြန်အလှန် တွေ့ဆုံဆွေးနွေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ဒုတိယနေ့ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**
၂၀၂၀ ပြည့်နှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဒုတိယနေ့ အစီအစဉ်အား ယနေ့နံနက် ၉ ခွဲနာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ-၂ (MICC-2)၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်သည်။

**စာတမ်းဖတ်ကြား**

ရှေးဦးစွာ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်းက အခြေခံပညာကဏ္ဍ လွှမ်းခြုံမှုရှိသော လုပ်ငန်းများအပေါ် ပြန်လည်ဆန်းစစ်လေ့လာမှုစာတမ်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းက အရည်အသွေးအာမခံမှု စံသတ်မှတ်ချက်များဖြင့် အခြေခံပညာကျောင်း အရည်အသွေးမြှင့်တင်ခြင်းစာတမ်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ကြီးကြပ်အကဲဖြတ်) ဒေါ်သင်းနုနုစိန်က ၂၁ ရာစု၏ ပြောင်းလဲလာသော အခြေခံပညာကဏ္ဍနှင့် ကြီးကြပ်အကဲဖြတ်ခြင်းအစီအစဉ်များစာတမ်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း၊ စာရင်းအင်း) ဦးခင်အောင်ရီက အရေးပေါ်အခြေအနေများတွင် ဆက်လက်ပညာသင်ကြားနိုင်ရေး စာတမ်းတို့ကို ဖတ်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတကာဆုရ ကျောင်းသား ကျောင်းသူများနှင့် မြန်မာနိုင်ငံ ကိုယ်စားပြုအုပ်ချုပ်သူ ဆရာ ဆရာမများအား ဆုချီးမြှင့်သည်။

ယင်းနောက် ဆွေးနွေးပွဲစာတမ်းများကို အဖွဲ့ငယ်လေးဖွဲ့ခွဲ၍ အုပ်စုအလိုက် ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ အဖွဲ့ငယ်အသီးသီးက အဖွဲ့လိုက်ဆွေးနွေးချက်များကို ပြန်လည်တင်ပြကြပြီး ဆွေးနွေးညှိနှိုင်းမှုများကိုစုစည်း၍ မှတ်တမ်းတင်သည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ၂၀၂၀ ပြည့်နှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)တွင် အဖွဲ့အသီးသီး၏ စိတ်ပါဝင်စားစွာ တက်တက်ကြွကြွ ဆွေးနွေးညှိနှိုင်းမှုများအား ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ယခု နှီးနှောဖလှယ်ပွဲတွင် စာတမ်းကိုးစောင် ဖတ်ကြားတင်သွင်းခဲ့ပါကြောင်း၊ မိဘပြည်သူများအား တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်သည့် ပညာရေးဝန်ဆောင်မှုများပေးနိုင်အောင် ပညာရေးမိသားစုများ ဝိုင်းဝန်းလက်တွဲ၍ ညီညီညွတ်ညွတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



**သတင်းစဉ်**

# ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**
၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကား ပြောကြား**

အစည်းအဝေးတွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါစည်းကမ်း ဖောက်ဖျက်ပါက အရေးယူနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အရည်အသွေးစစ်ဆေးရေး အဖွဲ့ခေါင်းဆောင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က အရည်အသွေးစစ်ဆေးတွေ့ရှိချက်များနှင့် သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ခင်ကြီး၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဟန်၊ အထက်မြန်မာပြည် ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးနှင့် လုပ်ငန်းရှင်များက ကျောင်းသုံးစာအုပ်များ အရည်အသွေးပြည့်မီစွာ အချိန်မီရောက်ရှိရေး၊ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် စာချုပ်ပါကတိကဝတ်များ လိုက်နာရေးဆိုင်ရာကိစ္စရပ်များနှင့် တင်ဒါအောင်မြင်သည့် ဒုတိယနှင့် တတိယလုပ်ငန်းရှင်များအား တင်ဒါစည်းမျဉ်း စည်းကမ်းများအတိုင်း လုပ်ငန်းဆက်လက်အပ်နှံခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် စာချုပ်ပါကတိကဝတ်ဆိုင်ရာများ၊ ကျောင်းသုံးစာအုပ်များ အချိန်မီရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**





# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောမြို့သို့ သွားရောက်သတင်းရယူ

**မောင်တော ဇန်နဝါရီ ၂၉**
ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ ပါဝင်သော သတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိကြပြီး အငှားမော်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် မောင်တောမြို့သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ခရိုင်အုပ်ချုပ်ရေးမှူးက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ သတင်းမီဒီယာအဖွဲ့တွင် Frontier Myanmar, Black Night Media၊ Al Jazeera English၊ BBC၊ RFA၊ MRTV နှင့် MITV တို့မှ သတင်းသမားများ ပါရှိကြသည်။

သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ် မောင်တောဒေသသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ သွားရောက်သတင်းရယူမှုအနေဖြင့် ၃၅ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်(သတင်းစဉ်)**

# မိမိတို့၏ ဆက်သွယ်မှုအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်စေရန် လေ့ကျင့်ပျိုးထောင်ခြင်း

ကောင်းမွန်

မိမိတို့ဘဝ၌ဖြစ်စေ၊ စီးပွားရေးလုပ်ငန်း၌ဖြစ်စေ ကြီးမားသော အောင်မြင်မှုရရှိလိုသူတိုင်းအတွက် အရေးပါသည့် အရည်အချင်းတစ်ရပ်မှာ ဆက်သွယ်မှုအရည်အသွေး ပြည့်ဝနေခြင်း၊ ဆက်ဆံရေးအရည်အသွေး ကောင်းမွန်နေခြင်းပင် ဖြစ်သည်။

ယနေ့ကာလသည် ခလုတ်တစ်ချက်နှိပ်ရုံမျှပင် သတင်းအချက်အလက်များကို အလွယ်တကူ လေ့လာသိရှိနိုင်သည့်၊ နည်းပညာများကို အလွယ်တကူလေ့လာနိုင်သည့် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ခေတ်ကာလပင် ဖြစ်သည်။ ကမ္ဘာ့တစ်ဖက်ခြမ်းရှိ ပုဂ္ဂိုလ်များသည် အခြားကမ္ဘာ့တစ်ဖက်ခြမ်း၌ ရောက်ရှိနေသူများနှင့် ဆက်သွယ်ရေးမှာ လအတန်ကြာ သို့မဟုတ် ရက်ပေါင်းအတန်ကြာရန်ပင် မလိုတော့ဘဲ ကွန်ပျူတာများ၊ တယ်လီဖုန်း၊ တယ်လီဖက်စ်များဖြင့် စက္ကန့်အနည်းငယ်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်သည်။ လိုအပ်သည့် သတင်းအချက်အလက်များကို ပိုမိုလျင်မြန်စွာ၊ ပိုမိုထိရောက်စွာ ပေးပို့ခြင်း၊ လက်ခံရရှိခြင်းဖြင့် မိမိတို့၏ အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်စေနိုင်သော ဆန်းပြားသည့်နည်းပညာကို ရရှိနေပြီဖြစ်သည်။

မနေ့တစ်နေ့ကပင် နယူးဇီလန်နိုင်ငံနှင့် အခြားကမ္ဘာ့တစ်ဖက်ခြမ်းရှိ စပိန်နိုင်ငံတောင်ပိုင်း၌ လူပုဂ္ဂိုလ်နှစ်ဦး အချိန်ကိုက်ဆက်သွယ်ကြပြီး တစ်ချိန်တည်းတွင် ကမ္ဘာမြေဆင်းဒွပ်စ် (Earth sandwich) လုပ်စားကြသည့် သတင်းအစီအစဉ်တစ်ခုကို ကြည့်လိုက်ရသေးသည်။

သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အလွန်အမင်းတိုးတက်နေသည့် ခေတ်ကာလတွင် မိမိတို့၏ ဆက်သွယ်မှုအရည်အသွေးနှင့်ပတ်သက်၍ ပြန်လည်ဆန်းစစ်ကြည့်ကြပါစို့။ လူတို့ ပြောကြားသည့် နှုတ်စကားတို့တွင် စွမ်းပကားရှိသည်။ သို့စေကာမူ လူအများအပြားတို့သည် ၎င်းတို့ထံ လာရောက်အလုပ်အပ်နှံသူများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ ယုတ်စွအဆုံး မိမိတို့၏ မိသားစုဝင်များနှင့်ပင် စကားပြောဆိုရာတွင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်းမရှိကြကြောင်း တွေ့ရှိရတတ်သည်။

သင်စကားပြောသည့်အခါ အခြားသောသူများက စိတ်ဝင်တစား နားထောင်ကြပါသလား။ အလားတူ အခြားသူများစကားပြောသည့်အခါ သင့်အနေဖြင့် အသေအချာ နားထောင်ပါသလား။ မိမိတို့သည် မိမိတို့ပတ်ဝန်းကျင်၌ စိတ်ဝင်စားဖွယ်ကောင်းသူများ၊ မိမိတို့အပေါ် စိတ်ဝင်စားသူများအပေါ်သာ အလေးဂရုပြုလေ့ ရှိတတ်ပါသည်။

အရည်အသွေးပြည့်ဝသော ဆက်ဆံရေးကောင်းမွန်သူတစ်ဦးဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသူတစ်ဦးဖြစ်ရုံမျှမက အခြားသူများ ပြောကြားသည့်အရာများအပေါ် စိတ်ဝင်စားတတ်သည့် အရည်အသွေးရှိသူတစ်ဦးလည်း ဖြစ်သည်။

လှုပ်ရှားတက်ကြွသော ဆက်ဆံရေး၌ အခြားသူတစ်ဦးက စကားပြောနေချိန်တွင် အသိအမှတ်ပြုသည့် အနေဖြင့် ခေါင်းညိတ်ခြင်း သို့မဟုတ် စကားမပြတ်စေရန် "ဆက်ပြောပါ" သို့မဟုတ် အခြားသင့်လျော်သောနည်းဖြင့် စကားထောက်ပေးခြင်း စသည်တို့ ပါဝင်သည်။ ဥပမာအားဖြင့် လူနှစ်ဦး မျက်နှာချင်းဆိုင်ပြောဆိုနေချိန်တွင် မျက်လုံးချင်း အဆက်အသွယ်ပြုခြင်း၊ တစ်ဖက်မှ ပြောကြားသည့်အရာနှင့်ပတ်သက်၍ အလျဉ်းသင့်တိုင်း မှတ်သားခြင်း၊ တစ်ဖက်သူပြောကြားချက်ကို ပြန်လည်ရွတ်ဆိုခြင်းဖြင့် အခြားသူပြောကြားနေသည့် အကြောင်းအရာအပေါ် အလေးထားပြီး ၎င်း၏ ပြောကြားချက်များ၊ စကားလုံးများအပေါ် အလေးဂရုပြုကြောင်းကို အသိပေးဖော်ပြရာ ရောက်ပါသည်။

သင့်အနေဖြင့် စစ်မှန်စွာ နားထောင်တတ်ပါက သင့်အနေဖြင့် တစ်ဖက်ကပြောကြားနေသူအပေါ် လေးစားမှုကို ပြသရာလည်းရောက်ပါသည်။ များသောအားဖြင့် လူတို့သည် မိမိတို့အပေါ် အလေးထားသူတစ်ဦးမဟုတ်တစ်ဦးကို မိမိတို့အနီး၌ ရှိစေလိုတတ်သည်။ သင့်အနေဖြင့် အခြားသူတစ်ဦးပြောကြားသည့် အကြောင်းအရာအပေါ် အလေးထားနားထောင်တတ်သူဖြစ်ပါက သင်၏ဝန်းကျင်၌ မိတ်ဆွေအပေါင်းအသင်းများ၊ အလုပ်အပ်နှံလိုသူများနှင့် ပြည့်နှက်နေမည် ဖြစ်သည်။

ပိုမိုအရည်အသွေးပြည့်ဝသော ဆက်သွယ်ရေးကောင်းမွန်သူတစ်ဦးဖြစ်လာရေးမှာ စိတ်ရှည်မှုနှင့် အလေ့အကျင့်တို့ လိုအပ်ပါသည်။ တစ်ဖက်ကပြောကြားနေသူ၏ ခြေလက်အင်္ဂါလှုပ်ရှားမှုများကို အသေးစိတ်လေ့လာကြည့်ရှုခြင်းဖြင့် သဲလွန်စများ ရယူနိုင်သည်။ ဥပမာအားဖြင့် သင်စကားပြောနေစဉ် တစ်ဖက်လူသည် ရှေ့တိုးနောက်ငင် လှုပ်ရှားနေပါသလား သို့မဟုတ် စကားပြောရင်း သင်နှင့်ဝေးရာသို့ တဖြည်းဖြည်းချင်း ရွှေ့နေပါသလား။ ယင်းအချက်နှစ်ခုလုံးက သင်ပြောကြားနေသည့် အကြောင်းအရာအပေါ် တစ်ဖက်သားအနေဖြင့် စိတ်ဝင်စားမှုမရှိကြောင်း သို့မဟုတ် စိတ်မသက်မသာဖြစ်နေကြောင်း ပြသရာရောက်သည်။

သင့်အနေဖြင့် ပင်ကိုအသိစိတ်ကို အရင်းခံ၍ အခြားသူများနှင့် ဆက်သွယ်ကြည့်သည့်အခါ တစ်ပါးသူတို့၏ခံစားချက်ကို အလွယ်တကူ သိရှိနိုင်မည်ဖြစ်သည်။ သင်၏ ဆက်သွယ်မှုအရည်အသွေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် လေ့ကျင့်ခြင်းဖြင့် ပိုမိုလိုလားနှစ်သက်ဖွယ်ကောင်းသည့် နေထိုင်မှုဘဝတစ်ခုကို ရရှိလိမ့်မည်ဖြစ်သည်။

**ပုံမှန်ရိုးစင်းသည့် အပြန်အလှန်ဆက်ဆံရေးမှအစပြု၍ ပိုမိုမြင့်မားသော ဆက်သွယ်ရေးအရည်အသွေးများကို လေ့ကျင့်ပျိုးထောင်သင့်သည်။ သာမန်လူမှုဆက်ဆံရေးမှအစ အသက်မွေးဝမ်းကျောင်းမှုအဆင့်အထိ ဆက်သွယ်ရေးအရည်အသွေးများကို နေ့စဉ်လေ့ကျင့်ပေးသင့်သည်။ အရည်အချင်းအသစ်ကို ထိရောက်စွာ အသုံးချရေးမှာ အချိန်ကြာမြင့်တတ်သော်လည်း သင်၏ဆက်သွယ်ရေး အရည်အသွေးများကို အသုံးချသည့်အချိန်တိုင်းတွင် အခွင့်အလမ်းများ၊ အနာဂတ်လက်တွဲဆောင်ရွက်မှုများအတွက် လမ်းဖွင့်ပေးရာရောက် . . .**

သင့်အနေဖြင့် အရည်အသွေးပြည့်ဝသော ဆက်သွယ်ရေးကောင်းမွန်သူတစ်ဦးဖြစ်ပါက သင်၏လူမှုရေးပြက္ခဒိန်၌ လှုပ်ရှားမှုများဖြင့် ပြည့်နှက်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ လူတို့က ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ၊ လူမှုရေးဆောင်ရွက်ချက်အစီအစဉ်တို့တွင် သင့်အနေဖြင့် ပါဝင်တက်ရောက်ရန် လိုလိုလားလား ဖိတ်ကြားကြလိမ့်မည်။ အကြောင်းရင်းမှာ သင့်အနေဖြင့် တစ်ဖက်သူတို့အားထူးခြားကြောင်း၊ အရေးကြီးကြောင်း ခံစားမိစေခြင်းကြောင့်ဖြစ်သည်။ လူတို့သည် သင်၏စွမ်းပကားကိုနှစ်သက်၍ ၎င်းတို့သိရှိသည့် လူပုဂ္ဂိုလ်များအကြား သင့်အနေဖြင့် စိတ်ဝင်စားဖွယ် အကောင်းဆုံးသူများအနက် တစ်ဦးအပါအဝင်အဖြစ် မှတ်ယူကြလိမ့်မည်ဖြစ်သည်။

သင်၏ လုပ်ဖော်ကိုင်ဖက်များ၊ သင့်ထံလာရောက်၍ အလုပ်အပ်နှံသူများအနေဖြင့် သင်၏ စစ်မှန်ရိုးသားမှုကို တွေ့ရှိပြီး ၎င်းတို့၏ပြောကြားချက်များအပေါ် သင့်အနေဖြင့် အမှန်တကယ် စိတ်ပါဝင်စားစွာ နားထောင်တတ်ကြောင်း သိရှိကြသည့်အလျောက် သင်၏စီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်စေရန်လည်း အထောက်အကူပြုစေမည်ဖြစ်သည်။

အောက်ဖော်ပြပါ အလေ့အထများမှာ မိမိတို့၏ ဆက်သွယ်ရေးအရည်အသွေး ပိုမိုတိုးတက် ကောင်းမွန်စေရန် နေရာမရွေး၊ အချိန်မရွေး လေ့ကျင့်နိုင်သည့် လမ်းညွှန်မှုများပင် ဖြစ်သည်-

**(က) စစ်မှန်သည့် ဆက်သွယ်ရေးကို သဘောပေါက်နားလည်ခြင်း**

ဆက်သွယ်ရေးဆိုသည်မှာ ပေးပို့သူနှင့် လက်ခံသူတို့ နှစ်ယောက်အကြား သတင်းအချက်အလက်၊ သင်္ကေတများကို နည်းလမ်းအမျိုးမျိုးအသုံးပြု၍ လွှဲပြောင်းပေးပို့သည့် လုပ်ငန်းစဉ်ပင် ဖြစ်သည်။ အဆိုပါနည်းလမ်းများ၌ နှုတ်မှ ထုတ်ဖော်ပြောကြားသော စကားလုံးများသာမက နှုတ်မှ ထုတ်ဖော်ပြောကြားခြင်းမပြုသည့် သဲလွန်စများလည်း ပါဝင်ကြသည်။ ဖော်ပြပါလုပ်ငန်းစဉ်မှာ ဆက်ဆံရေးကို တည်ဆောက်သော၊ ပြုပြင်သော ယန္တရားလည်း ဖြစ်သည်။

**(ခ) အပြုသဘောဆောင်သော သဘောထားနှင့် ယုံကြည်ချက်တို့ကို ထားရှိခြင်း**

ဆက်ဆံရေးလုပ်ငန်းစဉ်အပေါ်ထားရှိသည့် သင်၏ သဘောထားမှာ ဖော်ပြလိုသော သင်၏သွင်ပြင်အနေအထားနှင့် အခြားသူများနှင့် အပြန်အလှန်ဆက်ဆံရေးတို့အပေါ် ကြီးမားသောအကျိုးသက်ရောက်မှု ဖြစ်စေသည်။ သို့ဖြစ်၍ ရိုးသားခြင်း၊ စိတ်ရှည်ခြင်း၊ အပြုသဘော ဆောင်ခြင်း၊ စစ်မှန်ခြင်း၊ လေးစားရန်ကောင်းခြင်း၊ တစ်ပါးသူများအား လက်ခံခြင်း စသည့်အချက်များကို လေ့ကျင့်ပျိုးထောင်ပါ။ တစ်ပါးသူများ၏ ခံစားချက်ကို နားလည်ပြီး ယင်းတို့၏ လုပ်ဆောင်နိုင်မှုအပေါ် ယုံကြည်ပါ။

**(ဂ) မျက်လုံးချင်း အဆက်အသွယ်ရှိခြင်း**

သင့်အနေဖြင့် ပြောကြားသူဖြစ်စေ၊ နားထောင်သူဖြစ်စေ၊ စကားပြောကြားသည့်အခါ တစ်ဖက်သား၏ မျက်လုံးကိုကြည့်နေခြင်းက အပြန်အလှန်ဆက်သွယ်မှုကို ပိုမိုထိရောက်မှု ရှိစေတတ်ပါသည်။ မျက်လုံးချင်း အဆက်အသွယ်ပြုခြင်းက စိတ်ဝင်စားမှု ပိုမိုရှိစေပြီး အပြန်အလှန်အားဖြင့် တစ်ဖက်ပြောဆိုနေသူကလည်း သင့်အပေါ် အာရုံစူးစိုက်မှု ရှိစေတတ်ပါသည်။ လူအများအပြားနှင့် ဆက်ဆံပြောကြားရသည့် အနေအထားမျိုးတွင် သင့်အနေဖြင့် ပရိသတ်အကြားလှည့်လည်၍ မျက်လုံးချင်း အဆက်အသွယ်ပြုခြင်းက နားထောင်နေသူများအကြား သင်ပြောကြားနေသည့်အကြောင်းအရာအပေါ် အာရုံစူးစိုက်မှုကို ဖြစ်စေတတ်ပါသည်။

**(ဃ) မိမိ၏ ကိုယ်လက်အင်္ဂါလှုပ်ရှားမှုများနှင့်ပတ်သက်၍ ဂရုပြုခြင်း**

မိမိတို့၏ ကိုယ်လက်အင်္ဂါလှုပ်ရှားမှုများက ရံဖန်ရံခါ နှုတ်မှ ပြောကြားချက်များထက် ပိုမိုထိရောက်မှုရှိစေတတ်ပါသည်။ လက်နှစ်ဖက်ကို ဘေး၌ သက်သောင့်သက်သာ အနေအထားဖြင့် ပွင့်လင်းသော ကိုယ်ဟန်အနေအထားက သင့်အား အနီးရှိသူများအနေဖြင့် ချဉ်းကပ်နိုင်ပြီး သင့်အနေဖြင့်လည်း ၎င်းတို့ပြောကြားမည့် အကြောင်းအရာများအပေါ် နားထောင်ရန်အသင့်ရှိကြောင်း ထုတ်ဖော်ပြသရာရောက်ပါသည်။ လက်ကိုပိုက်ထားပြီး ပခုံးကို ကျုံ့ထားခြင်းက တစ်ဖက်သားနှင့် ဆက်သွယ်ရန် လိုလိုလားလား မရှိကြောင်းနှင့် စကားစမြည်ပြောကြားရန် စိတ်ဝင်စားမှု မရှိကြောင်း ပြသရာရောက်ပါသည်။ သင့်လျော်သည့် ကိုယ်ဟန်အနေအထားနှင့် ချဉ်းကပ်နိုင်သည့် အနေအထားတို့က ခက်ခဲသည့် စကားစမြည်ပြောကြားမှုကိုပင် ပိုမိုလွယ်ကူစွာ ဆောင်ရွက်စေနိုင်ပါသည်။

**(င) မိမိတွေးတောသည့်အတိုင်း ပြောကြားရန် သတ္တိရှိခြင်း**

ပြောဆိုနေသည့် အကြောင်းအရာနှင့်ပတ်သက်၍ သင့်အနေဖြင့်လည်း အဓိပ္ပာယ်ပြည့်ဝသော၊ တန်ဖိုးရှိသော ပံ့ပိုးမှုပေးနိုင်ကြောင်း ယုံကြည်မှုရှိပါစေ။ သင်၏ အယူအဆများ၊ ခံစားချက်များကို ပြောကြားသည့်အခါ မိမိ၏ဆိုလိုရင်းကို ထိရောက်စွာပြောကြားနိုင်ရန်အတွက် အဆိုပါအယူအဆများ၊ ခံစားချက်များကို ကောင်းစွာ သဘောပေါက်စေရန် နေ့စဉ် အချိန်အနည်းငယ်မျှ လေ့ကျင့်သင့်သည်။

**(စ) မိမိပြောကြားချက်ကို ကြားသိစေရန် ရှင်းလင်းစွာ ပြောကြားခြင်း**

သင့်အနေဖြင့် တွေးတောသည့်အတိုင်း ပြောကြားသည့်အခါ တစ်ဖက်ကလည်း သိရှိစေရေးအတွက် ရှင်းလင်းစွာပြောကြားရန် ယုံကြည်မှုရှိပါစေ။ သင့်လျော်သည့် လေယူလေသိမ်း၊ လေသံအနိမ့်အမြင့် စသည်တို့က သင့်အနေဖြင့် အမှန်တကယ် ယုံကြည်သည့်အတိုင်း ပြောကြားနေကြောင်း၊ သင်ပြောကြားနေသည့်အရာနှင့် ပတ်သက်၍ အမှန်တကယ် စဉ်းစားတွေးတောထားကြောင်း၊ သင်ပြောကြားနေသည့်အရာမှာ နားထောင်သင့်သည့်အရာဖြစ်ကြောင်း တစ်ဖက်ကလက်ခံလာလိမ့်မည်ဖြစ်သည်။ မှန်ကန်သည့် လေယူလေသိမ်း အနေအထားဖြင့် ပြောကြားခြင်းဖြင့် နားထောင်နေသူအနေဖြင့် သင်ပြောကြားသည့်အတိုင်း တိကျစွာကြားသိပြီး နားလည်မှုလွဲမှားစေနိုင်သည့် အလားအလာကိုလည်း လျော့ပါးစေမည် ဖြစ်သည်။

**(ဆ) လေ့ကျင့်ခြင်း**

ပုံမှန်ရိုးစင်းသည့် အပြန်အလှန်ဆက်ဆံရေးမှ အစပြု၍ ပိုမိုမြင့်မားသော ဆက်သွယ်ရေး အရည်အသွေးများကို လေ့ကျင့်ပျိုးထောင်သင့်သည်။ သာမန်လူမှုဆက်ဆံရေးမှအစ အသက်မွေးဝမ်းကျောင်းမှုအဆင့်အထိ ဆက်သွယ်ရေးအရည်အသွေးများကို နေ့စဉ်လေ့ကျင့်ပေးသင့်သည်။ အရည်အချင်းအသစ်ကို ထိရောက်စွာ အသုံးချရေးမှာ အချိန်ကြာမြင့်တတ်သော်လည်း သင်၏ ဆက်သွယ်ရေး အရည်အသွေးများကို အသုံးချသည့် အချိန်တိုင်းတွင် အခွင့်အလမ်းများ၊ အနာဂတ်လက်တွဲ ဆောင်ရွက်မှုများအတွက် လမ်းဖွင့်ပေးရာရောက်သည်။


**(ဇ) ထိရောက်စွာ နားထောင်တတ်သည့် အရည်အသွေးကို လေ့ကျင့်ခြင်း**

လူတစ်ယောက်အနေဖြင့် ထိရောက်စွာ ပြောကြားတတ်သော အရည်အချင်းသာမက တစ်ပါးသူများက ပြောဆိုသည့်စကားများကို နားထောင်၍ ၎င်းတို့ပြောကြားသည့် အကြောင်းအရာတွင် ပါဝင်ဆွေးနွေးတတ်သည့် အရည်အသွေးကိုလည်း လေ့ကျင့်ပျိုးထောင်သင့်သည်။ တစ်ဖက်က ပြောကြားနေစဉ် ဝါကျအဆုံးပိုင်းမှသာ နားထောင်လိုသည့် အလေ့အထမှ ရှောင်ကြဉ်သင့်သည်။ သို့မှသာ တစ်ဖက်က ပြောကြားနေစဉ် သင်၏စိတ်၌ ထင်ဟပ်ဖြစ်ပေါ်လာသည့် အယူအဆများ၊ ယခင်အမှတ်တရရှိခဲ့သည့်အရာများကို ထုတ်ဖော်ပြောကြားနိုင်မည် ဖြစ်သည်။ ။

**Ref:**

**"Improve your communication skills". The New Striats Times July 7, 2012. NST1klassfields.**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နော်ဝေသံအမတ်ကြီးနှင့် တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၉**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး Ms. Tone Tinnes နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် အဆိုပါမဟာဗျူဟာအား အကောင်အထည်ဖော်ရန် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာတွင် အဓိကအရေးပါသည့်လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေရှည်ဘဝရပ်တည်မှုအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် မိုင်းအန္တရာယ်ရှိသည့် နေရာများတွင် လူသားချင်းစာနာထောက်ထားမှုကို ရှေးရှုသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များအား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မိုင်းအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲပေးနိုင်မည့် မိုင်းအန္တရာယ်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေး လက်ရှိဆောင်ရွက်နေမှုများနှင့် အပြည်ပြည်ဆိုင်ရာ မိုင်းကင်းစင်ရေးစာချုပ်၏ လက်ရှိဥက္ကဋ္ဌဖြစ်သူ နော်ဝေနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဩစတြေးလျ သံအမတ်ကြီး Ms. Andrea Faulkner အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဩစတြေးလျ သံအမတ်ကြီး Ms. Andrea Faulkner အား ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ ကာလတိုသင်တန်းများနှင့် ကာလရှည်ပညာသင်ဆု အစီအစဉ်များကို စီစဉ်ပို့ချပေးနိုင်ရေးဆိုင်ရာများ၊ ဩစတြေးလျနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများ၊ Digital နည်းပညာဖြင့် ခရီးသွားမြှင့်တင်ရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို လွယ်ကူစွာသိရှိသွားလာဆောင်ရွက်နိုင်ရန်အတွက် QR Code များထားရှိ ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်မှုတိုးတက်မြှင့်တင်ရေးဆိုင်ရာများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများပါဝင်သော ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နှစ်နိုင်ငံအကြား FAM Trips များ စီစဉ်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် သတင်းမီဒီယာများ တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၉**
အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် သတင်းမီဒီယာများ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာအဆောင် အမှတ် ( I-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲ၌ ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကော်မတီ၏ ဇန်နဝါရီ ၅ ရက်မှ ၁၄ ရက်အထိ ကချင်ပြည်နယ်အတွင်းသို့ ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့သည့်အပေါ် ဇန်နဝါရီ ၉ ရက်တွင် လူမှုကွန်ရက် Facebook စာမျက်နှာ၌ Moe Zay Nyein Account နှင့် Thein Zaw Htike Account တို့မှ အမျိုးသားလွှတ်တော်နှင့် လွှတ်တော်က တာဝန်အပ်နှင်းထားသောကော်မတီနှင့် ကော်မတီဝင်များအပေါ် မဟုတ်မမှန်သတင်းများ ဖြန့်ဝေရေးသားခဲ့ကြောင်း၊ အဆိုပါ ဖြန့်ဝေရေးသားချက်များသည် ကော်မတီနှင့် ကော်မတီဝင်များအပေါ် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေပြီး လွှတ်တော်ကော်မတီ၊ ကော်မတီဝင်များ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်ညှိုးနွမ်းစေရကြောင်း၊ မိမိတို့ကော်မတီမှ ယင်းရေးသားဖော်ပြသကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်းနှင့် ဖြစ်စဉ်အမှန်ကို သတင်းမီဒီယာများအား သိရှိစေရန် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။


**စိုးဝင်းထွန်း**

**☆ ကျောဖုံးမှ**
လျှောက်ထားချက်အပေါ် တရားရုံး၏ ဆုံးဖြတ်ချက်သည် အမှု၏ ဆီလျော်ခိုင်မာမှု (Merits)နှင့် ပတ်သက်၍ ကြိုတင်ဆုံးဖြတ်သည့်သဘော လုံးဝသက်ရောက်စေမည် မဟုတ်ကြောင်း အပြည်ပြည်ဆိုင်ရာ တရားရုံးက အတည်ပြု ပြောကြားခဲ့ကြောင်းဖြင့် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား အသိပေးပြောကြားခဲ့သည်။

ထို့ပြင် အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရည်ရွယ်ချက်ရှိရှိဖြင့် လွဲမှားစွာ ရေးသားထုတ်ပြန်ထားခြင်းအတွက် ကန့်ကွက်ခဲ့သည်။ ထိုသို့ မှားယွင်းစွာ ဖော်ပြခြင်းအားဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းက မြန်မာနိုင်ငံအပေါ် နားလည်မှုလွဲမှားစေနိုင်ပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ရေးအတွက်လည်းကောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို ရှေ့ဆက်ဆောင်ရွက်ရေးအတွက် လည်းကောင်း အပြုသဘောဆောင်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံသည် စိစစ်ပြီးဖြစ်သော နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် အဆင်သင့်ရှိကြောင်းနှင့် နေရပ်ပြန်လိုသော ၎င်းတို့၏ဆန္ဒကို အတိအလင်း ပြောကြားထားသည့် ဟိန္ဒူဘာသာဝင်များအပါအဝင် စိစစ်ပြီးဖြစ်သော နေရပ်စွန့်ခွာသွားသူများကို မြန်မာနိုင်ငံသို့ ဆောလျင်စွာ ပြန်လည်ပို့ဆောင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်ဘက်သို့ အကြိမ်ကြိမ် ပြောကြားပြီးဖြစ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားခဲ့သည်။ အမြဲတမ်းအတွင်းဝန်က နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ နောက်တစ်ကြိမ် အစည်းအဝေးကို နှစ်ဖက်အဆင်ပြေမည့် နေ့ရက်တွင် ကျင်းပသွားရန် ၎င်းအနေဖြင့် သဘောတူညီကြောင်းကိုလည်း ထပ်မံအတည်ပြုပြောကြားခဲ့သည်။

**သတင်းစဉ်**



# ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်း ကျင်းပ

## သတင်းအဖွဲ့

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice – ICJ) ၌ တရားစွဲဆို လျှောက်ထားမှုကို ဇန်နဝါရီ ၂၃ ရက်တွင် ကြားဖြတ်စီမံဆောင်ရွက်ချက် (Provisional Measures) အဖြစ် အချက်(၄)ချက် ချမှတ်ခဲ့သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဇန်နဝါရီ ၂၈ ရက် ညပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းကို ထုတ်လွှင့်ခဲ့သည်။

ယင်းစကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးကိုကို(စက်မှုတက္ကသိုလ်)က ဆောင်ရွက်ပြီး ICJ တွင် ကြားဖြတ်စီမံဆောင်ရွက်ချက်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (ပူးတွဲကိုယ်စားလှယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ဝါရှင်တန်ဒီစီအခြေစိုက် Law Firm တွင် ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ ဥပဒေရေးရာအကြံပေးအဖွဲ့ဝင် ဦးကျော်တင် (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြလိုက်ပါသည်–

**ဦးကိုကို ။** ။ ဒီကနေ့ ကျွန်တော်တို့ ပြောဆိုဆွေးနွေးမယ့်အကြောင်းအရာက ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများနဲ့ပတ်သက်ပြီး စကားဝိုင်းဖွဲ့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**ဦးကျော်တင့်ဆွေ ။** ။ ICJ က ချမှတ်လိုက်တဲ့ ကြားဖြတ်စီမံချက်တွေနဲ့ ပတ်သက်လို့ ဒီစီမံချက်တွေ ချတာကို ကျွန်တော်တို့ မလိုလားပါဘူး။




**ဒီပဏာမအဆင့်မှာ ချထားတဲ့ Provisional Measures တွေက မချရင်ကောင်းပါတယ်။ ကျွန်တော်တို့ကလည်း မချစေချင်ပါဘူး။ သို့သော် သူ့ရဲ့ Trend ကို ကြည့်မယ်ဆိုရင် Provisional Measures Genocide Cases မှာကို တောင်းဆိုတဲ့အခါတိုင်း ရာခိုင်နှုန်းပြည့်ချတဲ့ ထုံးတမ်းစဉ်လာရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ Provisional Measures က လိုရမည်ရဆိုတဲ့ အနေအထားမျိုး ဆောင်ရွက်တာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို Provisional Measures ချလိုက်တဲ့အတွက် ရှုံးနိမ့်တယ်လို့ပြောလို့မရပါဘူး။ ချလိုက်တဲ့ Provisional Measures တွေကလည်း ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိခိုက်စေမယ့် Provisional Measures မျိုး မဟုတ်ပါဘူး။**

သို့သော် ICJ က Genocide အမှုနဲ့ပတ်သက်ပြီး ကြားဖြတ်စီမံချက်တွေ တောင်းလေ့ရှိပါတယ်။ အဲဒီလို Genocide Case မှန်သမျှ ကြားဖြတ်စီမံချက်တောင်းတိုင်း ရာခိုင်နှုန်းပြည့် ကြားဖြတ်စီမံချက်တွေ ပေးလေ့ရှိပါတယ်ဆိုတဲ့ အချက်ကို ဆွေးနွေးခဲ့ပါတယ်။

### ထိုင်နေတာကို "ထိုင်"လို့ ပြောတဲ့သဘောမျိုး

ဖြစ်နိုင်သလားဆိုတော့ ကျွန်တော် ပြောဖူးတဲ့စကားကို မှတ်မိသလောက် ပြန်ပြောရမယ်ဆိုရင် ကုလားထိုင်မှာ ထိုင်နေတာကို "ထိုင်"လို့ ပြောတဲ့သဘောမျိုး ကြားဖြတ်စီမံချက်တွေ ချမှတ်နိုင်ပါတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ အခု ကျွန်တော်တို့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးသီဟန်မျိုးညွန့် ဒီနေ့စကားဝိုင်းမှာ မပါပါဘူး။ ဦးသီဟန်မျိုးညွန့်ပါရင် ကျွန်တော်ခန့်မှန်းတဲ့ကိစ္စ ရာခိုင်နှုန်းပြည့်မှန်တယ်လို့၊ သူ့အနေနဲ့ မှန်းတာဘယ်လောက်မှန်တယ်ဆို တကယ်ကို မျက်ဝါးထင်ထင်တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ဆက်စပ်ပြီး နည်းနည်းရှင်းလင်းဆွေးနွေးပေးပါဦး။

**ဦးကျော်တင့်ဆွေ ။** ။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြီးခဲ့တဲ့စကားဝိုင်းမှာ ပြောခဲ့ပါတယ်။ Provisional Measures အချခံရရင်လည်း ကိုယ်ရှုံးပြီလို့ မယူဆပါနဲ့၊ Provisional Measures အချမခံရဘူးဆိုရင်လည်း နိုင်ပြီမယူဆပါနဲ့လို့ ပြောခဲ့တာ ကျွန်တော် မှတ်မိပါတယ်။

Provisional Measures ဆိုတဲ့အပိုင်းက အမှုကို မစသေးပါဘူး။ အဲဒီတော့ ဝေဖန်တဲ့အလုပ်က သူတို့ ဝေဖန်ရမယ့်အလုပ်ဖြစ်ပါတယ်။ ဒါမျိုးဝေဖန်တာက ကျွန်တော်တို့နိုင်ငံသာမက အခြားနိုင်ငံတွေမှာလည်း ဒီလို Talk Show Gurus တွေရှိပါတယ်။ အဲဒီ Talk Show Gurus တွေက သူတို့ထင်တဲ့အရာ ပြောပါတယ်။ အဲဒီလိုပြောတာကလည်း တဲ့အကြောင်း ထုတ်ပြောလိမ့်မယ်လို့ ထင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ချမှတ်လိုက်တဲ့ ကြားဖြတ်စီမံချက် Provisional Measures ရဲ့ အမိက ၁ နဲ့ ၂ ဆိုတဲ့ အချက်ကို ဦးသီဟန်မျိုးညွန့်လည်း ခန့်မှန်းထားပါတယ်။ ဒီအချက်တွေက ဘာလဲဆိုတော့ ကျွန်တော်တို့အနေနဲ့ Genocide Convention ဝင်ကတည်းက အဖွဲ့ဝင်တစ်ဦး လိုက်နာရမယ့်ကိစ္စတွေကို လိုက်နာပါလို့ ချမှတ်လိုက်တဲ့ ကြားဖြတ်စီမံချက်တွေ ဖြစ်ပါတယ်။

**ဦးကိုကို ။** ။ ပြည်ထောင်စုဝန်ကြီးတို့ ICJ မှာ ရှိနေတဲ့အချိန် မြန်မာနိုင်ငံမှာလည်း Live ပြတာကိုကြည့်ပြီး Provisional Measures နဲ့ပတ်သက်လို့ အမျိုးမျိုးပြောနေကြတာရှိပါတယ်။ တချို့က တို့ရှုံးပြီ၊ တချို့က နိုင်တယ်၊ တချို့က မရှုံးဘူး/မနိုင်ဘူး စသည်ဖြင့် အမျိုးမျိုးဝေဖန်ပြောဆိုနေကြတာတွေ ရှိပါတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးတို့ ဟိုမှာ ပြောပိုင်ခွင့်မို့လို့ ဘာမှမပြောလိုပါဘူး။

သို့သော် အဲဒီပြောဆိုချက်တွေက မှန်ကန်မှုရှိဖို့လိုပါတယ်။ အဲဒီပြောဆိုချက်တွေက ပြည်သူကို ထိတ်လန့်တကြားဖြစ်အောင် ပြောတာမျိုးမဟုတ်ဖို့လိုပါတယ်။ ဒီကိစ္စက ကျွန်တော်တို့ ထိတ်လန့်စရာအချက် တစ်ခုမှ မပါပါဘူး။ အခုချမှတ်လိုက်တဲ့ Provisional Measures တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာကို ထိခိုက်စေမယ့်အချက်တွေ လုံးဝမပါပါဘူး။

တောင်းဆိုထားတဲ့ Provisional Measures တွေထဲမှာ ကျွန်တော်တို့အတွက် အခက်အခဲဆုံးဖြစ်စေမယ့် Fact–Finding Mission တွေကို နိုင်ငံအတွင်းမှာ ကြိုက်သလိုလာရောက်ခွင့်ဆိုတဲ့အချက်ကို Provisional Measures ချတဲ့အချိန်မှာ လုံးဝထည့်ပြီး ချထားခြင်း မရှိပါဘူး။ ဒါက Beauty Is in the Eye of the Beholder ဆိုသလို ချောသလား၊ လှသလားဆိုတာကို ကြည့်တဲ့သူက မြင်ပါလိမ့်မယ်။

### ပဏာမအဆင့်

ကျွန်တော်တို့ တကယ့်ကို အမှန်ကို အမှန်တိုင်းပြောရမယ်ဆိုရင် ဒီကိစ္စက ပဏာမအဆင့်ပဲရှိပါသေးတယ်။ ဒီပဏာမအဆင့်မှာ ချထားတဲ့ Provisional Measures တွေက မချရင်ကောင်းပါတယ်။ ကျွန်တော်တို့ကလည်း မချစေချင်ပါဘူး။ သို့သော် သူ့ရဲ့ Trend ကို ကြည့်မယ်ဆိုရင် Provisional Measures Genocide Cases မှာကို တောင်းဆိုတဲ့အခါတိုင်း ရာခိုင်နှုန်းပြည့်ချတဲ့ ထုံးတမ်းစဉ်လာရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ Provisional Measures က လိုရမည်ရဆိုတဲ့ အနေအထားမျိုး ဆောင်ရွက်တာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို Provisional Measures ချလိုက်တဲ့အတွက် ရှုံးနိမ့်တယ်လို့ ပြောလို့မရပါဘူး။ ချလိုက်တဲ့ Provisional Measures တွေကလည်း ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိခိုက်စေမယ့် Provisional Measures မျိုး မဟုတ်ပါဘူး။

အမိက အချက်နှစ်ချက်ဖြစ်တဲ့ Provisional Measures နှစ်ခုလုံးက ကျွန်တော်တို့အနေနဲ့ Convention ဝင်ကတည်းကိုက ဒီအတိုင်းလိုက်နာကျင့်သုံးပါမယ်ဆိုတဲ့ Commitment တွေကို ချမှတ်ခြင်းဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်အလေးထားပြောကြားချင်ပါတယ်။

**ဦးကိုကို။** ။ပြည်ထောင်စုဝန်ကြီးက အတွေ့အကြုံလေးနဲ့ ခြုံငုံပြီး ရှင်းပြသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲဒီချမှတ်လိုက်တဲ့ ကြားဖြတ်စီမံဆောင်ရွက်ခြင်း (Provisional Measures) လေးချက်ရှိတာကို ကျွန်တော် မှတ်သားထားပါတယ်။ အချက်(၁)နဲ့ (၂)ကို ပြည်ထောင်စုဝန်ကြီး ပြောသွားတဲ့အထဲမှာပါတော့၊ အဲဒီအချက်(၁)နဲ့ (၂)နဲ့ပတ်သက်ပြီး ဆရာဦးချမ်းအေးက အသေးစိတ်ကလေး ဆွေးနွေးပေးပါဦးခင်ဗျာ။

**ဦးချမ်းအေး ။** ။ ICJ ကချခဲ့တဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက်(၁)က ကျွန်တော်တို့နိုင်ငံ ပါဝင်လက်မှတ်ထိုးပြီး လိုက်နာဖို့ရှိတဲ့ Genocide Convention Article – 2 ကို ဆိုလိုတာပါ။ Article – 2 မှာ ဘယ်လိုဖော်ပြထားလဲဆိုတော့ Genocide ကျူးလွန်တဲ့ပြစ်မှုတွေနဲ့ ပတ်သက်ပြီး အဓိပ္ပာယ်ဖော်ထားတယ်။ ဘယ်လိုဖော်ပြထားသလဲဆိုတော့ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ လူမျိုး၊ လူမျိုးစု၊ လူမျိုးရေးနဲ့ပတ်သက်တာ ဒါမှမဟုတ် ဘာသာရေးနဲ့ပတ်သက်တဲ့ အုပ်စုတစ်ခုအပေါ်မှာ ကျူးလွန်မှုတွေ မလုပ်ရဘူး။

### မလုပ်ရတဲ့ပြစ်မှုတွေ

တမင်တကာ ရည်ရွယ်ချက်နဲ့ ကျူးလွန်မှုတွေ မလုပ်ရဘူး။ မလုပ်ရတဲ့ပြစ်မှုတွေက ဘာတွေလဲဆိုတာကို ဖော်ပြထားပါတယ်။ နံပါတ်(၁)က သတ်ဖြတ်တာ၊ နံပါတ်(၂)က ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကြီးကြီးမားမား ထိခိုက်စေတာမျိုးမပြုလုပ်ဖို့၊ နံပါတ်(၃)က တမင်ရည်ရွယ်ချက်ရှိရှိနဲ့ အုပ်စုကို ဖျက်ဆီးတာမျိုး၊ ဖျက်လိုဖျက်ဆီးလုပ်တာမျိုး၊ နံပါတ်(၄)က ဒီအုပ်စုတွေထဲမှာရှိတဲ့ ကလေးမွေးဖွားဖို့ ပိတ်ပင်တားဆီးတာ၊ နောက်ဆုံးနံပါတ်(၅)က အုပ်စုတစ်ခုမှာရှိတဲ့ ကလေးတွေကို တခြားအုပ်စုတစ်ခုကို အတင်းအကျပ် ပို့ဆောင်တာမျိုး ဒါတွေလုပ်တယ်ဆိုရင် Genocide မြောက်တယ်။

အဲဒါကြောင့် ဒါတွေကိုမလုပ်ဖို့ Provisional Measures နံပါတ်(၁)က ဆိုလိုတာကို ကျွန်တော်တို့ လိုက်နာမယ်ဆိုပြီး မိမိရဲ့သဘောဆန္ဒနဲ့ ကတိကဝတ်ပြုထားတာဖြစ်ပါတယ်။ ဒါက ပြဿနာမရှိပါဘူး။ ဂမ်ဘီယာက သူလိုလားချက်နဲ့ တောင်းဆိုတာတွေကို စာသားအသစ်တွေ၊ မဆိုင်တာတွေကို မထည့်ပါဘူး။

Provisional Measures နံပါတ်(၁)ကို ICJ က Genocide Convention ရဲ့ Article – 1 အရ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်ရမယ်။ အရင်ကလည်း လိုက်နာဆောင်ရွက်မယ်လို့ ကတိကဝတ်ပြုထားတယ်။

**ဦးကိုကို ။** ။ အဲဒီတော့ Genocide Convention မှာ ပါပြီးသားအချက်အလက်တွေကို ကျွန်တော်တို့က ဒါတွေကို လိုက်နာပါမယ်ဆိုပြီး ကတိကဝတ်ပြုထားတဲ့ ကိစ္စတွေကို Measures နံပါတ်(၁)မှာ ပြန်ဖော်ပြတဲ့သဘောကို ပြောချင်တာလား။

**ဦးချမ်းအေး ။** ။ ဟုတ်ပါတယ်။ ဂမ်ဘီယာနိုင်ငံက တောင်းဆိုထားတဲ့ စာသားအသစ်ထည့်တာတွေကို ICJ က မထည့်ပေးပါဘူး။ နောက်တစ်ခုက Rape လုပ်တာ အဓမ္မပြုကျင့်တာမျိုးတွေ၊ နောက်တစ်ခါ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တာတွေ၊ နောက်တစ်ခါနေအိမ်တွေ၊ ရွာတွေကို မီးရှို့တာတွေ၊ နောက်ပြီး မြေယာတွေ၊ ပိုင်ဆိုင်မှုတွေကို ဖျက်ဆီးတာတွေ၊ နောက်တစ်ခုက စားနပ်ရိက္ခာတွေမရအောင် တားဆီးပိတ်ပင်တာတွေ ဒါတွေကို ဂမ်ဘီယာနိုင်ငံက အဆိုပြုတဲ့အချိန်တုန်းက ထည့်ထားပါတယ်။ ဒါတွေကို တရားရုံးက လက်မခံဘဲ Genocide Convention စာချုပ်ရဲ့ Article – 2 မှာပါတဲ့ အတိုင်း ဒါတွေမလုပ်ရဘူး။ Article – 1 မှာ ဒါတွေကို တားဆီးရမယ်၊ အရေးယူရမယ်ဆိုတာရှိထားပြီး ဖြစ်ပါတယ်။ ဒါက Provisional Measures နံပါတ်(၁) ဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ❍

○ စာမျက်နှာ ၈ မှ

နံပါတ်(၂)က မြန်မာနိုင်ငံမှာရှိတဲ့ တပ်မတော်၊ ပုံမှန်မဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ သူတို့ရဲ့ ထိန်းချုပ်မှုအောက်မှာ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ရှိတဲ့ ဘယ်အဖွဲ့အစည်းမဆို၊ ဘယ်လူပုဂ္ဂိုလ်မဆို Provisional Measures နံပါတ်(၁)မှာ ရှိတာတွေကို မကျူးလွန်ရဘူးဆိုပြီး ပြောပါတယ်။ ပြောပြီးမှ ဘယ်လိုပုံစံနဲ့ မကျူးလွန်ရဘူးလဲ၊ ဘယ်လိုမျိုးတွေ မကျူးလွန်ရဘူးလဲဆိုတာကို သူက ထပ်ပြောပါတယ်။ ထပ်ပြောတော့ စာချုပ်ရဲ့ Article–3 မှာ ပါတဲ့အတိုင်းကို အတိအကျဖော်ပြထားပါတယ်။ ဥပမာ – Genocide ကျူးလွန်တဲ့အခါမှာ ကြံစည်မှုမလုပ်ရဘူး။ လျှို့ဝှက်ကြံစည်မှု မလုပ်ရဘူး။ နောက်ပြီး ဒါတွေကို ပြည်သူတွေ လှုံ့ဆော်တဲ့ဟာမျိုး မလုပ်ရဘူး။ ကြိုးစားအားထုတ်မှု မလုပ်ရဘူး။ ဒ့ါအပြင် ပါဝင်ကြံစည်တာမျိုးမှာ အတူပါဝင်တာမျိုး မလုပ်ရဘူး။ ဒါတွေက Article – 3 မှာ ပါပြီးသားဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့နိုင်ငံက လက်ခံထားပြီး ဖြစ်ပါတယ်။ ဒီဟာကို Article – 3 အတိုင်း ICJ က ဖော်ပြပေးပါတယ်။

### ကတိကဝတ်ပြုထားတဲ့အတိုင်း

ဂမ်ဘီယာက ဒီနေရာမှာ Provisional Measures နံပါတ်(၁)မှာ တောင်းဆိုတဲ့အတိုင်း စာသားအသစ်တွေ ထပ်ထည့်ပါတယ်။ ဒါတွေကို တရားရုံးက လက်မခံဘဲ Article – 3 အတိုင်းရှိတဲ့အတွက် ပြည်ထောင်စုဝန်ကြီး ပြောသလို Provisional Measures နံပါတ် (၁)နဲ့ (၂)ကို ကျွန်တော်တို့ ကိုယ်တိုင်လိုက်နာပါမယ်လို့ ကတိကဝတ်ပြုထားတဲ့အတိုင်း လိုက်လည်းလိုက်နာနေပါတယ်။ ဆက်ပြီး လိုက်နာရမှာတွေကို ဖော်ပြထားတာပါ။ ဒါကြောင့် ကျွန်တော်တို့တွေ့တာက ဒီမှာ စာသားအသစ်တွေမပါဘူး။ ကျွန်တော်တို့ကို ထိခိုက်နိုင်မယ့်၊ အချုပ်အခြာအာဏာကို ထိပါးစေတဲ့အရာမျိုးလည်း မတွေ့ရပါဘူး။

**ဦးကျော်တင့်ဆွေ** ။ ။ တစ်နည်းအားဖြင့် ဒီစာချုပ်အဖွဲ့ဝင်ဖြစ်ကတည်းကိုက လုပ်ပါမယ်ဆိုတဲ့ကိစ္စတွေကို လုပ်ပါလို့ပြောခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ထပ်ပြောရရင် ကျွန်တော်တို့ ထိုင်နေတာကို ထိုင်ပြီးနေပေးပါလို့ ပြောတဲ့သဘောမျိုး သက်ရောက်တယ်လို့ ပြောချင်ပါတယ်။

တစ်ဆက်တည်း ကျွန်တော်ပြောချင်တာက ဒါနဲ့ပတ်သက်ပြီး တရားရုံးတော်က ချလိုက်တာက သတ်သတ်၊ အဲဒီအပေါ်မှာ မူတည်ပြီး စကားလုံးလေးတွေပြောင်းပြီး နိုင်ငံတကာမီဒီယာမှာ ထည့်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ တာဝန်က ဘာလဲဆိုတော့ To Prevent ဖြစ်သလို အခုချမှတ်တာလည်း To Prevent ပဲဖြစ်ပါတယ်။ အဲဒါမျိုးကို တချို့နိုင်ငံတကာမီဒီယာမှာ To Stop ဆိုပြီး ဒါတွေလုပ်နေတာကို မလုပ်နဲ့ဆိုတဲ့ပုံစံမျိုးကို ဖောင်းပေးရေးထားတာ တွေ့ပါတယ်။ ကျွန်တော်တို့က ဒါတွေကို လုပ်နေတာ မဟုတ်ဘူးလို့ နဂိုကပြောထားတယ်။ အခုက ကျွန်တော်တို့ကို မလုပ်နဲ့လို့ ပြောတာလည်း မဟုတ်ဘူး။

**တရားရုံးတော်က ချလိုက်တာက သတ်သတ်၊ အဲဒီအပေါ်မှာ မူတည်ပြီး စကားလုံးလေးတွေ ပြောင်းပြီး နိုင်ငံတကာမီဒီယာမှာ ထည့်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ တာဝန်က ဘာလဲဆိုတော့ To Prevent ဖြစ်သလို အခုချမှတ်တာလည်း To Prevent ပဲဖြစ်ပါတယ်။ အဲဒါမျိုးကို တချို့နိုင်ငံတကာမီဒီယာမှာ To Stop ဆိုပြီး ဒါတွေလုပ်နေတာကို မလုပ်နဲ့ဆိုတဲ့ပုံစံမျိုးကို ဖောင်းပေးရေးထားတာတွေ့ပါတယ်။ ကျွန်တော်တို့က ဒါတွေကို လုပ်နေတာမဟုတ်ဘူးလို့ နဂိုက ပြောထားတယ်။ အခုက ကျွန်တော်တို့ကို မလုပ်နဲ့လို့ ပြောတာလည်း မဟုတ်ဘူး။ မူလကတိကဝတ်အတိုင်း ဒါတွေမဖြစ်အောင် Prevent လုပ်ပေးပါဆိုတဲ့အချက်ကို ပြောခြင်းဖြစ်ပါတယ်**

မူလကတိကဝတ်အတိုင်း ဒါတွေမဖြစ်အောင် Prevent လုပ်ပေးပါဆိုတဲ့ အချက်ကိုပြောခြင်းဖြစ်ပါတယ်။

**ဦးကိုကို** ။ ။ ပြည်ထောင်စုဝန်ကြီး ပြောတာတွေကို ကျွန်တော်လည်း သတိထားမိပါတယ်။ Provisional Measures မှာ Prevent ဆိုတဲ့ စကားလုံးကို အသေအချာသုံးထားတာ တွေ့မြင်ပေမယ့်၊ ရည်ရွယ်ချက်ရှိရှိနဲ့ Stop ဆိုပြီး သုံးတာကို ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်ရှင်းပြမှ ပိုပြီးရှင်းသွားတာပါ။

**ဦးကျော်တင်** ။ ။ ဦးချမ်းအေးပြောတာ မှန်ပါတယ်။ ဥပဒေအရချမှတ်တဲ့ အချက်အလက်တွေကို ဖတ်မယ်ဆိုရင် သူတို့ခေါ်တာ chapeau ။ ခုနက ပြောသွားတဲ့ အမှုတွေ၊ လူသတ်မှုတွေအားလုံးကို Article–2 မှာ ရေးထားတာက Genocidal Intent လူမျိုးပြုန်းတီးအောင် ရည်ရွယ်ချက်ဖြင့် ဒီအမှုတွေကို ဆောင်ရွက်မယ်ဆိုရင် Genocide Convention ကို ချိုးဖောက်မှု ဖြစ်ပါတယ်။ ဒီအမှုတွေအားလုံးက chapeau နဲ့အတူတူ ဖတ်ရမယ်လို့ ကျွန်တော် ဖြည့်ပြောချင်ပါတယ်။

**ဦးကျော်တင့်ဆွေ** ။ ။ chapeau က Article – 1 မှာ ပါတာပါ။

**ဦးကိုကို** ။ ။ နံပါတ် (၁) နဲ့ (၂) ကို ဆရာဦးချမ်းအေး ရှင်းပြတော့ တော်တော် သိသွားပါတယ်။ နံပါတ် (၃) အချက်ကို ဆက်ပြီး ကျွန်တော် အသေးစိတ် သိလိုပါတယ်။ ဆရာမ ဒေါ်သီတာဦးအနေနဲ့ ဥပဒေရေးရာရှုထောင့်ကနေ သုံးသပ်ဆွေးနွေးပေးပါဦးခင်ဗျာ။

**ဒေါက်တာသီတာဦး** ။ ။ ကျွန်မတို့ မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက ICJ မှာ ရင်ဆိုင်ဖြေရှင်းဖို့ တောင်းဆိုတဲ့အချိန်ကစပြီး စကားဝိုင်းတွေကို စဉ်ဆက်မပြတ် ကျင်းပလာခဲ့ပါတယ်။ ဒီစကားဝိုင်းတွေရဲ့ ရည်ရွယ်ချက်က အဖြစ်အပျက်အကြောင်းတွေ၊ သတင်းအချက်အလက်အမှန်တွေ၊ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေ အဲဒါတွေကို ပြည်သူကို စဉ်ဆက်မပြတ်မျှဝေချင်လို့ပဲ ဖြစ်ပါတယ်။

ICJ ကနေ Provisional Measures (၄) ချက် ချခဲ့တယ်။ နံပါတ်(၁) နဲ့ (၂)ကို ရှင်းပြပြီးဖြစ်တဲ့အတွက် တတိယအချက်ကို ရှင်းလင်းတင်ပြပေးချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးကို ဇန်နဝါရီ ၂၀ ရက်မှာ တင်ပြခဲ့တယ်။ ဒီအစီရင်ခံစာပါအချက်တွေနဲ့စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတရုံးကနေ စစ်ဥပဒေချုပ်ရုံးနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို အစီရင်ခံစာပါကိစ္စတွေကို ဆက်လက်ပြီး စုံစမ်းဖော်ထုတ်ဖို့၊ တရားစွဲဆိုအရေးယူခြင်းတွေပြုလုပ်ဖို့ ညွှန်ကြားခဲ့ပါတယ်။

### ကြေညာချက်တွေ ထုတ်ပြန်

ဒီညွှန်ကြားချက်တွေအရ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ စစ်ဥပဒေချုပ်ရုံးကနေပြီး အစီရင်ခံစာပါ လေ့လာတွေ့ရှိချက်တွေကို ဆက်လက်ပြီး စုံစမ်းဖော်ထုတ်သွားမယ်။ အထောက်အထားခိုင်လုံမှုတွေနဲ့အတူ တရားစွဲဆိုအရေးယူသွားမယ်ဆိုတဲ့ ကြေညာချက်တွေ အသီးသီးထုတ်ပြန်ခဲ့ပါတယ်။ ဒီထုတ်ပြန်ကြေညာချက်တွေ ပြုလုပ်ခဲ့တာက ကျွန်မတို့နိုင်ငံကို ICJ ကနေ Provisional Measures ချမှတ်တဲ့ ဇန်နဝါရီ ၂၃ ရက် မတိုင်ခင်က ဖြစ်ပါတယ်။

ကျွန်မတို့က ဒီအစီရင်ခံစာတွေအရ၊ ကြေညာချက်တွေအရ စုံစမ်းအရေးယူ ဖော်ထုတ်တရားစွဲမယ်ဆိုရင်၊ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွေ၊ သက်သေခံဥပဒေတွေ၊ ရာဇသတ်ကြီးဥပဒေတွေနဲ့ အစဉ်အလာအတိုင်း အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလို တရားစွဲဆို စုံစမ်းအရေးယူ ဖော်ထုတ်မယ်ဆိုတဲ့ ကိစ္စတွေမှာ အထူးသဖြင့် ကျွန်မ ရှင်းလင်းတင်ပြချင်တာက ရာဇသတ်ကြီးဥပဒေရဲ့ ပုဒ်မ ၂၀၁ မှာ "ပြစ်မှုကျူးလွန်သူကို ကာကွယ်ရန်အလို့ငှာ၊ အဲဒီပြစ်မှုကျူးလွန်ခြင်းနဲ့ စပ်လျဉ်းတဲ့ သက်သေခံချက်တွေ၊ သက်သေခံအထောက်အထားတွေ ဒါတွေကို ဖျောက်ဖျက်ခဲ့မယ်ဆိုရင်" ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၀၁ မှာ ထိရောက်တဲ့ ပြစ်ဒဏ်တွေကို ပြဋ္ဌာန်းထားပါတယ်။ ပြစ်ဒဏ်အမျိုးအစားအလိုက် ၇ နှစ်သော်လည်းကောင်း၊ ၃ နှစ်သော်လည်းကောင်း ပြစ်ဒဏ်နဲ့အတူ ငွေဒဏ်ကို ချမှတ်ထားပါတယ်။

### ဥပဒေပြဋ္ဌာန်းချက် အတိအကျရှိ

ဒါက သက်သေခံပစ္စည်း ဖျောက်ဖျက်ခြင်း၊ သက်သေခံအထောက်အထားတွေ ဖျောက်ဖျက်ခြင်းနဲ့ပတ်သက်ပြီး နဂိုကတည်းက ဥပဒေပြဋ္ဌာန်းချက် အတိအကျရှိတယ်။ သက်သေခံပစ္စည်းတွေနဲ့ အထောက်အထားတွေ မဖျောက်ဖျက်ရ၊ ဖျောက်ဖျက်ရင် အရေးယူမယ်ဆိုတာ ကျွန်မတို့မှာ ရှိပြီးသား ဖြစ်ပါတယ်။

ICJ ကနေ ကြားဖြတ်စီမံချက်ချမှတ်တဲ့ တတိယ

**ဒီ Reporting Obligation ကနေပြီး ကျွန်တော်တို့ Genocide မရှိအောင် ဘာတွေလုပ်ဆောင်နေတယ်ဆိုတာကို ထိထိရောက်ရောက် တင်ပြနိုင်တယ်ဆိုရင် နောက်ပိုင်း Case ဖြစ်တဲ့၊ အဲဒီ Case မျိုးရောက်လာတယ်ဆိုရင် Merit Case မှာ နိုင်အောင် အထောက်အကူပြုမယ့် ခြေလှမ်းတစ်ခုလို့ ယူဆလို့ရပါတယ်။ ဒါက သူတို့ပြောသလိုပဲ Challenge Into Opportunity ဆိုသလို စိန်ခေါ်မှုတွေရှိတယ်။ စိန်ခေါ်မှုတွေကို သုံးတတ်ရင် အခွင့်အရေးဖြစ်ပါတယ်**

အချက်က Genocide ပြစ်မှုကျူးလွန်ခြင်းနဲ့စပ်လျဉ်းတဲ့ သက်သေခံ အထောက်အထားတွေ၊ အချက်အလက်တွေကို ဖျောက်ဖျက်ခြင်း မပြုရအောင် ကာကွယ်ရမယ်လို့ ကျွန်မတို့ကို ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီချမှတ်ခဲ့တဲ့ အချက်ကလည်း ကျွန်မတို့နိုင်ငံက လက်ရှိမှာ ဥပဒေပြဋ္ဌာန်းထားပြီးတဲ့ အချက်ဖြစ်ပါတယ်။ ထပ်ပြီး တာဝန်ပိုလာတဲ့ သတ်မှတ်ပြဋ္ဌာန်းချက် မဟုတ်ဘူးလို့ ကျွန်မက ICJ ရဲ့ တတိယအချက်နဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြချင်ပါတယ်။

**ဦးကိုကို** ။ ။ ဆရာမပြောချင်တာက နိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေက ဒါတွေကို လေးစားလိုက်နာဖို့၊ ကာကွယ်ပေးဖို့ ရှိပြီးသားဖြစ်တယ်လို့ ပြောချင်တာဖြစ်တယ်။

**ဦးကျော်တင့်ဆွေ** ။ ။ ဆရာမ ဒေါ်သီတာဦး ပြောသွားသလို ကျွန်တော်တို့က ဒီကိစ္စတွေကို စုံစမ်းစစ်ဆေးမယ်ဆိုတာ ICJ က စီရင်ချက် မချခင်ကတည်းက ကိုယ့်ဟာကိုယ် ဆုံးဖြတ်ထားတဲ့ ကိစ္စဖြစ်တယ်။ ဒါတွေနဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်ထုတ်တယ်။ ဒ့ါအပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်သားတွေ ကျူးလွန်တဲ့အမှုကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက တရားစွဲဆို စုံစမ်းတာတွေလုပ်ရမယ်။ တကယ်လို့ တပ်မတော်သား အပါအဝင် လုံခြုံရေးအဖွဲ့အစည်းတွေက ကျူးလွန်တယ်လို့ စွပ်စွဲတဲ့ကိစ္စတွေကို သူရဲ့ Judge Advocate General အပိုင်းက စုံစမ်းစစ်ဆေးရမှာ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ကျွန်တော်တို့ ထုတ်လိုက်တဲ့ ကြေညာချက်တွေက ဒါတွေကို လုပ်မယ်ဆိုပြီး တစ်ခါတည်းဆုံးဖြတ်ပြီးသား ဖြစ်ပါတယ်။ ICJ ရဲ့ Provisional Measures ၃ ကြောင့် ကျွန်တော်တို့ လုပ်တာမဟုတ်ပါဘူး။ အဲဒီမတိုင်ခင်ထဲက ကျွန်တော်တို့ လုပ်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် ဒါလုပ်မယ်ဆိုတာ ခုနတုန်းက Penal Code အရ သက်သေခံပစ္စည်း မဖျောက်ဖျက်ရဆိုတာ နိုင်ငံရဲ့ လုပ်ထုံးလုပ်နည်းနဲ့ တာဝန်ဖြစ်ပါတယ်။ ထပ်ပြောရမယ်ဆိုရင် ဒါက ထိုင်နေတဲ့ကိစ္စကို ထိုင်ပါလို့ ပြောတာနဲ့ အတူတူပါလို့ ကျွန်တော် ပြောချင်ပါတယ်။

**ဦးကိုကို** ။ ။ နံပါတ် (၁) နဲ့ (၂) ကို ဆရာဦးချမ်းအေးက ဆွေးနွေးပေးတယ်။ နံပါတ် (၃) ကို ဆရာမ ဒေါ်သီတာဦးက သေချာဆွေးနွေးပေးတယ်။ နံပါတ် (၄) အချက်မှာ အစီရင်ခံစာလုပ်ရမယ်၊ Report လုပ်ရမယ်ဆိုတာ ပါတယ်။ အဲဒီအချက်နဲ့ ဆက်စပ်ပြီး ဒီလိုမျိုးလုပ်ရမယ်ဆိုရင် ဒါနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးတာ၊ ဘာလို့လုပ်ရမလဲဆိုပြီး ဝေဖန်ပြောဆို သုံးသပ်ပြောဆိုနေတာတွေရှိပါတယ်။ ကျွန်တော်တို့စကားဝိုင်းရဲ့ ရည်ရွယ်ချက်တစ်ခုက ဒီလို သို့လော၊ သို့လောတွေကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောရမှာဖြစ်ပါတယ်၊ ဆရာဦးကျော်တင်အနေနဲ့ အချက် ၄ ကို နည်းနည်းဆွေးနွေးပေးပါ။

**ဦးကျော်တင်** ။ ။ ကျွန်တော်အဲဒါတွေကိုကြားမိပါတယ်။ မြန်မာပြည်နဲ့ ဂမ်ဘီယာအမှု(Case) တစ်ခုမှာပဲ အစီရင်ခံစာတင်ခိုင်းတာ မဟုတ်ပါဘူး။ တခြား Cases တွေမှာလည်းရှိပါတယ်။ ဥပမာ ရုရှားနဲ့ ဂျော်ဂျီယာ Case ၊ ICJ မှာ ကြားဖြတ်အစီအမံနဲ့ အစီရင်ခံစာ တင်ခိုင်းပါတယ်။ ဒါက ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ရုရှားကိုတောင် ချမှတ်ခဲ့ပါတယ်။ တကယ်လို့ Report တင်တာက အချုပ်အခြာအာဏာကို ထိခိုက်မယ်ဆိုရင် ရုရှားနိုင်ငံက ဘယ်လက်ခံမှာလဲ။ တခြားနိုင်ငံတကာဖြစ်စဉ်တွေမှာ အစီရင်ခံစာတင်ဖို့ တာဝန်တွေရှိကြတာကို ကျွန်တော် ကြားဖူးပါတယ်။

ကျွန်တော့်အနေနဲ့ အစီရင်ခံစာတင်ရတာက အခွင့်အလမ်းကောင်းတစ်ခုလို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့သိတဲ့အတိုင်း မြန်မာပြည်ရဲ့ Narrative ၊ မြန်မာပြည်မှာလုပ်နေတဲ့ လုပ်ငန်းတွေ၊ ရခိုင်ပြည်နယ်ရဲ့ အခြေအနေကို ကောင်းမွန်အောင်လုပ်နေတဲ့ လုပ်ငန်းတွေကို နိုင်ငံတကာတင်ပြဖို့ခက်နေတာကို သိပြီးသားဖြစ်ပါတယ်။ ကျွန်တော်မြင်တာက အစီရင်ခံစာတင်ခြင်းသည် ကုလသမဂ္ဂရဲ့ ဘောင်အတွင်း Report တွေ၊ ကိုယ့်ရဲ့ Narrative တွေကို တင်ပြလို့ရမယ့် အခွင့်အလမ်းကောင်းတစ်ခုလို့ မြင်ပါတယ်။

**ဦးကျော်တင့်ဆွေ** ။ ။ ကုလသမဂ္ဂမှာ စာချုပ်တွေနဲ့ ပတ်သက်ပြီး Reporting Obligation ဆိုတာ ရှိပါတယ်။ အဲဒီစာချုပ်ဝင်တယ်ဆိုရင် Reporting Obligation လုပ်လေ့ရှိတယ်။ ဒီမှာက Report လုပ်ပါဆိုပြီး ကြားဖြတ်စီမံချက်တွေ ချမှတ်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ (၁) ကျွန်တော်တို့ Genocide လုပ်သလား၊ မလုပ်ဘူး။ မလုပ်တဲ့အကြောင်းကို အထောက်အထားနဲ့ ကျွန်တော်တို့က ရုံးတော်ကို ကြိုပြီးတင်ပြနိုင်တဲ့ အခွင့်အလမ်းလို့ သတ်မှတ်လို့ရပါတယ်။

ဘာကြောင့်လဲဆိုတော့ အမှုက အခုပြီးဦးမှာ မဟုတ်ဘူး။ ဒါပြီးရင် ကျွန်တော်တို့အနေနဲ့ တရားရုံးက စီရင်နိုင်ခွင့်ရှိသလား၊ မရှိဘူးလားဆိုတာကို စောဒကတက်နိုင်ပါသေးတယ်။ လူပြိန်းစကားနဲ့ပြောရရင် Jurisdiction ကို Challenge လုပ်လို့ရတဲ့ အခွင့်အလမ်း ရှိပါသေးတယ်။ ပြီးတဲ့အခါ Merits Case ဆိုတဲ့အခါ၊ ဒါရဲ့အနှစ်သာရ Genocide ကျူးလွန်မှု ရှိ၊ မရှိ ဆိုတဲ့အပိုင်းလည်း နောက်တော့ ရောက်လာပါဦးမယ်။

ဒါနဲ့စပ်လျဉ်းတဲ့ Talk Show တွေမှာ ပြည်သူကို လှန့်နေတာ တွေ့ရပါတယ်။ ဘယ်လိုလှန့်တာလဲဆိုတော့ အချက်အလက်တွေကြည့်ပြီး၊ အကြာရှည်ဆုံး Case တွေကိုကြည့်ပြီး ၁၂ နှစ်ကြာမယ်၊ ၁၃ နှစ်ကြာမယ်၊ ဒို့တော့ ဒုက္ခရောက်ပါမယ်။ အဲဒီလိုကြာတဲ့ Case ရှိသလို၊ အဲဒီလောက်ကြာမယ်လို့ အပြတ်ပြောလို့ မရပါဘူး။

Provisional Measures က အဖွဲ့ဝင်နိုင်ငံ တစ်ခုအနေနဲ့ လိုက်နာရမယ့်ကိစ္စဖြစ်ပါတယ်ဆိုတာ အမှန်ပါ။ အဲဒီလိုလိုက်နာရတဲ့အခါမှာ Provisional Measures ချလိုက်တဲ့အတွက် နိုင်ငံအကြီးအကျယ် ဒုက္ခရောက်ပါပြီဆိုပြီး Scare Tactics ပြည်သူလူထုကို ကြောက်လန့်အောင် ပြောနေတာတွေကို တွေ့နေရပါတယ်။ ကျွန်တော်တို့ အခက်အခဲ မဟုတ်ဘူးလား၊ အခက်အခဲမရှိဘူးလား ရှိပါတယ်။

ကျွန်တော်တို့ ဘယ်မှာကတည်းက အခက်အခဲရှိသလဲဆိုတော့ Genocide Convention ကို ဖောက်ဖျက်ပါတယ်လို့ အစွပ်စွဲခံရတာကိုက အင်မတန်မှ ရင်နာစရာကောင်းတဲ့ အခက်အခဲပါ။ ဒီအခက်အခဲကို ကျော်လွှားအောင်ဆိုပြီး ကျွန်တော်တို့ အခု နည်းမျိုးစုံနဲ့ လုပ်နေပါတယ်။ အခုလို ICJ က ချမှတ်လိုက်တဲ့ အချက်တွေကလည်း မချရင်တော့ ကျွန်တော်တို့ အများကြီးဝမ်းသာမှာပါ။ သို့သော် သူ့ရဲ့ လုပ်ရိုးလုပ်စဉ်၊ သူ့ရဲ့ ဥပဒေကြောင်းအရ Provisional Measures ကို ချလိုက်တယ်။ ချလိုက်တာကလည်း Convention အရ လိုက်နာရမယ့်အချက်တွေကို ကျွန်တော်တို့ရဲ့ ပြည်တွင်းဥပဒေအရ ကိုယ်တိုင်လုပ်ဆောင်ရမယ့် အချက်တွေ၊ လုပ်ဆောင်ရမယ့်ကိစ္စမျိုးတွေ ဖြစ်ပါတယ်။

### သုံးတတ်ရင် အခွင့်အရေးဖြစ်

ဒါကြောင့် ဒီ Reporting Obligation ကနေပြီး ကျွန်တော်တို့ Genocide မရှိအောင် ဘာတွေလုပ်ဆောင်နေတယ်ဆိုတာကို ထိထိရောက်ရောက် တင်ပြနိုင်တယ်ဆိုရင် နောက်ပိုင်း Case ဖြစ်တဲ့၊ အဲဒီ Case မျိုးရောက်လာတယ်ဆိုရင် Merit Case မှာ နိုင်အောင် အထောက်အကူပြုမယ့် ခြေလှမ်းတစ်ခုလို့ ယူဆလို့ရပါတယ်။ ဒါက သူတို့ပြောသလိုပဲ Challenge Into Opportunity ဆိုသလို စိန်ခေါ်မှုတွေရှိတယ်။ စိန်ခေါ်မှုတွေကို သုံးတတ်ရင် အခွင့်အရေး ဖြစ်ပါတယ်။ အဲဒီအချက်ကို ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။

**ဦးကိုကို** ။ ။ ပြည်ထောင်စုဝန်ကြီး ဒီဟာနဲ့ဆက်စပ်ပြီး ပြောတဲ့ကိစ္စကို တချို့သော သတင်းစာဆရာတွေကလည်း အဲဒီလိုအချက်ကို အပြုသဘောနဲ့ ထောက်ပြသွားတာ ကျွန်တော် ကြားလိုက်မိပါတယ်။ ကျွန်တော်ဆက်ပြီး ဆွေးနွေးချင်တာက ဂမ်ဘီယာကနေပြီး တရားရုံးမှာ လျှောက်ထားတဲ့ အချက် (၆) ချက်အနက် နံပါတ် (၆) အချက်ကို တရားရုံးက လုံးဝကို မထည့်ခဲ့ဘူး။ အဲဒါ ဘာကြောင့်လဲဆိုတာ ပြောပြပေးပါဦး။

စာမျက်နှာ ၁၀ သို့ ○

○ **စာမျက်နှာ ၉ မှ**

**ဦးကျော်တင့်ဆွေ ။** ။ဘာကြောင့်လဲဆိုတော့ ပထမဦးဆုံး မတရားလို့ပါ။ ကျွန်တော်တို့ကို အခုစွပ်စွဲထားတာက ဘယ်ပေါ်မူတည်ပြီးလဲဆိုတော့ FFM ရဲ့ ခိုင်လုံမှုမရှိတဲ့၊ FFM ရဲ့ သူများတွေပြောတဲ့ လုပ်ဇာတ်ကို စိစစ်မှုမရှိဘဲနဲ့ ထည့်ထားတဲ့ အစီရင်ခံစာ အပေါ်မူတည်ပြီး ကျွန်တော်တို့ကို ဒီတရားစွဲဆိုမှုကို အခြေခံထားတာပါ။

Provisional Measures ချတာကလည်း FFM ရဲ့ Report အပေါ် မူတည်ပြီး ဖြစ်ကောင်းဖြစ်နိုင်ဖွယ် Prima Facie ရှိတယ်ဆိုပြီး ဒါချထားခြင်းဖြစ်ပါတယ်။ FFM ကို ကျွန်တော်တို့က နဂိုတုန်းက လက်မခံနိုင်ပါဘူးလို့ ပြောထားပါတယ်။ လက်မခံပါဘူးလို့ ပြောတဲ့အခါမှာ လက်ခံဖို့ဆိုပြီး အတင်းအကျပ်ပြောတယ်ဆိုရင် ကျွန်တော်တို့က ဒီအချက်ကို လက်ခံမှာလားဆိုတဲ့အချက်ကို တရားသူကြီးတွေ တွေးမှာပါ။

**လိုက်နာရမယ့်အချက်တွေကို ထည့်သွင်းချမှတ်**

နောက်တရားသူကြီးတွေကဘာလိုချင်သလဲဆိုတော့ Unanimity ဆိုတာကို လိုချင်ပါတယ်။ အားလုံးက သဘောတူပါသည်ဆိုတဲ့ အချက်ကို လိုချင်တယ်။ ဒါကြောင့်မို့ Unanimity ရတယ်လို့ ပြောတဲ့နေရာမှာ Unanimity ရမှာပေါ့၊ အားလုံးသဘောတူမှာပေါ့၊ သူတို့ချမှတ်တဲ့ အချက်တွေက Convention အရ ကျွန်တော်တို့ လိုက်နာရမယ့် အချက်တွေကို ထည့်သွင်းချမှတ်တာ ဖြစ်ပါတယ်။ အဲဒီတော့ တရားသူကြီးဆိုတာ တရားရတယ်လေ။

တရားရတာဖြစ်တဲ့အတွက် ဒီချမှတ်ချက်တွေကို ချမှတ်တဲ့အခါမှာ လိုက်နာရမယ့် အချက်တွေကို လိုက်နာပါလို့ ပြောတဲ့အချက်ကို ဘယ်တရားသူကြီးက လက်မခံဘူးလို့ ပြောလို့ရမှာလဲ။ နံပါတ် (၆) ကို ချလိုက်မယ်ဆိုရင် လက်မခံတဲ့တရားသူကြီးတွေ အများကြီးရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး သူတို့အနေနဲ့ ဘယ်နှယောက်က ထောက်ခံပါတယ်၊ ဘယ်နှယောက်က ကန့်ကွက်ပါတယ်ဆိုတာမျိုးတွေ ပေါ်လာမယ်။ ကန့်ကွက်တဲ့ ကိစ္စကတောင် ပိုရင်ပိုဦးမယ်။ အဲဒီအချက်တွေအပေါ်မူတည်ပြီး အကုန်စဉ်းစားတယ်လို့ ထင်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြောရရင် အဲဒီတောင်းဆိုချက်က တရားမျှတမှုမရှိဘူး။ နောက်တစ်ခုက တရားရုံးမှာ တကယ်ဒါမျိုးကို ခွင့်ပြုလေ့မရှိဘူး။ ခွင့်ပြုလေ့မရှိတဲ့ အချက်ကို သူတို့က ရလိုရငြား တောင်းဆိုတာပါ။ အဲဒီတော့ အဲဒါ မရပါဘူး။ မရတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အများကြီးဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စဟာ ချမှတ်သင့်တဲ့ကိစ္စ မဟုတ်တဲ့အတွက် မချမှတ်ဘူးဆိုတာကို ကျွန်တော်တို့ သိရှိပြီး ကျေနပ်တယ်လို့ ပြောရမှာပါ။

**ဦးကိုကို။** ။ပြည်ထောင်စုဝန်ကြီး ရှင်းပြတဲ့အထဲမှာ ဒီအချက် (၄)ချက်နဲ့ပတ်သက်ပြီး ဘာကြောင့်တရားရုံးကနေပြီး တရားသူကြီးတွေအားလုံးက သဘောတူခဲ့တယ်ဆိုတာကို ရှင်းရှင်းလင်းလင်းသိရပါပြီ။ အဲဒီမှာ ဆက်စပ်ပြီး လူတွေစိတ်ဝင်စားတဲ့အချက်က တချို့ သောတရားသူကြီးတွေက Separate Opinion တွေ ပေးတဲ့ ကိစ္စလေးလည်း တော်တော်လေး စိတ်ဝင်စားကြပါတယ်။ အဲဒီထဲမှာမှ နှစ်ဦးကို တော်တော်လေး စိတ်ဝင်စားတယ်။ Social Media တွေအပေါ်မှာ ပြောကြ၊ ဆိုကြတာရှိပါတယ်။ တစ်ခုက တရုတ်၊ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ အက်စ်ဟော့ တရားသူကြီး။ တရုတ်ကိုယ်စားပြုတဲ့ တရားသူကြီးက ICJ တရားရေးအဖွဲ့မှာလည်း ဒုတိယဥက္ကဋ္ဌအနေနဲ့ ဒုတိယတရားသူကြီးချုပ် သဘောမျိုး တာဝန်ထမ်းဆောင်နေတော့ သူရဲ့ Separate Opinion နဲ့ ပတ်သက်ပြီး ဆရာမအနေနဲ့ ဘယ်လိုများ မြင်ပါသလဲခင်ဗျာ။

**ဒေါက်တာသီတာဦး။** ။ပြည်ထောင်စုဝန်ကြီး ရှင်းပြသွားသလို ဒီ Convention မှာပါတဲ့ တာဝန်ရှိမှုတွေကိုလိုက်နာဖို့ တိုက်တွန်းတဲ့ Provisional Measures ဖြစ်တာရယ်။ နောက်တစ်ခုက ကျွန်မတို့ကို စွပ်စွဲထားတဲ့ ဒီခေါင်းစဉ်က လူမျိုးပြုန်းတီးမှုဆိုင်ရာ တားဆီးရေးဆိုတဲ့ ခေါင်းစဉ်ကလည်း ဒီအမှု မှန်ခြင်း၊ မမှန်ခြင်းက နောက်တစ်ပိုင်းပေါ့။

**Genocide နဲ့ စွဲဆိုရန်အကြောင်းမရှိဘူးလို့ ရှင်းပြခဲ့**

လောလောဆယ်မှာ တရားရုံးက သူရဲ့တာဝန်ရှိမှုကို သူက ကာကွယ်ချင်တာရယ် ဆိုတဲ့အတွက်ကြောင့် ဒီ Convention ကို လိုက်နာပါလို့ တိုက်တွန်းတဲ့ သဘောမျိုးတွေ ဖြစ်နေတဲ့အတွက်ကြောင့်မို့ တညီတညွတ်တည်းဆုံးဖြတ်ချက် Unanimous Decision ဆုံးဖြတ်တယ်လို့ ဆိုပေမယ့် ဆရာဦးကိုကို မေးတဲ့ ကွဲပြားသော Opinion လေးတွေ ရှိတယ်ဆိုတာကို တင်ပြသွားခဲ့ပါတယ်။

တင်ပြသွားတဲ့အထဲမှာ ICJ ရဲ့ ဒုတိယဥက္ကဋ္ဌ(Vice-President) တရုတ်ပြည်သူ့သမ္မတနိုင်ငံက တရားသူကြီး Miss Xue ကနေပြီး သူရဲ့ကွဲပြားတဲ့အချက်ကို ဘယ်လိုရှင်းပြသွားသလဲဆိုတော့ သူက အဓိက နှစ်ချက်ပြောပါတယ်။ သူကပြောတာက Genocide ဆိုတဲ့ ဒီစကားလုံးရဲ့ အတိမ်အနက်နဲ့ လေးနက်မှုဟာ တော်တော်ကြီးကို အဓိပ္ပာယ် ဖွင့်ဆိုရ အရမ်းခက်တယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စက လူနည်းစုအုပ်စု Minority Group တစ်ခုကို Ill-Treatment ဖောက်ဖျက်ကျူးလွန်ခြင်းတွေ ရှိကောင်းရှိလိမ့်မယ်။

ဒါပေမယ့် အဲဒီကိစ္စတွေကို မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရေရှည်ခိုင်မာမယ့် အဖြေတစ်ခု။ သူပြောတာက A Durable Solution တစ်ခုရဖို့အတွက် Closer Cooperation လုပ်နေတာလည်း မြင်သာနေတယ်။ မြင်သာနေတဲ့ အချက်ကြီးရှိတာကို Genocide ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ယူဆပြီး Provisional Measures ချခြင်းကို သူ့အနေနဲ့ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ယူဆခြင်းကို လက်မခံနိုင်တဲ့ ကွဲပြားတဲ့အမြင်ရှိတယ်လို့ပြောပါတယ်။ ဒုတိယတစ်ချက်က မြန်မာနိုင်ငံကနေပြီး ပထမတစ်ကြိမ် လျှောက်လဲခဲ့စဉ်တုန်းက ကျွန်မတို့ ပြောခဲ့ပါတယ်။ ဒီဂမ်ဘီယာနိုင်ငံက တိုက်ရိုက်အကျိုးထိခိုက်တဲ့ နိုင်ငံ မဟုတ်ဘူး။ ဒါကြောင့် Genocide နဲ့ ကျွန်မတို့ကို စွဲဆိုရန်အကြောင်းမရှိဘူးလို့ ရှင်းပြခဲ့ပါတယ်။ ဒါကို တရားရုံးကနေပြီး ဘယ်လိုသုံးသပ်သလဲဆိုတော့ တိုက်ရိုက်ထိခိုက်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အများအကျိုး Common Interest ရှိလို့ရှိရင် တရားစွဲလို့ရတယ်။

ဒါကို သူက ဘယ်စီရင်ထုံး Case ကို ကိုးကားလိုက်သလဲဆိုတော့ Belgium Vs Senegal Case ကိုသုံးပါတယ်။ အဲဒီ Case မှာဆိုရင် Convention Against Torture ညှဉ်းပန်းနှိပ်စက်မှုကို ဆန့်ကျင်သော ကွန်ဗင်းရှင်းအရ၊ ဒီဘယ်လ်ဂျီယံနိုင်ငံက ဆီနီဂေါနိုင်ငံကို Common Interest နဲ့စွဲတာကို တရားရုံးကနေ လက်ခံခဲ့တဲ့ Citation ဆိုတဲ့ စီရင်ထုံးရှိခဲ့တယ်ဆိုတာကို သူက ကိုးကားပြီး ဂမ်ဘီယာက စွဲလို့ရတယ်လို့ တရားရုံးက သုံးသပ်ခဲ့ပါတယ်။

အဲဒီလို သုံးသပ်ခဲ့တာကို ကျွန်မတို့ရဲ့ ဒုတိယဥက္ကဋ္ဌ Miss Xue ကနေပြီး အဲဒီလို သုံးသပ်ခြင်းဟာလွဲမှားပြီး ကိုးကားတယ်လို့ သူက ယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂမ်ဘီယာနိုင်ငံက တိုက်ရိုက်ထိခိုက်ခြင်း မရှိပေမယ့်၊ ခုနက တုန်းက တရားစွဲသွားတဲ့ Belgium Vs Senegal ကိစ္စမှာ ဘယ်လ်ဂျီယံနိုင်ငံက Common Interest မဟုတ်ဘူး Specific Interest ရှိတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ ဆီနီဂေါနိုင်ငံသားတစ်ယောက်က ဘယ်လ်ဂျီယံတရားရုံးမှာ တရားစွဲခံထားရတာ။ သူနဲ့ သက်ဆိုင်ပတ်သက်မှုရှိတဲ့ Specific Interest ရှိတယ်။ Specific Interest ရှိတဲ့အတွက်ကြောင့် သူက တရားရုံးက ဒါက လက်ခံခဲ့ရတဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒါကို တရားရုံးကနေပြီး ကျွန်မတို့ Case မှာ လွဲမှားပြီး ကိုးကားသွားတယ်လို့ သူ့ရဲ့ Separate Opinion ကို ပြောတာပါ။

**ထည့်သွင်းစဉ်းစားရမယ့် အချက်တွေဖြစ်**

အဲဒီတော့ ကျွန်မတို့ရဲ့ရှေ့နေကြီး မစ္စတာရေးဗတ်ကနေပြီး ကျွန်မတို့နဲ့ အပြင်မှာ ဆွေးနွေးတဲ့အခါ ဒုတိယဥက္ကဋ္ဌရဲ့ တင်ပြသုံးသပ်ချက်ဟာ Case ကို ဖယ်လိုက်ရင်တောင်ရတဲ့ Ground ရှိတယ်လို့ ပြောပါတယ်။ ဒုတိယဥက္ကဋ္ဌ Miss Xue ကနေပြီး သူ့ရဲ့ အခုလို သုံးသပ်ချက်တွေဟာ တရားရုံးကနေပြီး နောက်ပိုင်းမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေ ဖြစ်ပါတယ်လို့ နောက်ဆုံးပြောသွားပါတယ်။

**ဦးကျော်တင့်ဆွေ ။** ။ဒီဟာက ကျွန်တော်တို့အတွက် အင်မတန်မှ အရေးကြီးတဲ့ သုံးသပ်ချက် ဖြစ်ပါတယ်။ ဆရာမပြောသွားသလို ကျွန်တော်တို့ရဲ့ Genocide နဲ့ ပတ်သက်ပြီးတော့ ကမ္ဘာမှာအတော်ဆုံးလို့ သတ်မှတ်ထားတဲ့ပုဂ္ဂိုလ်ထဲမှာပါတဲ့ ကျွန်တော်တို့ ရှေ့နေ Professor Mr. William Schabas က ဒါနဲ့ပတ်သက်လို့ Standing ခေါ်တာပေါ့၊ Standing မရှိဘူး၊ Standing မရှိတဲ့အတွက် ဒီ Case ကို ပလပ်လို့ရတယ်လို့ သူက အဲဒီလိုသုံးသပ်ထားတာပါတယ်။ နောက်တစ်ခုက Vice-President Miss Xue လို့ သုံးချင်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကိုယ်စားလှယ်မဟုတ်ပါဘူး။ သူ့အနေနဲ့ သူ့ရဲ့ အရည်အချင်းများကြောင့် ဒီထဲကို သူရောက်နေခြင်း ဖြစ်ပါတယ်။ သဘောက တရုတ်နိုင်ငံ ကိုယ်စားလှယ်မို့လို့ ကျွန်တော်တို့ အဲဒါမျိုးပြောတာ မဟုတ်ဘူး။ တရားဥပဒေကို နားလည်ကျွမ်းကျင်တဲ့ပညာရှင် ဒုတိယဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ ပြောကြားတဲ့အချက်ပဲ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ မှတ်ယူပါတယ်။

**ဦးကိုကို ။** ။အဲဒီတော့ ဆရာမ ရှင်းပြတာတွေကို တော်တော်လေး သဘောပေါက်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက ဒါအမှန်တရားဘက်နေပြီး Separate Opinion က နောက်ဆုံးအချက်လေးကို ဖတ်လိုက်ရပါတယ်။ သူက ဒါကို အလေးထားပြီး ပြောသွားပါတယ်။ ကျွန်တော်တို့ ဒီအမှုကိစ္စဖြစ်လာတဲ့အခါမှာ ဒါတွေကို အလေးထားစဉ်းစားရမယ်။ သူ့ရဲ့သုံးသပ်ချက်တွေကို တရားရုံးကစဉ်းစားဖို့ဆိုပြီး ပြောသွားပါတယ်။ သူပြောသွားတာတွေကို ကျွန်တော်လည်း မှတ်သားမိလိုက်ပါတယ်ခင်ဗျ။

နောက်စိတ်ဝင်စားတာက ကျွန်တော်တို့ခန့်ထားတဲ့ တရားသူကြီးကနေပြီး Separate Opinion ပေးခဲ့သလဲ။ ကျွန်တော်တို့ဆီမှာ ပြောနေကြတာက ကျွန်တော်တို့ ခန့်လိုက်တဲ့ တရားသူကြီးကိုယ်တိုင်က ဘယ်လိုဖြစ်လို့ ထောက်ခံမဲသွားပေးရလဲဆိုတာကို ပြည်ထောင်စုဝန်ကြီး ပြောပြတော့ ရှင်းသွားပါတယ်။ ဘာ့ကြောင့် ဒီလိုပေးရလဲဆိုတာကို အရှေ့ပိုင်းမှာ ရှင်းသွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခန့်အပ်ထားတဲ့ တရားသူကြီးရဲ့ Separate Opinion နဲ့ ပတ်သက်ပြီး ဆရာဦးကျော်တင် ဆွေးနွေးပေးပါဦးခင်ဗျာ။

**ဦးကျော်တင် ။** ။ဟုတ်ကဲ့ အခုမေးတာကို မဖြေခင် ကျွန်တော် နည်းနည်းရှင်းပြချင်တာက ဒီတရားရုံးတွေမှာ ဘာလို့ တရားသူကြီးတွေ အများကြီး ထိုင်ကြတယ်ဆိုတာကို ရှင်းပြချင်ပါတယ်။ အဲဒါက ဘာကြောင့်လဲဆိုတော့ အဓိက သူတို့က ဥပဒေအမှန်ကို ထောက်ပြဖို့ ဖြစ်ပါတယ်။ အခြားတရားသူကြီးတွေက တကယ်ဥပဒေကို အမှန်တိုင်း လုပ်လား/မလုပ်လား ဆိုတာ သူတို့က ထောက်ပြဖို့ အဲဒီရည်ရွယ်ချက်တစ်ခု ရှိတာပေါ့။

ICJ ဆိုရင် နှစ် ၇၀ ကျော်က ထူထောင်ခဲ့တာပါ။ အဲဒါ လူတစ်ယောက်၊ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ သူ့ရဲ့ ဥပဒေအားလုံးကို မသိနိုင်ဘူးလေ။ အဲဒါကြောင့် ဒီတခြားတရားသူကြီးတွေက ထောက်ပြတာပေါ့နော်။ ပြည်ထောင်စုဝန်ကြီး ပြောသလိုပဲ ထိုင်နေတာကို ထိုင်ခိုင်းမယ်ဆိုရင် ငါတို့ သဘောတူမယ်။ ဒါပေမယ့် တခြားကိစ္စတွေမှာဆိုရင်တော့ ငါတို့ Separate Opinion ရေးမယ်ဆိုတာ ကျွန်တော်တို့ရဲ့ ခန့်ထားတဲ့တရားသူကြီးကလည်း အဲလိုပုံစံမျိုး ဖြစ်ပါလိမ့်မယ်။

**နောက်အဆင့်တွေမှာ သေသေချာချာ သုံးသပ်ရမယ်**

ဒါပေမယ့် သူက ထပ်မံပြောတာကတော့ ဒီကြားဖြတ်စီမံချက်မှာ စံနှုန်းက နိမ့်လွန်းပါတယ်။ ဒီအဆင့်မှာ သူကမယ်ဂျော်လေ်ဂျီက ပြောတဲ့အတိုင်း သူလက်ခံပါမယ်။ မကန့်ကွက်ပါဘူး။ ဒါပေမယ့် နောက် Stages တွေမှာ သူက သေသေချာချာကြည့်ဖို့၊ သုံးသပ်ဖို့ လိုပါတယ်လို့ သူပြောပါတယ်။ အဓိက သူပြောသွားတာက ဒီ Plausibility ပေါ့နော်။ ဂမ်ဘီယာက စွပ်စွဲထားတဲ့ အချက်တွေအားလုံးက ဖြစ်နိုင်ပါ့မလားဆိုတဲ့ စံနှုန်းက အခုအဆင့်မှာ နိမ့်လွန်းပါတယ်။ ဒါပေမယ့် နောက်အဆင့်တွေမှာ သေသေချာချာ သုံးသပ်ရမယ်။ သူက ပညာရှင်ဆိုတော့ ဂမ်ဘီယာက ပြောတာတွေ၊ စွပ်စွဲထားတာတွေက ဖြစ်နိုင်ဖွယ်ရာလို့ သူမထင်ဘူးလို့ သွယ်ဝိုက်ပြီး ပြောတာပါ။ သူက ပညာရှင်ဆိုတော့ တိုက်ရိုက်မပြောပါဘူး။

**ဦးကျော်တင့်ဆွေ ။** ။ဒီမှာ ကျွန်တော် ရှင်းပြချင်တာလည်း (၁) ကျွန်တော်တို့ ခန့်ထားတဲ့ တရားသူကြီးဆိုတဲ့နေရာမှာ တိတိကျကျပြောရင် ကျွန်တော်တို့ Nominate လုပ်တဲ့ တရားသူကြီးပေါ့။ Nominate လုပ်တဲ့ တရားသူကြီးကို ရုံးတော်ကနေခန့်တယ်ဆိုတာ သူ့ရဲ့ပညာအရည်အချင်း၊ သူ့ရဲ့ သမာသမတ်ရှိမှုအပေါ် မူတည်ပြီး၊ ဥပဒေကျွမ်းကျင်တဲ့အပေါ် မူတည်ပြီး ဒါရုံးတော်က ခန့်တာပေါ့။ ဒီမှာသိရမှာက ဒါ ကျွန်တော်တို့ခန့်တဲ့ တရားသူကြီး မဟုတ်ဘူး။ ကျွန်တော်တို့ခန့်တဲ့ တရားသူကြီးဆိုရင်လည်း အဲဒါကျွန်တော်တို့ရဲ့ ရှေ့နေမဟုတ်ဘူး။ ရှေ့နေကပဲ ကျွန်တော်တို့ရဲ့ လိုလားချက်၊ ရပ်တည်ချက်ကို မားမားမတ်မတ်ရပ်တည်ပြီး ပြောရမယ်။ တရားသူကြီးရဲ့ တာဝန်က ဒီဥပဒေကြောင်းအရ ဘယ်လိုရှိလဲဆိုတဲ့ အချက်ကိုပဲ သူကြည့်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ခန့်လိုက်တဲ့ တရားသူကြီးက ကန့်ကွက်မပြောဘူးဆိုတော့ အဲဒီ တရားသူကြီးခန့်တယ်ဆိုတဲ့ဟာက ကျွန်တော်တို့ကို ကန့်ကွက်ပြောဖို့ ပြောတာမဟုတ်ဘူး။ တရားရေးမဏ္ဍိုင်ကို တည့်မတ်စွာ ဆောင်ရွက်နိုင်ဖို့အတွက်ကို လုပ်ခြင်းဖြစ်တယ်။ နောက်တစ်ခုကလည်း Unanimous ချလိုက်တဲ့ကိစ္စတွေကလည်း ကျွန်တော်တို့အနေနဲ့ လိုလိုလားလား ၁၉၅၆ ခုနှစ်ကတည်းက ဒီကိစ္စတွေကို လုပ်ဆောင်ပါမယ်လို့ ကတိကဝတ်ပြုထားတဲ့ အချက်တွေအပေါ် မူတည်ပြီး ချမှတ်တာမို့လို့ ဒီတရားသူကြီးတွေအနေနဲ့ ကန့်ကွက်ခြင်းမဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ သုံးသပ်ချက်ကို ပြောပြချင်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း စိစစ်လက်ခံဆောင်ရွက်ပေးလျက်ရှိ

**မောင်တော ဇန်နဝါရီ ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်း၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူ အိမ်ထောင်စုကိုးစု အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း၂၆ ဦးတို့အား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ လက်ခံဆောင်ရွက်ရာတွင် ရှေးဦးစွာ လုံခြုံရေးတာဝန်ရှိသူများက သတ်မှတ်နေရာ၌ တစ်ဦးချင်းလုံခြုံရေးဆိုင်ရာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်သည်။ ထို့နောက် လူဝင်မှုကြီးကြပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ စိစစ်မှတ်တမ်းတင်ခြင်းအား ဆောင်ရွက်ရာတွင် အိမ်ထောင်စု ကိုးစုရှိ အသက် ၁၀ နှစ်အထက် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ငါးဦး ပေါင်း ၁၅ ဦးတို့အား NVCard ထုတ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မွန်းလွဲ ၂ နာရီတွင် ပြီးစီးခဲ့သည်။

**ထောက်ပံ့ပေးအပ်ခဲ့**

ဆက်လက်၍ ငါးခူရပြန်လည်လက်ခံရေးစခန်း တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်သာမြက လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းသို့ လွှဲပြောင်းပို့ဆောင်ပေးရာ လှဖိုးခေါင်စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးရွှေအောင်နှင့် စခန်းတာဝန်ရှိသူများက လွှဲပြောင်း/ လက်ခံဆောင်ရွက်ကြပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မီးဖိုချောင်သုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့သည်။




ထို့နောက် ပြန်လည်ဝင်ရောက်လာသူ အိမ်ထောင်စု ကိုးစု၊လူဦးရေ၂၆ဦးတို့သည်ယခင်နေရပ်မောင်တောမြို့နယ် ဒါးကြီးစား၊ ပဒင်း၊ ဒုညောင်ပင်ကြီး၊ ပေါင်းဇား၊ သရက်အုပ်၊ ရွက်ညိုတောင်၊ မြို့ဦး၊ ရေခပ်ချောင်းခွဆုံရွာတို့မှဖြစ်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ ညနေ ၄ နာရီ ၃၅ မိနစ်တွင် စခန်းမှပြန်လည် ထွက်ခွာသွားကြောင်း သိရသည်။

**ဦးဇော်ဇော်ဆန်း( ခရိုင်ပြန်/ဆက်)**

# ဖျားနာသူမှာ ရှိလာသည့်တာဝန်

ဒေါက်တာခင်မောင်လွင်

နှစ်သစ်နှင့်အတူ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းတွင် ကမ္ဘာကို စိန်ခေါ်လာသော ကူးစက်ရောဂါမှာ ပျံ့နှံ့မှုနှုန်း မြန်ဆန်လှသည်ကို တွေ့ရသည်။ သိပ္ပံပညာတိုးတက်မှုကြောင့် ရောဂါစတင်ဖြစ်ပွားပြီး ရက်များမကြာခင်ပင် "ကိုရိုနာဗိုင်းရပ်(စ်) ပိုးသစ်"တစ်မျိုးကြောင့်ဖြစ်ကြောင်း ခွဲခြမ်းစိတ်ဖြာ တွေ့ရှိနိုင်ခဲ့ခြင်းမှာ အရေးကြီးသောတိုးတက်မှုဟု ဆိုရမည် ဖြစ်သည်။




ကိုရိုနာဗိုင်းရပ်(စ်) ပြန့်ပွားမှု အခြေအနေပြ မြေပုံကို တွေ့ရစဉ်။ (၂၉-၁-၂၀၂၀)

### သေကျေပျက်စီး

လူသားတို့ကြားတွင် ဖြစ်ပွားနေသော ရိုးရိုးတုပ်ကွေးမှာလည်း ဗိုင်းရပ်(စ်)ပိုးတစ်မျိုးကြောင့်ဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်က လူသန်းပေါင်းများစွာကို သေကျေပျက်စီးစေခဲ့ဖူးသည်။ ထိုဗိုင်းရပ်(စ်)ပိုးကို (H1N1)ဟု သတ်မှတ်ခဲ့သည်။ ကျွန်တော်တို့ငယ်စဉ်က မြန်မာပြည်ထဲသို့ တစ်ပတ်လည်၍ကူးလာသော တုပ်ကွေးကြောင့် အိမ်ထဲတွင် ညီအစ်ကိုများတန်းစီ၍ ဖျားကြပြီး မိခင်ကပြုစုပေးရင်း ရှင်သန်လာခဲ့ကြသည်။ ထိုစဉ်က ဖျားနာပြင်းထန်သည်မှန်သော်လည်း ကိုယ်ခံအားရှိလာသောလူသားများကြောင့် တုပ်ကွေးရောဂါပိုးသည် တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းလျော့၍သွားသည်။

အမှန်အားဖြင့် တုပ်ကွေးရောဂါဗိုင်းရပ်(စ်)များသည် မည်သူ့ကိုမှချန်မထားပါ။ လူတွေသာမက ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ငှက်များအပြင် ဝေလငါး ပါမကျန် ကူးစက်ကာ အန္တရာယ်ပေးခဲ့သောသမိုင်း ရှိနေပါသည်။ ရာစုနှစ်နှင့် ချီသော သမိုင်းပင်။ သမိုင်းထဲမှ အရေးကြီးလှသော သင်ခန်းစာမှာလူသားတို့နှင့် တိရစ္ဆာန်များ အနေနီးလာသည့် ကိစ္စသည်များစွာသော ကူးစက်ရောဂါများ၏ အကြောင်းတရား ဖြစ်နေခြင်းပင်။

ဗိုင်းရပ်(စ်)ပိုးမှန်သမျှ ဆေးမတိုးပါ။ သို့သော် လူ့ခန္ဓာထဲဝင်မိလျှင်ပင် လူတို့၏ကိုယ်ခံအားက ဝင်လာသောဗိုင်းရပ်(စ်)ပိုးကို မျိုးပြုတ်အောင် လုပ်ပစ်နိုင်လေသည်။ သို့ရာတွင် အစောဆုံးကူးစက်ခံရသူများမှာမူ ကိုယ်ခံအားမရှိဘဲ ခံလိုက်ရသည်ဖြစ်၍ ရောဂါပြင်းထန်ကာ သေဆုံးကြရလေ့ရှိသည်။

### မေးစရာဖြစ်လာ

လွန်ခဲ့သော နှစ်တစ်ရာမှစခဲ့သော တုပ်ကွေးဗိုင်းရပ်(စ်)သည် ကျွန်တော်တို့လက်ထက်တွင် လူကိုသေအောင်သတ်နိုင်စွမ်းမရှိတော့ပါ။ သို့ဖြစ်လျှင် လွန်ခဲ့သော ဆယ်နှစ်ကျော်က ပြန်ထခဲ့သော ထို(H1N1) တုပ်ကွေးဗိုင်းရပ်(စ်)ပိုးကြောင့် လူအတော်များများ သေခဲ့သည်မှာ ဘာကြောင့်လဲဟု မေးစရာဖြစ်လာလေသည်။

သာမန်အားဖြင့် လူ၏ခန္ဓာကိုယ်အတွင်းသို့ ဝင်လာသောဗိုင်းရပ်(စ်)ပိုးများမှာ နောက်ထပ်လူလူချင်း ကူးစက်သွားနိုင်သည့်တိုင် တဖြည်းဖြည်းအားလျော့သွားပြီး လူတို့မှာလည်း ကိုယ်ခံအားတက်လာသဖြင့် ကပ်ရောဂါအသွင်မှ ပျက်ပြယ်၍သွားသည်။ သို့ရာတွင် ဝက်၏ကိုယ်ထဲသို့ ဝင်သွားသောဗိုင်းရပ်(စ်)ပိုးများမှာမူ ဗီဇများဖလှယ်၍ ပိုးအသစ်အသွင် ထွက်ရှိလာနိုင်သည်။ ဝက်၏ကိုယ်တွင်း ကလီစာများမှာ လူနှင့် များစွာတူညီပြီး ဗိုင်းရပ်(စ်)ပိုးများကို ရောသမမွှေနိုင်စွမ်းဖြင့် "မျိုးသစ်ထွန်းခြင်း" (Genetic Reassortment)ပြုလုပ်နိုင်လေသည်။

သို့ဖြစ်၍ မက္ကဆီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ နယ်စပ်မှာဖြစ်ပွားသည့် ဝက်တုပ်ကွေး(H1N1)များသည် လူသို့ခုန်ကူးကာ အမေရိကန်နိုင်ငံမှတစ်ဆင့် ကမ္ဘာအနှံ့ ပျံ့ပွားခဲ့ရာ နောက်ဆုံးမြန်မာနိုင်ငံသို့လည်း ရောက်ရှိခဲ့လေသည်။ မြန်မာနိုင်ငံသို့ရောက်ချိန်တွင် ထိုဗိုင်းရပ်(စ်)များမှာ ကမ္ဘာတစ်ဝန်းလူများမှ တစ်ဆင့်ပြီးတစ်ဆင့် ကူးလာသည်ဖြစ်၍အားလျော့သွားပြီး မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်မှာ နွေရာသီဖြစ်လာသဖြင့် လူ၏ခန္ဓာပြင်ပတွင် နေပူဒဏ်ကြောင့် ကြာကြာမနေနိုင်ဘဲ သေကုန်ကြပုံရသည်။

### ဆေးရုံမှာသီးသန့်ခွဲထား

၂၀၀၈-၂၀၀၉ ခုနှစ်တို့တွင် မြန်မာနိုင်ငံသို့ ဆိုက်ရောက်ကူးစက်လာစဉ်ကလည်း လေဆိပ်၊ ရေဆိပ်များကိုထိန်းချုပ်ကာ ရောဂါရှာဖွေပြီး သီးသန့်ခွဲထားသော လုပ်ငန်းအတွေ့အကြုံများ ကျန်းမာရေးဌာနတွင် ရှိပြီးဖြစ်သည်။ ရောဂါပြင်းထန်မှုရှိသော ခရီးသည်အချို့ကိုမူ ဆေးရုံတွင် သီးသန့်ခွဲ၍ တင်ထားရသည်။ မောစရာထဲမှ ရယ်စရာအချို့လည်းရှိသည်။ ဆေးရုံမှာ သီးသန့်ခွဲထားသော နိုင်ငံခြားသားလူနာအတွက် ကျွေးမွေးပြုစုရသည့်ကိစ္စမှာ အံဝင်ခွင်ကျမဖြစ်ချေ။ ကြီးကျယ်သောလူနာအချို့၏ တောင်းဆိုချက်အတိုင်း ကျွေးမွေးပြုစုနိုင်ရန် ရန်ပုံငွေလည်း မရှိချေ။ အိမ်မှာနေခွင့်ပြု၍ ထိန်းချုပ်ထားသော လူနာများအတွက် ထမင်းချိုင့်ပို့ရသည့် အလုပ်မှာလည်း ရယ်ရအခက်ငိုရခက် ဖြစ်ရသည်။ ကျန်းမာရေးဝန်ထမ်းများမှာ ဤကိစ္စအထိ ဝန်ဆောင်မှုပေးခဲ့ရသည်။

ပို၍ခက်ခဲသောပြဿနာမှာ လူနာများကို သီးခြားခွဲထားနိုင်ရန် အခန်းစီစဉ်ပေးရခြင်း ဖြစ်သည်။ အရေးပေါ်ကုသဆောင်(ICU)မှာ ကူးစက်ရောဂါပိုးပါသော လူနာအတွက်မဟုတ်ခဲ့ပါ။ ဝေဘာဂီဆေးရုံကဲ့သို့သော ကူးစက်ရောဂါများကို သီးသန့်ထားသောဆေးရုံမျိုးမှာသာ တတ်နိုင်သည်။ ထိုအိုင်စီယူများထဲရှိ လေအေးပေးစနစ်မှာလည်း အတွင်းထဲတွင်သာ လေကို လှည့်လည်ပေးရသော စနစ်ဖြစ်၍ စီစဉ်ရခက်သည်။ အိတ်ဇောခေါ် လေထွက်ပေါက်ကို အပြင်ထုတ်ထားနေကျအတိုင်းထားလျှင် ရောဂါပိုးများကို အပြင်ထုတ်၍ ဖြန့်ဝေသကဲ့သို့ဖြစ်ပါသည်။

လူနာကို ရွှေ့ပြောင်းရာတွင်လည်း ကိုင်တွယ်မည့်သူများက "ကာကွယ်ဝတ်စုံ" အပြည့်ဝတ်ဆင်ထားသည့်တိုင် လူနာတင်ကားမှာလည်း သီးသန့်လေအေးပေးစနစ်ရှိသော ကားမျိုးဖြစ်ရန်လိုသည်။ ထိုသို့ မဟုတ်လျှင် လူနာတင်ကားသွားရာလမ်းတစ်လျှောက် ရောဂါပိုးများဖြန့်ပြီးသား ဖြစ်သွားနိုင်သည်။

### အတွေ့အကြုံမရှိသေး

တစ်ဖန် (H1N1) တုပ်ကွေးထိန်းချုပ်ရေး အတွေ့အကြုံများသည် ကိုရိုနာဗိုင်းရပ်(စ်)ကိုကိုင်တွယ်ရာ၌ မလုံလောက်ချေ။ မြန်မာ့ကျန်းမာရေးဌာန ဝန်ထမ်းများမှာ အတွေ့အကြုံမရှိသေး။ သီအိုရီအရ အတူတူပါပဲဟု ယူဆ၍အလုပ်လုပ်နေကြသော်လည်း ဆား(စ်)(SARS) ရောဂါသည်လည်းကောင်း၊ မား(စ်)(MERS) ရောဂါသည်လည်းကောင်း မြန်မာနိုင်ငံထဲသို့ မရောက်လိုက်ရချေ။

ဝူဟန် ကိုရိုနာဗိုင်းရပ်(စ်)သည် ဇန်နဝါရီလ ၂၄ ရက်နေ့ သတင်းအရ လူ ၂၀၀၀ ကျော်ဖြစ်ပြီး ၅၀ ကျော် သေခဲ့သည့်နှုန်းအရ ဇန်နဝါရီလ ၂၈ ရက်တွင် နှစ်ဆတိတိတိုးကာ လူလေးထောင်ကျော်ဖြစ်၍ ၁၀၆ ဦး သေခဲ့ပြီဖြစ်သည်။ လေးရက်အတွင်း နှစ်ဆတိုးနေသည်ကို သတိပြုမိသည့်အပြင် သေနှုန်းသည် နှစ်ရာခိုင်နှုန်းကျော်ရှိသည်ကို တွေ့နိုင်သည်။ လူနာအများစုမှာ ဖျားခြင်း ၉၈ ရာခိုင်နှုန်း၊ ချောင်းဆိုးခြင်း ၇၆ ရာခိုင်နှုန်းဖြင့် စတင်သော်လည်း ရောဂါရပြီး ရှစ်ရက်ကျော်လျှင် ၅၅ ရာခိုင်နှုန်း အများစုမှာ အသက်ရှူရကျပ်၍ အဆုတ်ရောင်လက္ခဏာများ ပေါ်ပေါက်လာကြောင်း တွေ့ရလေသည်။

ထူးခြားမှုတစ်ခုမှာ ကိုရိုနာဗိုင်းရပ်(စ်)ကြောင့် ကူးစက်ခံရလျှင် ရောဂါလက္ခဏာ(ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ကိုက်ခဲခြင်း)များ ပေါ်ပေါက်လာပြီး လေးရက်ကျော်မှ ရောဂါပိုးကူးစက်ပျံ့နှံ့ခြင်းဖြစ်ပါသည်။ ဤအချက်သည် သာမန်တုပ်ကွေးဗိုင်းရပ်(စ်)နှင့်မတူသော အချက်ဖြစ်ပြီး ရောဂါကာကွယ်ရာတွင် အရေးကြီးသော အခွင့်ထူးတစ်ရပ်အဖြစ် ဖျားနာမှုကို အာရုံစိုက်စစ်ဆေးခြင်းဖြင့် ထိန်းချုပ်နိုင်ပေသည်။

### စောစောသိလျှင် စောစောဆင်ခြင်နိုင်

အကြံပြုချက်အနေဖြင့် မိမိကိုယ်တိုင်ကိုယ်ပူချိန်တိုင်း၍ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးနေခြင်းကို ပြုလုပ်ကြပါဟု တိုက်တွန်းပါသည်။ မည်သည့်နေရာမှ လာသည့်ရောဂါပင်ဖြစ်စေ မိမိကိုယ်တိုင်ဖျားနာမှန်း စောစောသိလျှင် စောစောဆင်ခြင်နိုင်လေသည်။ ဗိုင်းရပ်(စ်)ရောဂါကုဆေး မရှိသော်လည်း အဆုတ်ရောင်သည့်အခါတွင် အခွင့်အရေးယူ ဝင်လာမည့်ပိုးများကို ပဋိဇီဝဆေးများဖြင့် ကုသနိုင်သည်။

ခရီးသွားစဉ် ဖျားနာသည်ဖြစ်စေ၊ လုပ်ငန်းခွင်(သို့မဟုတ်)ကျောင်း(သို့မဟုတ်)အိမ်တွင်းမှာ ဖျားနာသည်ဖြစ်စေ မဖြစ်မနေလိုက်နာရမည့်နည်းလမ်းများကို လိုက်နာကြဖို့လိုပေသည်။

- ☛ ဖျားမှန်းသိသည်နှင့် နှာခေါင်းစည်း၊ ပါးစပ်စည်း အမြဲတပ်ထားရန်(အမြဲဆိုသည်မှာ တစ်ခုတည်း တပ်ရန် မဟုတ်ဘဲ လဲလှယ်၍တပ်ဆင်နေရန်)
- ☛ ချောင်းဆိုးနှာချေလျှင် လက်ကိုင်ပဝါ၊ တစ်ရှူး၊ စက္ကူနှင့် ကာရန်(မရှိလျှင် လက်မောင်းနှင့်ကာ၍ ထားပြီးမှ ချောင်းဆိုးနှာချေရန်)
- ☛ မိမိစားသောက်မည့် ပန်းကန်ခွက်များကို သီးသန့်ထားရှိရန်
- ☛ လူနာဖြစ်သူ၏ လက်နှင့်ထိကိုင်သမျှ ရောဂါပိုးပြန့်နိုင်သည်ကို သိရှိကာကွယ်ရန်
- ☛ မိမိအား အနီးကပ်ပြုစုမည့်သူများထံမကူးဖို့ သတိထားရှောင်ရှားရန်
- ☛ အရေးပေါ်အကြောင်းကိစ္စမရှိဘဲ လူထူထပ်ရာနေရာများ(ဈေး၊ ကျောင်း၊ ရုံး၊ ရုပ်ရှင်ရုံ၊ ဘတ်(စ်)ကားဂိတ်)သို့ မသွားရန်

ဤတာဝန်များကိုလည်း လူနာက ကျေပွန်ဖို့လိုပါသည်။ ကလေးလူနာဖြစ်လျှင်လည်း ပြုစုသူတို့က သတိဖြင့်သင်ကြားပေးရန်လိုပါမည်။

လောလောဆယ် ဝူဟန် တုပ်ကွေးမှာ တစ်ရာလျှင် သုံးယောက်သာ သေပါသည်။ စောင့်ကြည့်ရပေဦးမည်။

---

★ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ

စက်မှုဇုန်မှာဆိုရင် မြေနဲ့ပတ်သက်တဲ့ သဘောထားတောင်းစရာမလိုဘူး၊ လှိုင်သာယာစက်မှုဇုန်ရဲ့ အပြင်ဘက်ဆိုရင် မြေနဲ့ပတ်သက်တဲ့ သဘောထား တောင်းရမယ် စတဲ့ဒီအချက်အလက်တွေအားလုံး ကျွန်တော်တို့ အွန်လိုင်းကနေသွားဖို့လုပ်နေတယ်၊ ဆိုတော့ ဒီ Process က ဥပဒေမှာရှိတာကို ကျွန်တော်တို့က System ထဲကို ထည့်မယ်၊ အဲဒီလိုထည့်ဖို့အတွက်ကို GIZ က အကူအညီပေးချင်တာ"ဟု ဦးသန့်စင်လွင်က ပြောသည်။

အဆိုပါ Online Investment Application System ကို ဆောင်ရွက်နိုင်ရေး ဂျာမနီအပြည်ပြည်ဆိုင်ရာ ကူညီပေးရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် အကူအညီပေးရန် လျာထားသည့် ရန်ပုံငွေထဲမှ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ကုမ္ပဏီများမှတ်ပုံတင်ခြင်းကိုလည်း ၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ကုမ္ပဏီဥပဒေအရ အီလက်ထရောနစ် မှတ်ပုံတင်စနစ်(MyCO)အသုံးပြု၍ မှတ်ပုံတင်ရမည်ဖြစ်ပြီး ထိုသို့ မှတ်ပုံတင်ရာတွင် Manual Filings ကို အသုံးမပြုဘဲ Online Application ကိုသာ ၁၀၀ ရာခိုင်နှုန်းအသုံးပြုလာကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

**ငြိမ်းငြိမ်း**

---

❖ တူးတူးမှ

ယင်းပွဲတွင် တူးတူးက ၎င်း၏ ချန်ပီယံခါးပတ်ကို ကာကွယ်ထိုးသတ်ရမှာဖြစ်ပြီး တူတာဗို့က ချန်ပီယံခါးပတ်ရယူဖို့အတွက် ထိုးသတ်ရမှာဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် မွေထိုင်းလက်ဝှေ့ပြိုင်ပွဲတွင် ၎င်းတို့နှစ်ဦး ယှဉ်ပြိုင်ထိုးသတ်ဖူးခဲ့ပြီး တူတာဗို့က အမှတ်နှင့် အနိုင်ရရှိသွားသည့် မှတ်တမ်းလည်းရှိကြောင်း သိရသည်။

"တူတာဗို့က ခပ်ညံ့ညံ့ကစားသမား မဟုတ်ဘူး။ သူ့ကိုဘယ်လိုနည်းနဲ့ အနိုင်ယူရမလဲဆိုတာ ပြောရခက်တယ်။ ပွဲပြီးမှပဲသိရမယ်။ တူတာဗို့က တိုက်ခိုက်ရေးနဲ့ပတ်သက်လို့ ကစားသမားကောင်း တစ်ယောက်ဆိုတာ မြန်မာပရိသတ်တွေ သိထားပြီးသားဖြစ်တယ်။ ကျွန်တော့်ကို အနိုင်ရထားတဲ့ ကစားသမားလည်းဖြစ်တယ်။ သူ့ကို ကျွန်တော် ဘယ်အချီမှာနိုင်မယ်၊ ဘယ်လိုပုံစံမျိုးနဲ့ အနိုင်ထိုးမယ်ဆိုတာ ပြောဖို့ အလွန်ခက်တယ်။ သူလည်း ကျွန်တော့်ကို နိုင်ရင်နိုင်သွားမယ်။ ကျွန်တော်နိုင်ရင်နိုင်မယ်။ ယှဉ်ပြိုင်ပြီးမှ ထွက်လာတဲ့အဖြေကိုပဲ ကျွန်တော် ပြောနိုင်မယ်"လို့ တူးတူးက ပြောသည်။

"သူ့ရဲ့ကစားပုံ ထိုးသတ်ပုံနည်းစနစ်တွေကို သိပါတယ်။ ဒီပွဲမှာ အနိုင်ရအောင် ထိုးသွားပါမယ်"ဟု တူတာဗို့က ပြောသည်။

**ဇာနည်မောင်**

---

✪ ရန်ကုန်အသင်းမှ

သော်လည်း အဝေးကွင်းတွင် ရန်ကုန်အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ခုနစ်ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး နောက်ဆုံးအဆင့် အာဆီယံဇုန် အုပ်စု(F)တွင် ဟိုချီမင်းစီးတီး(ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက်(စင်ကာပူ)၊ လာအိုတိုယိုတာ(လာအို)တို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် နိုင်ငံခြားသားကစားသမားလေးဦးကို တစ်ပြိုင်တည်းအသုံးပြုကာ ပြည်တွင်း အမာခံကစားသမားများဖြင့် တွဲဖက်အသုံးပြုခဲ့သည်။ ရန်ကုန်အသင်းသည် ခြေစစ်ပွဲအောင်ရန် သေချာသလောက်ရှိနေသော်လည်း လူစုံအသုံးပြုကာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ပထမပိုင်းတွင် တစ်ဂိုးသာရရှိခဲ့သည်။ ရန်ကုန်အသင်းအတွက် ဦးဆောင်ဂိုးကို ၁၃ မိနစ်တွင် ကောင်းထက်စိုးက သွင်းယူခဲ့သည်။ မိနစ် ၂၀ နောက်ပိုင်းတွင် အင်ဒရာအသင်း တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့ပြီး ၃၅ မိနစ်တွင် တိုဆီက ပင်နယ်တီမှတစ်ဆင့် ချေပဂိုး သွင်းယူခဲ့သည်။

ပထမပိုင်းတွင် သရေသာကစားနိုင်ခဲ့သည့် ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် အနိုင်ဂိုးရယူနိုင်ရန် ကြိုးပမ်းခဲ့ပြီး ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ ၆၃ မိနစ်တွင် ရန်ကုန်အသင်း ဒုတိယဂိုးရခဲ့ပြီး တိုက်စစ်မှူး အီမန်နျူရယ်က သွင်းယူခဲ့သည်။ ယင်းဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၇၇ မိနစ်တွင် လူစားဝင်တိုက်စစ်မှူး သန်းပိုင်က တတိယဂိုး သွင်းယူခဲ့သည်။

ရန်ကုန်အသင်းသည် ပထမအကျော့က ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားရာ နှစ်ကျော့ပေါင်းရလဒ် ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

**သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - ဘုန်းသော်**

---

**မြန်မာ့ ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် ဇန်နဝါရီ ၂၉**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မန္တလေးမြို့တွင် ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်း 2019 Novel Coronavirus (2019–nCoV) ရောဂါဖြစ်ပွားပျံ့နှံ့မှုမရှိစေရေးအတွက် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းထားသည့် စောင့်ကြည့်စစ်ဆေးကုသရေးကြီးကြပ်မှုကော်မတီ Surveillance and Respond Team (SRT) ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိ**

အဆိုပါအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က အဆိုပါရောဂါအား ကာကွယ်တားဆီးရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံးပါဝင်သည့် SRT ကို ဖွဲ့စည်းပြီး အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝူဟန်မြို့မှ မန္တလေးမြို့သို့ ရောက်ရှိနေသော ခရီးသွား ၇၃ ဦးသည် တံတားဦးလေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည့်ဖြစ်စဉ်တစ်ခု ဇန်နဝါရီ ၂၈ ရက်တွင် ရှိခဲ့ကြောင်း၊ ၎င်းခရီးသွားများ မန္တလေးမြို့တွင် ရှိနေစဉ်ကာလအတွင်း နေထိုင်သွားလာခဲ့မှုများကို မှတ်တမ်းတင်ထားရန်လိုအပ်ပါကြောင်း၊ ယခုဖွဲ့စည်းထားသည့် SRT တွင် ပါဝင်သင့်သည့် ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ကျန်ရှိနေပါကလည်း ထပ်မံပါဝင်ဖွဲ့စည်းရန်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မလိုလားအပ်သည့် စိုးရိမ်ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန် ဖြစ်ပွားနေသည့် ဗိုင်းရပ်စ်ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြို့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းစာများအမြန်ဆုံးပေးပို့ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ကူညီဆောင်ရွက်လျက်ရှိ**

ဆက်လက်၍ စောင့်ကြည့်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဒေါက်တာ ရဲလွင်က တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားနေသည့် 2019 Novel Coronavirus (2019–nCoV) ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ရန် မဖြစ်နိုင်သည့်အတွက် ဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ ပါဝင်သည့် SRT ကို ဖွဲ့စည်းကာ ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံ ဝူဟန်မြို့မှ မန္တလေးမြို့သို့ ရောက်ရှိလာမည့် မြန်မာကျောင်းသား ကျောင်းသူ ၆၀ အား ၁၄ ရက်ကြာ ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုရန်ထားရှိမည့် ယခင်ကန်တော်နဒီဆေးရုံကိုလည်း အဆင်သင့်ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မလိုလားအပ်သည့် စိုးရိမ်ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန် ယခုအစည်းအဝေးတွင် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား မီဒီယာများက ရေးသားဖော်ပြပေးပါရန် ပြောကြားခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်က မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တံတားဦးလေဆိပ်တွင် Thermal Scanner နှစ်လုံးနှင့် ညောင်ဦးလေဆိပ်တွင် Thermal Scanner တစ်လုံးတို့ဖြင့် ဆိုက်ရောက်ခရီးသည်များကို စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့်အပြင် ကုန်းလမ်းမှ ဝင်ရောက်လာသူများကို စောင့်ကြပ်ကြည့်ရှုရန်အတွက် ပြင်ဦးလွင်မြို့တွင် ယနေ့မှစ၍ Fever Surveillance လုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့ပြင် မန္တလေးတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် ရှမ်းပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း အပူချိန်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍ ယခု ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် အဖွဲ့အစည်းများကိုလည်း အဆိုပါရောဂါလက္ခဏာ ကူးစက်သည့်လမ်းကြောင်းနှင့် ကာကွယ်ရန်နည်းလမ်းများနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းအသီးသီးတို့က ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အကြံပြုချက်များကို တင်ပြကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က အစိုးရ၏ ဆောင်ရွက်ချက်များသည် ပြည်သူများ၏ စိတ်လုံခြုံမှုကို ဖြစ်စေသဖြင့် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် SRT ကော်မတီက အစွမ်းကုန်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၌ပြုလုပ်




**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်းရှိ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါ ဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင်မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ်(၂) ရန်ကုန် ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ အောင်ကျော်သူက History and Epidemiology ၊ ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်သူရ က Pathophysiology and Clinical Features၊ ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာဆွေဆွေသစ်က Investigation and Diagnosis၊ အဏုဇီဝဌာနမှ ဒေါက်တာမြင့်သဇင်အောင်က Laboratory Diagnosis And sample collection၊ ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာစန်းစန်းဝင်းက Treatment နှင့် ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာသင်းသင်းနွဲ့က Prevention အကြောင်းတို့ကို ဟောပြောကြသည်။

**လူတိုင်းလုပ်ဆောင်နိုင်**

ဆေးတက္ကသိုလ်(၂) ရန်ကုန်ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ သင်းသင်းနွဲ့က "ဒီလိုဟောပြောပွဲတွေလုပ်ခြင်းအားဖြင့် လက်ရှိဖြစ်ပွားနေတဲ့ အဆုတ်ရောင်ပြင်းထန်ရောဂါကို အများပြည်သူတွေလည်း သိရှိမယ်။ ကျန်းမာရေးဝန်ထမ်းတွေလည်း သိရှိမယ်။ ရောဂါမဖြစ်အောင် ဘယ်လိုကာကွယ်ရမလဲဆိုတာလည်း အားလုံးသိစေချင်တာပါ။ ဒီနေ့ဟောပြောပွဲမှာ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါရဲ့ဖြစ်စဉ်၊ ရောဂါဖြစ်တဲ့ လူနာတွေရောက်လာရင် ဘယ်လိုကုသရမလဲ၊ ရောဂါတွေမဖြစ်အောင် ဘယ်လိုကာကွယ်ရမလဲဆိုတာတွေ ဟောပြောပါတယ်။ ဒီရောဂါက မဖြစ်အောင်ကာကွယ်တဲ့ နည်းလမ်းကတော့ လူတိုင်းလုပ်ဆောင်နိုင်ပါတယ်။ ရောဂါဖြစ်တဲ့သူဆီက မကူးအောင် အဓိကလက်ကိုစင်ကြယ်အောင် ဆေးကြောရမယ်။ လူနာကိုမကိုင်တွယ်ခင်မှာလည်း လက်ကိုစင်ကြယ်အောင် ဆေးကြောမယ်။ နှာခေါင်းစည်းတပ်ဆင်ထားရမယ်ဆိုတာ ဟောပြောခဲ့ပါတယ်" ဟု ပြောသည်။

ဆေးတက္ကသိုလ်(၂) ရန်ကုန်ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ အောင်ကျော်သူက " ဒီနေ့ ဆေးပညာဟောပြောပွဲမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှာ စတင်ဖြစ်ပွားခဲ့တဲ့ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်အကြောင်း ဆွေးနွေးပြောပြ ခဲ့ပါတယ်။ ဒီဇင်ဘာလကုန်မှာ ဝူဟန်မြို့မှာ နမိုးနီးယား စပြီးဖြစ်တယ်။ ဆက်ပြီး လိုက်တဲ့အခါ ဇန်နဝါရီလထဲမှာပဲ ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့် ဖြစ်တယ်ဆိုတာ သူတို့ သိလာကြတယ်။ အဲဒီဗိုင်းရပ်စ်က နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ဆိုတာ ဖြစ်လာတယ်။ ဒီနေ့ဟောပြောပွဲမှာ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်နဲ့ အရင်ဖြစ်ဖူးတဲ့ ဗိုင်းရပ်စ်ပိုးတွေအကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်" ဟု ပြောသည်။

ယနေ့ ပြုလုပ်သည့် အသိပညာပေးဆွေးနွေးပွဲသို့ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့် ဆရာဝန်များ၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ–မင်းသစ်(MNA)**



**○ တရုတ်–မြန်မာမှ**

လူထူထပ်သည့်နေရာများ၌ နှာခေါင်းစည်းမပါဘဲမသွားရန်၊ မဖြစ်မနေသွားမည်ဆိုလျှင် နှာခေါင်းစည်းကိုစည်းသွားရန်၊ ချောင်းဆိုးနှာချေမည်ဆိုလျှင် နှာခေါင်းစည်းစည်းသွားသင့်ပြီး ချောင်းဆိုးနှာချေသည့်အခါ ရောဂါကူးစက်နိုင်သလို အသားချင်းထိတွေ့မှုကလည်း ကူးစက်နိုင်ကြောင်း၊ ထို့ကြောင့် ပြည်သူများအချင်းချင်း မသိနားမလည်သူများကို အသိပညာလက်ကမ်းကြရန် လိုအပ်ပါကြောင်း၊ အသက်ကြီးဘိုးဘွားနှင့် ကိုယ်ခံအားနည်းသည့် ကလေးငယ်များကို အလွယ်တကူ ကူးစက်နိုင်၍ ပြည်သူများအနေဖြင့် မိမိကိုယ်ကို ကျန်းမာအောင် နေထိုင်ရန်နှင့် ရောဂါကာကွယ်နိုင်ရန် အာဟာရပြည့်ဝစွာစားသောက် နေထိုင်ရန်လိုအပ်ပါကြောင်း၊ ကိုယ်ခံအားပြည့်ဝပါက ရောဂါပိုးဝင်ရောက်မှုနည်းပါးမည်ဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် (2019–nCoV) ရောဂါနှင့်ပတ်သက်၍ မိမိတို့ကျန်းမာရေးဌာနက ပြည်သူများထံ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုများပြုလုပ်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်းစသည့် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများကို မိုင်းယုတိုက်နယ်ဆရာဝန်က ပြောသည်။

**နေ့စဉ်စစ်ဆေးမှုများ ပြုလုပ်သွားမည်**

အဆိုပါ ဝူဟန်ဗိုင်းရပ်စ်(ခ)ကိုရိုနာဗိုင်းရပ်စ်(2019–nCoV) ရောဂါအန္တရာယ်ကူးစက်လာမည်ကိုစိုးရိမ်သဖြင့် မိုင်းယုမြို့ရှိ ဒေသခံပြည်သူအနည်းငယ်သာ နှာခေါင်းစည်းများ တပ်ဆင်ထားကြသော်လည်း အချို့ပြည်သူများမှာ တပ်ဆင်၍ သွားလာခြင်းမရှိသေးခြင်းနှင့် အဆိုပါ ဝူဟန်ဗိုင်းရပ်စ်(ခ)ကိုရိုနာဗိုင်းရပ်စ် (2019–nCoV)ရောဂါကြိုတင်ကာကွယ်ရေးအတွက် ယင်းရောဂါပိုး ရှိ/မရှိ စစ်ဆေးမှုများကို ယနေ့မှစတင်ကာ နေ့စဉ်စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် တရုတ်နိုင်ငံတွင် သေဆုံးသူ ၁၃၂ ဦးရှိလာ

**ပေကျင်း ဇန်နဝါရီ ၂၉**

တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ပျံ့နှံ့လာသော ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် တရုတ်နိုင်ငံတွင် သေဆုံးသူ ၁၃၂ ဦးရှိပြီး ၆၀၀၀ နီးပါး ကူးစက်ခံနေရသည်။ ယင်းတို့အနက် လူနာ ၁၀၀၀ ခန့်သည် စိုးရိမ်ဖွယ်အခြေအနေတွင် ရှိသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါသည် ၂၀၀၃ ခုနှစ်အတွင်းက တရုတ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ဆားစ်ရောဂါထက် ကူးစက်မှုနှုန်း ပိုမိုများပြားလျက်ရှိသည်ဟု ဆေးပညာရှင်များက ဆိုသည်။

ဗိုင်းရပ်စ်ပိုးပြန့်ပွားမှုနှုန်း ပိုမိုမြန်ဆန်သောကြောင့် သမ္မတရှီကျင့်ဖျင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲနှင့် တွေ့ဆုံကာ ရောဂါကာကွယ်တားဆီးရေးဆောင်ရွက်ရန် ဆွေးနွေးတိုင်ပင်ခဲ့သည်။

ရောဂါကူးစက်ပြန့်ပွားမှုနှင့်ပတ်သက်ပြီး နိုင်ငံအတွင်း ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်မည်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးပညာကျွမ်းကျင်ပညာရှင်များကို တရုတ်နိုင်ငံသို့ အမြန်ဆုံးစေလွှတ်ပြီး ရောဂါထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန် ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

ထို့ပြင် အခြားနိုင်ငံများတွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၉၀ ခန့် စစ်ဆေးတွေ့ရှိရသည်။ ဂျာမနီ၊ ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် ဗီယက်နမ်နိုင်ငံတို့တွင် လူသားအချင်းချင်း ကူးစက်မှုမှ ရောဂါပျံ့နှံ့နိုင်ဖွယ်ရှိသည်ဟု ထင်မြင်ယူဆကြသည်။

ဟောင်ကောင်အစိုးရက တရုတ်ပြည်မကြီးနှင့် ရထားလမ်းများကို ယာယီပိတ်ပင်ထားပြီး မွန်ဂိုလီးယားနိုင်ငံကလည်း တရုတ်နိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိသော နယ်စပ်ဒေသများကို ယာယီပိတ်ဆို့ထားမည်ဖြစ်သည်။

နိုင်ငံအချို့ကလည်း ဝူဟန်မြို့တွင်ရောက်ရှိနေသော ၎င်းတို့နိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဩစတြေးလျနိုင်ငံသားများအား ဝူဟန်မြို့မှ ခရစ်စမတ်ကျွန်းသို့ ၁၄ ရက်အတွင်း ပြောင်းရွှေ့ပေးရန် စီစဉ်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ဩစတြေးလျအစိုးရကပြောကြားခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**



# အာဖဂန်နစ္စတန်၌ လေယာဉ်ပျက်ကျမှု တာလီဘန် ပါဝင်ပတ်သက်ခြင်းမရှိဟု အမေရိကန် ငြင်းဆို



အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ပျက်ကျခဲ့သော အမေရိကန်စစ်လေယာဉ်တစ်စင်းအား တွေ့ရစဉ်။

**ကဘူး ဇန်နဝါရီ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အမေရိကန်စစ်ဘက် လေယာဉ်တစ်စင်း ပျက်ကြခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ ၂၇ ရက်တွင် အတည်ပြုပြောကြားခဲ့သော်လည်း ယင်းလေယာဉ်ပျက်ကျမှုတွင် တာလီဘန်စစ်သွေးကြွများ ပါဝင်ပတ်သက်မှုရှိသည် ဆိုသည်ကိုမူ ငြင်းဆိုခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ အမေရိကန်တပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ဂါဇနီပြည်နယ်တွင် ယင်းနေ့ နံနက်အစောပိုင်းက ဘွန်ဘာဒီယာ-အီး-၁၁ အေ အမျိုးအစား လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါလေယာဉ်မှာ တောင်ကုန်းတောင်တန်း ထူထပ်သော ဒေသတွင်းရှိ အမေရိကန်တပ်ဖွဲ့များအကြား ရေဒီယိုဆက်သွယ်မှုခက်ခဲခြင်းကြောင့် ရေဒီယိုလှိုင်းများ ထပ်ဆင့်ထုတ်လွှင့်ပေးရန် အသုံးပြုသည့် လေယာဉ်ဖြစ်သည်။ လေယာဉ်ပျက်ကျမှု၌ သေဆုံးသူ အရေအတွက်ကို လတ်တလောတွင် သိရှိရခြင်း မရှိသေးပေ။ အမေရိကန်သတင်းဌာနများ၏အဆိုအရ ယင်းလေယာဉ်ပေါ်တွင် လူအချို့လိုက်ပါသွားကြောင်း သိရသည်။

တာလီဘန်တိုက်ခိုက်ရေးသမားများက အမေရိကန်စစ်လေယာဉ်အား ပစ်ချခဲ့ကြောင်း တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက အင်န်အိတ်ချ်ကေအား ပြောကြားသည်။

သို့သော် အမေရိကန်စစ်ဘက်က တာလီဘန်အဖွဲ့မှ ပြောကြားချက်အား ငြင်းဆိုခဲ့သည်။ ယင်းလေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့သည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်းနှင့် လေယာဉ်ပျက်ကျရမှုသည် ရန်သူ၏ပစ်ခတ်မှုကြောင့် ဖြစ်ရသည်ဟူသော လက္ခဏာမရှိကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# ပြည်တွင်း၌ပင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူတစ်ဦးအား ပထမဆုံးတွေ့ရှိရကြောင်း ဂျပန်အစိုးရအတည်ပြု

**တိုကျို ဇန်နဝါရီ ၂၉**

လူအသေအပျောက်များပြားသည့် ကိုရိုနာဗိုင်းရပ်စ် စတင်ကူးစက်ဖြစ်ပွားမှုဖြစ်ပေါ်ခဲ့သည့် တရုတ်နိုင်ငံ အလယ်ပိုင်းရှိ ဝူဟန်မြို့မှ ဂျပန်နိုင်ငံသားများအား စင်းလုံးငှားလေယာဉ်တစ်စင်းဖြင့် နိုင်ငံရင်းသို့ ပြန်လည်ခေါ်ယူရန် စီစဉ်နေချိန်တွင် ဂျပန်နိုင်ငံတွင်း၌ပင် ယင်းဗိုင်းရပ်စ်ပိုး ပထမဆုံး ကူးစက်ခံရသူတစ်ဦးကို တွေ့ရှိရကြောင်း ဂျပန်အစိုးရက ဇန်နဝါရီ ၂၈ ရက်တွင် အတည်ပြုပြောကြားသည်။

ဂျပန်နိုင်ငံအနောက်ပိုင်း နာရာစီရင်စုတွင် နေထိုင်သည့် အသက် ၆၀ ကျော်အရွယ် ဘတ်စ်ကားယာဉ်မောင်းတစ်ဦး ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားခြင်းဖြစ်ပြီး ၎င်းသည် ဝူဟန်မြို့သို့ သွားရောက်ဖူးသူ မဟုတ်ကြောင်း၊ ၎င်းသည် ကမ္ဘာလှည့်ခရီးသွားများ စီးနင်းသည့် ဘတ်စ်ကားကို မောင်းနှင်သူဖြစ်ကြောင်းနှင့် ၎င်းအပါအဝင် ဇန်နဝါရီ ၂၈ ရက်တွင် ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ အသစ်သုံးဦးကို တွေ့ရှိရကြောင်း ဂျပန်အစိုးရ၏ ကြေညာချက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ဂျပန်နိုင်ငံသားများအား နေရင်းနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာမည့် အဆိုပါလေယာဉ်သည် ဇန်နဝါရီ ၂၈ ရက် ညပိုင်းတွင် ဝူဟန်မြို့သို့ ထွက်ခွာပျံသန်းသွားကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမတ်စု မိုတေဂီက ပြောကြားသည်။

ဂျပန်နိုင်ငံတွင်း၌ပင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် ဘတ်စ်ကားယာဉ်မောင်းသည် ယခုလအတွင်း၌ တရုတ်နိုင်ငံ ဝူဟန်မြို့မှ လာရောက်သည့် ခရီးသွားများကို နှစ်ကြိမ်ခန့် ယာဉ်မောင်းနှင် ပို့ဆောင်ပေးခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီး ကာစူနိုဘူကာတိုက ပြောကြားသည်။

၎င်းတွင် အဆုတ်ရောင်ရောဂါဖြစ်ပေါ်နေကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် ရောဂါအမည် သတ်မှတ်ခဲ့ပြီး ဆေးရုံတင်ကုသမှုခံယူစေခဲ့ရသည်။

တရုတ်နိုင်ငံ ဝူဟန်မြို့သို့ သွားရောက်လည်ပတ်ခဲ့သည့် အသက် ၄၀ ကျော်အရွယ် ဂျပန်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့လည်း ယင်းဗိုင်းရပ်စ် ကူးစက်ခံရကြောင်း ဂျပန်ကျန်းမာရေးအလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အလားတူ အတည်ပြုခဲ့သည်။

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေသူ ဦးရေမှာ စုစုပေါင်း ခုနစ်ဦးထိ ရှိနေပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

**ကိုးကား-ကျိုဒို**

**ဘာသာပြန်-ဇော်ဝင်း**

# ကာရေဘီယန်ဒေသတွင် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်

**ဟာဗားနား ဇန်နဝါရီ ၂၉**

ကျူးဘားနှင့် ဂျမေကာနိုင်ငံအကြားရှိကာရေဘီယန်ဒေသ၌ ဇန်နဝါရီ ၂၈ ရက်တွင် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ရသည်။ ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ငလျင်လှုပ်ခတ်စဉ်အတွင်း မြို့တွင်းရှိ မြင့်မားသော အဆောက်အဦများအတွင်းမှ လူများကို ကယ်ထုတ်နိုင်ခဲ့သည်။

ငလျင်လှုတ်ခတ်မှုသည် အရှေ့ပိုင်းဒေသရှိ ဂွန်တာနာမို၊ စင်တီဂိုဒီကျူးဘား၊ အလယ်ပိုင်းရှိ ဆန်ဖြူဂိုးတို့သို့ သက်ရောက်မှုရှိခဲ့သည်။ အမေရိကန်နိုင်ငံ မိုင်ယာမီအထိ ရောက်ရှိခဲ့ပြီး ရဲတပ်ဖွဲ့က ပြည်သူလူထုအား နေထိုင်ရာ အဆောက်အဦများမှ ဘေးလွတ်ရာသို့ ကြိုတင်ကာကွယ်သည့်အနေဖြင့် ရွှေ့ပြောင်းရန် ဆောင်ရွက်ပေးခဲ့သည်။

အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့၏ ပြောကြားချက်အရ ငလျင်၏အနက်မှာ ၁၀ ကီလိုမီတာရှိကြောင်း သိရသည်။ အထက်ပါငလျင်ကြောင့် အသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုနည်းပါးနိုင်ကြောင်း ခန့်မှန်းထားပြီး ၎င်းနှင့် ပတ်သက်သည့် သတင်းများကို ချက်ချင်းထုတ်ပြန်ခြင်း မရှိသေးချေ။

အမေရိကန်ပစိဖိတ်ဆူနာမီဆိုင်ရာ သတိပေးစင်တာ၏ သတိပေးချက်များအရ ဂျမေကာ၊ ဘီလာဇီ၊ ကျူးဘား၊ ဟွန်ဒူးရပ်စ်၊ မက္ကဆီကိုနှင့် ကေးမန်းကျွန်းစုများ၏ ကမ်းရိုးတန်းဒေသများသို့ ဆူနာမီလှိုင်းများ ၁ မီတာအထိ မြင့်တက်ရောက်ရှိနိုင်ကြောင်း ထုတ်ပြန်ခဲ့သော်လည်း နှစ်နာရီအကြာတွင် အဆိုပါသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ "ကျွန်တော့်ရဲ့ အိမ်လှုပ်ရှားသွားတဲ့အတွက် ဒါဟာ ငလျင်လှုပ်တာလို့ သိလိုက်ရပါတယ်"ဟု ဂျမေကာနိုင်ငံ ကင်စတန်မြို့တွင် နေထိုင်သူ ဂျော်ဝါလာရော်ဂျားက ပြောကြားသည်။ **ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-စိုးသူရ**



ငလျင်လှုပ်ခတ်မှုကြောင့် ဟာဗားနားမြို့ရှိ လမ်းမများပေါ်သို့ ပြည်သူများ ထွက်လာကြသည်ကို တွေ့ရစဉ်။

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်း အကွက်အမှတ် (၅၄၊ ၅၅၊ ၆၅၊ ၆၆)အတွင်း တရားမဝင် ထောက်ကြံ့/ချဉ်ယုတ်/ကညင်/နဘဲခွဲသား ၂၂ ဒသမ ၆၆၈၄ တန်၊ လယ်ဝေးမြို့နယ် ရိုးပင်ကြိုးဝိုင်း အကွက်အမှတ် (၅၆၊ ၆၁)အတွင်း တရားမဝင် သံသေ/ ချဉ်ယုတ်/နဘဲ/သစ်ကဖော်သစ် ၃၈ ဒသမ ၇၃၀၀ တန်၊ ဟုမ္မလင်းမြို့နယ် ရွာမတပ်ကုန်းရွာ အနောက်တောင်ဘက်ငါးမိုင်ခန့်အကွာ၌ တရားမဝင်ချန်ချိန်း၂၂ ကောင် အင်ဂျင်တစ်လုံးပါသစ်စက်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ တရားမဝင် အင်သစ်/ခွဲသား ၈ ဒသမ ၃၆၄၀ တန်၊ ထီးချိုင့်မြို့နယ် ဆူးပုတ်ကုန်းရွာ အနောက်ဘက်တစ်မိုင်ခန့်အကွာ ကြာကြီးအင်းနေရာ၌ တရားမဝင်ကျွန်းသစ် ၉ ဒသမ ၂၃၄၀ တန်၊ ပန်းတောင်းမြို့နယ် ကြိုးပြင်ခုတ်ကွက် ၁၂၈၊ ကြေးစည်ရွာအနီးမှ တရားမဝင်ကျွန်းခွဲသား ၅ ဒသမ ၅၀၁၆ တန် သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား



စုံစမ်းရှာဖွေဖော်ထုတ်၍ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# မြိတ်နှင့် အင်းတော်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မြိတ် ဇန်နဝါရီ ၂၉**

မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်ဇော် ဦးစီးသော တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၂ နာရီခွဲက မြိတ်မြို့နယ် အနောက်မင်းသန်းကျေးရွာနေ တင်စိုး (ခ) အိုချောင်း၏ နေအိမ်အားရှာဖွေရာ တင်စိုး(ခ)အိုချောင်းနှင့်အတူ တစ်ရွာတည်းနေ နေပိုင်စိုး (ခ)မောင်နေနှင့် ပြည့်သိန်းအေး တောင်ပုလဲကျေးရွာ မြိတ်မြို့နေသူတို့သုံးဦးအား တွေ့ရှိ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂ ပြား၊ ၇၀ ဂရမ်ခန့်ပါ ဘိန်းစာမှုန့် သုံးထုပ်၊ ၂၀ ဂရမ်ခန့်ပါ တစ်ထုပ်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တင်စိုး(ခ) အိုချောင်း၊ နေပိုင်စိုး(ခ)မောင်နေနှင့် ပြည့်သိန်းအေးတို့ သုံးဦးကို မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ၂၈ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်က မြိတ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်ဇော် ဦးစီးတပ်ဖွဲ့ဝင်များသည် မြိတ်မြို့နယ် ဆင်ဝင်းရပ် အနောက်ဘက်ရော်ဘာခြံရှိ ဘိုငယ်(ခ)အိုငယ်၏ နေအိမ်ကို ရှာဖွေခဲ့ရာ ဘိုငယ်(ခ)အိုငယ်အား နေအိမ်တွင်တွေ့ရှိပြီး ဘိန်းစာမှုန့် ၇၀ ဂရမ် ခန့်စီပါ စုစုပေါင်း အထုပ် ၁၀၇ ထုပ်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘိုငယ်(ခ)အိုငယ်အား မြိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

**အင်းတော်**

မော်လူးနယ်မြေရဲစခန်းမှ ဒုရဲအုပ်သက်ဦးမောင်နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ အင်းတော်မြို့နယ် ကုန်းခါးကျေးရွာ ရွာအလယ်လမ်းမ၌ စောင့်ဆိုင်းနေစဉ် ကုန်းခါးကျေးရွာမှ တာဖလာ ကျေးရွာသို့ မြင့်သိန်းမောင်းနှင်ပြီး ဝင်းဦးနောက်မှလိုက်ပါလာသော ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅ ပြားကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား အင်းတော်ရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**

# ရေကြည်မြို့နယ်၌ နေအိမ်တစ်လုံး မီးလောင်

**ရေကြည် ဇန်နဝါရီ ၂၉**

ရေကြည်မြို့နယ် ပန်းပုကွင်းကျေးရွာတွင် ထမင်းချက်ရာမှ ဇန်နဝါရီ ၂၈ ရက် ညနေ ၅ နာရီခွဲက နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ ရက် ညနေ ၅ နာရီတွင် ဇော်မင်းဦးသည် ၎င်း၏နေအိမ် မီးဖိုချောင်တွင် ထမင်းချက်ရာမှတစ်ဆင့် ၎င်း၏ နေအိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ဇော်မင်းဦးတွင် မီးလောင်ဒဏ်ရာများ ရရှိခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဇော်မင်းဦးအား ကုန်းပြင်နယ်မြေရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

# နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ် ၃၉၆ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၂၉ ဒသမ ၃၉၄၉ တန်၊ သစ်မာ ၁၀၂ ဒသမ ၆၇၆၁ တန်၊ အခြား ၁၆၃ ဒသမ ၉၆၉၂တန် စုစုပေါင်း ၃၉၆ ဒသမ ၀၄၀၂တန်၊ ပြစ်မှုကျူးလွန်သူ၂၈ဦး၊ ယာဉ်/ယန္တရား ၂၈ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# မော်လမြိုင်၌ ဆိုင်ကယ်ခိုးမှု ကျူးလွန်သူများအား ဖမ်းဆီးရမိ

**မော်လမြိုင် ဇန်နဝါရီ ၂၉**


မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက ဆိုင်ကယ်ခိုးမှုကျူးလွန်သူများအား စစ်ဆေးရာ ဆိုင်ကယ်လေးစီး ခိုးယူထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်မြို့ မုပွန်နယ်မြေရဲစခန်းမှူး ရဲအုပ် အောင်နိုင်ဦးနှင့် နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်တင်ဇော်ဦး ခေါင်းဆောင်သော နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက ခိုးမှုကျူးလွန်သူ မော်လမြိုင်မြို့ သီရိမင်္ဂလာရပ်ကွက်နေ အောင်နိုင်ဦးနှင့် မော်လမြိုင်မြို့ ဈေးကြိုရပ်နေ ဖြိုးဝေတို့နှစ်ဦးအား စစ်ဆေးခဲ့ရာ ဆိုင်ကယ်အမျိုးအစားစုံ လေးစီး သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ခိုးမှုကျူးလွန်သူ အောင်နိုင်ဦးနှင့် ဖြိုးဝေတို့ နှစ်ဦးကို မုပွန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်**



# (၇၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ၁၅ ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ် တစ်ပါး ပေါ်ထွန်း



**နေပြည်တော် ဇန်နဝါရီ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၇၂) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်အထိကျင်းပခဲ့ရာ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ ဘဒ္ဒန္တပညာဝံသာဘိဝံသ သက်တော် ၄၅ နှစ်၊ သိက္ခာတော် ၂၄ ဝါသည် ၁၅ ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒအဖြစ် သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါး ထပ်မံပေါ်ထွန်းခဲ့သည်။

(၆၉) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ ပေါ်ထွက်ခဲ့ပြီးနောက်ပိုင်း သုံးနှစ်ကြာမှသာ ယခုနှစ် (၇၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် တစ်ပါး ထပ်မံပေါ်ထွန်းခဲ့ခြင်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# (၇၂) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန် အောင်စာရင်း

**ရေးဖြေအောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင်**

**တိပိဋကကောဝိဒ(၁)ပါး**

၁။ ပလ္လင်အမှတ် (၂၃၇) အရှင်ပညာဝံသာဘိဝံသ၊ အသက်(၄၅) နှစ်၊ သိက္ခာ(၂၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်**

**ဒီဃနိကာယကောဝိဒ(၂)ပါး**

၁။ ပလ္လင်အမှတ်(၂၅၇) အရှင်ဇနိန္ဒ၊ အသက် (၄၃)နှစ်၊ သိက္ခာ(၂၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၆၄) အရှင်ဝါသဝါလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ (၁၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင်**

**ဝိနယကောဝိဒ (၅)ပါး**

၁။ ပလ္လင်အမှတ်(၃၀၃) အရှင်ပညိန္ဒ(ခင်ဦး) ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၂၀) အရှင်အဂ္ဂသီလ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၂၅) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၃၃) အရှင်ဇနိတာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၃၇) အရှင်စန္ဒသာရာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ မြစ်ကွေ့ကျောင်း၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင်**

**ဥဘတောဝိဘင်္ဂကောဝိဒ(၉)ပါး**

၁။ ပလ္လင်အမှတ်(၃၅၁) အရှင်ရေဝတ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆) ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၆၀) အရှင်ပညာဝံသ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ
ရွှေကျင်တိုက်သစ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၇၈) အရှင်ဇောတိကာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၈၅) အရှင်ပညာသီဟာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၄၀၈) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၄၁၀) အရှင်နန္ဒကာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၄၂၃) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၄၃၂) အရှင်ဝိသုတာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ
မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၄၃၃) အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အာဂုံပြန်အောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင်**

**မူလအာဘိဓမ္မိက (၁)ပါး**

၁။ ပလ္လင်အမှတ်(၃) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်၊မုံရွာမြို့၊စစ်ကိုင်းတိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်း အာဂုံအောင်**

**ဒီဃဘာဏက(၄) ပါး**

၁။ ပလ္လင်အမှတ်(၄) အရှင်ဥတ္တမ(ခတ်ချို)၊ အသက်(၄၂)နှစ်၊ သိက္ခာ(၂၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၅) အရှင်စန္ဒသိရီ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၉) အရှင်စန္ဒဇောတိ၊ အသက် (၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ ရွှေတောင်ဦးတိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (ဝိသိဋ္ဌ)

၄။ ပလ္လင်အမှတ်(၁၁) အရှင်သောဘန၊ အသက်(၃၂)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**

**ဝိနယဓရ(၂၄)ပါး**

၁။ ပလ္လင်အမှတ်(၂၃) အရှင်ကေသဝ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကစုဆန်းလီစာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၅) အရှင်သုမန၊ အသက်(၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၇) အရှင်တေဇောသာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကစုဆန်းလီစာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၂၈) အရှင်ဩဘာသာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၂၉) အရှင်ကောဝိဒ(မွန်)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၆) အရှင်ပညာသာရလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၃၇) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၀)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၃၈) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၀)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၄၁) အရှင်ကောသလ္လ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ ရွှေတောင်ဦးတိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၄၃) အရှင်ကေသရ(ရွှေဆိပ်မြေ)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
**(အထူးအောင်)**

၁၁။ ပလ္လင်အမှတ်(၄၉) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ
ရွှေတောင်ဦးတိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ်(၅၄) အရှင်ဝိလာသ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ
ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၆၄) အရှင်ဝရဉာဏ၊ အသက် (၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ
ဝင်းစိန်ကံ့ကော်ကျောင်းတိုက်၊ သထုံမြို့၊ မွန်ပြည်နယ်

၁၄။ ပလ္လင်အမှတ်(၆၅) အရှင်အဂ္ဂဝံသာလင်္ကာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရှာငံမြို့၊ ရှမ်းပြည်နယ်

*(ဆက်လက်ဖော်ပြပါမည်)*

# ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(၄) မြန်မာနိုင်ငံရှေ့နေများကောင်စီ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊

(၅) လိုအပ်သော အခြားလုပ်ငန်းကော်မတီများ။

(င) ရှေ့နေပညာ နိုင်ငံတကာအဆင့်မီတိုးတက်ရေး၊ ရှေ့နေများ အရည်အသွေးပြည့်ဝရေးနှင့် မွန်မြတ်သောရှေ့နေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးတို့အတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(စ) ရှေ့နေပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများ ကြီးမှူးကျင်းပခြင်းနှင့် ရှေ့နေပညာရပ်များ ဖလှယ်ခြင်း၊

(ဆ) ရှေ့နေလိုက်သူများ စောင့်ထိန်းလိုက်နာရမည့် ရှေ့နေကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်း၊ ယင်းတို့ကို စောင့်ထိန်းလိုက်နာကြစေရန် အသိပညာဖြန့်ဝေခြင်း၊

(ဇ) ရှေ့နေကျင့်ဝတ်သိက္ခာနှင့်မညီသော တရားလွှတ်တော်ရှေ့နေများအား သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး စီမံခန့်ခွဲရေးအရ အရေးယူခြင်း၊

(ဈ) ရှေ့နေကျင့်ဝတ်သိက္ခာနှင့်အညီ တရားမျှတမှုအတွက် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုသည့် တရားလွှတ်တော်ရှေ့နေများ၏ အခွင့်အရေးများနှင့် ကင်းလွတ်ချက်များကို အကာအကွယ်ပေးခြင်း၊

(ည) တည်ဆဲဥပဒေများကိုသုံးသပ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းရေးအတွက် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ပြုနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြံပြုခြင်း၊

(ဋ) ဒေသဆိုင်ရာရှေ့နေများ ကောင်စီဝင်များရွေးချယ်တင်မြှောက်ခြင်း၊ ယင်းကောင်စီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ခြင်းတို့ပြုရာတွင် ဖြစ်နိုင်သမျှ တစ်ပြေးညီ ဖြစ်စေရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးခြင်းနှင့် ယေဘုယျကြီးကြပ်ခြင်း၊

(ဌ) အကြောင်းတစ်စုံတစ်ရာကြောင့် ဒေသဆိုင်ရာရှေ့နေများကောင်စီ တစ်ခုခုကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့်အခါ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် အထူးကော်မရှင်ဖွဲ့စည်းပြီး အဆိုပါဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပစေခြင်း၊

(ဍ) ဒေသဆိုင်ရာ ရှေ့နေများကောင်စီများက တောင်းခံလာသည့် ဥပဒေရေးရာနှင့် ရှေ့နေကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးတို့အတွက် အကြံဉာဏ်ပေးခြင်း၊

(ဎ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အများပြည်သူတို့ ဥပဒေရေးရာ သိကောင်းစရာများကို အသိပညာပေးခြင်း၊

(ဏ) ပြည်သူများအား ဥပဒေရေးရာ အထောက်အကူပေးရေးအတွက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(တ) သက်ဆိုင်ရာ ပညာရေးဥပဒေနှင့်အညီ ပုဂ္ဂလိကတို့မှ ဖွင့်လှစ်သည့် ဥပဒေပညာသင်ကြားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံတို့မှ သင်ကြားသော သင်ရိုးညွှန်းတမ်းများအား စိစစ်ပြီး အကြံပြုခြင်းနှင့် ယင်းတို့မှ ချီးမြှင့်သည့် ဘွဲ့ဒီဂရီနှင့် ဒီပလိုမာများကို အသိအမှတ်ပြုခြင်း၊

(ထ) မသန်စွမ်းသော၊ နွမ်းပါးသော သို့မဟုတ် မကျန်းမာသော တရားလွှတ်တော်ရှေ့နေများအား မြန်မာနိုင်ငံရှေ့နေများကောင်စီ ရန်ပုံငွေမှ သင့်လျော်သော ထောက်ပံ့ငွေများ ချီးမြှင့်ခြင်း၊

(ဒ) ဝါရင့်တရားလွှတ်တော်ရှေ့နေများက အလုပ်သင်ရှေ့နေများအား ဥပဒေပညာသင်တန်းများကို ပေးရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဓ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီရန်ပုံငွေသို့ တရားလွှတ်တော်ရှေ့နေများက ပေးသွင်းရမည့် ဝင်ကြေးနှင့် နှစ်စဉ်ကြေးများကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(န) ဥပဒေပညာရပ်ဆိုင်ရာ ပညာပေးစာအုပ်၊ စာစဉ်၊ ဂျာနယ်နှင့် စာစောင်များပြုစုရေးနှင့် ပုံနှိပ်ဖြန့်ချိရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်း၊

(ပ) ဥပဒေပညာပြန့်ပွားရေးအတွက် ပြည်တွင်း ပြည်ပ ဥပဒေပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများနှင့် စာစောင်များ စုဆောင်းပြီး စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ဥပဒေပညာရပ်ဆိုင်ရာ စာကြည့်တိုက်ကို ရှေ့နေလိုက်သူများ အသုံးပြုသည့် အလေ့အကျင့်များ တိုးပွားစေရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ဖ) နိုင်ငံခြားရှိ ဥပဒေပညာရပ်ဆိုင်ရာ တက္ကသိုလ်တစ်ခုခုမှ ချီးမြှင့်သော ဥပဒေဘွဲ့၊ ဒီဂရီတစ်ခုခုကို နှစ်နိုင်ငံ သဘောတူညီချက်အရ သတ်မှတ်ချက်များနှင့်အညီ အပြန်အလှန် အသိအမှတ်ပြုခြင်း၊ မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ဗ) နိုင်ငံတကာ ဥပဒေပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ ရှေ့နေအသင်းများ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဘ) ဤဥပဒေအရပေးအပ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၅)
## ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ဖွဲ့စည်းခြင်း

၁၃။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှေ့နေများကောင်စီကို ဖွဲ့စည်းရမည်–

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ် | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီး တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရှေ့နေလိုက်သူများက ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေ အနည်းဆုံး ၃ ဦးမှ အများဆုံး ၉ ဦး | အဖွဲ့ဝင်များ |
| (ဃ) | ပုဒ်မခွဲ(ဂ) အရ ရွေးချယ်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေတစ်ဦး | အတွင်းရေးမှူး |
| (င) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေအရာရှိ | တွဲဖက်အတွင်းရေးမှူး |

၁၄။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် နေပြည်တော်ကောင်စီနှင့် ညှိနှိုင်းပြီး အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် နေပြည်တော်ကောင်စီရှေ့နေများကောင်စီကို ဖွဲ့စည်းရမည် –

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသည့် ညွှန်ကြားရေးမှူးချုပ် တစ်ဦး | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စု တရားသူကြီးချုပ်က တာဝန်ပေးသည့် ညွှန်ကြားရေးမှူးချုပ် တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ရှေ့နေလိုက်သူများက ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေ အနည်းဆုံး ၂ ဦးမှ အများဆုံး ၅ ဦး | အဖွဲ့ဝင်များ |
| (ဃ) | ပုဒ်မခွဲ (ဂ) အရ ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော် ရှေ့နေတစ်ဦး | အတွင်းရေးမှူး |
| (င) | ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသည့် ဥပဒေအရာရှိ | တွဲဖက်အတွင်းရေးမှူး |

၁၅။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ၏ အဖွဲ့ဝင်အဖြစ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) အရ ရွေးချယ်တင်မြှောက်ခြင်းခံရမည့်သူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် –

(က) ပုဒ်မ ၅၊ ပုဒ်မခွဲ (က) မှ (င) အထိ ပါရှိသော အချက်များ၊

(ခ) တရားလွှတ်တော်ရှေ့နေအဖြစ် ရှေ့နေလုပ်သက် အနည်းဆုံး ၅ နှစ်ရှိသူ ဖြစ်ရမည်။

၁၆။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ပဋိညာဉ်ချုပ်ဆိုပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ ရယူပိုင်ဆိုင်ခွင့်၊ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ ဆက်ခံပိုင်ခွင့်၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ဆက်ခံပိုင်ခွင့်၊ မိမိအမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်တို့ ရှိသည်။

၁၇။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များအနက် ရာထူးအလျောက် ခန့်အပ်တာဝန်ပေးခြင်းခံရသူများမှအပ ကျန်ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များ၏ ရာထူးသက်တမ်းသည် စတင်ဖွဲ့စည်းတာဝန်ပေးသည့်နေ့မှ တစ်ကြိမ်လျှင် (၃/၄/၅) နှစ် ဖြစ်သည်။

၁၈။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များအနက် ရာထူးအလျောက် ခန့်အပ်တာဝန်ပေးခြင်းခံရသူများမှအပ ကျန်ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များသည် –

(က) ရာထူးသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်အထိ တာဝန်ထမ်းဆောင်နိုင်ခွင့် ရှိသည်။

(ခ) ဤဥပဒေအရ ပေးအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ခြင်းအတွက် နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက ပြည်ထောင်စုရှေ့နေချုပ်၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၁၉။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်တစ်ဦးဦးအား ရာထူးရုပ်စဲခြင်း၊ လစ်လပ်သည့် ရာထူးနေရာတွင် အစားထိုးခန့်အပ်ခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းနှင့် အစားထိုးတာဝန်ပေးခြင်းခံရသူ၏ ရာထူးသက်တမ်းတို့သည် ပုဒ်မ ၁၀ နှင့် ၁၁ ပါ အတိုင်းဖြစ်သည်။

## အခန်း (၆)
## ဒေသဆိုင်ရာ ရှေ့နေများကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၀။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားမှုများကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရခွင့်ပြုပါက အထက်တန်းရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း၊

(ဂ) အထက်တန်းရှေ့နေများ၏ မှတ်ပုံတင်စာရင်းနှင့် မှတ်တမ်းများကို ပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း၊

(ဃ) မိမိ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မိမိကောင်စီဝင် အနည်းဆုံး ၃ ဦးမှ အများဆုံး ၅ ဦးအထိ ပါဝင်သည့် အောက်ပါလုပ်ငန်းကော်မတီများ (နှင့် ခုံရုံး)ကို ဖွဲ့စည်းပြီး တာဝန်ပေးခြင်း –

(၁) အထက်တန်းရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ/ ခုံရုံး)၊

(၂) အထက်တန်းရှေ့နေများအား စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊

(၃) ဒေသဆိုင်ရာ ဥပဒေအထောက်အကူပေးရေး ညှိနှိုင်းမှုလုပ်ငန်းကော်မတီ၊

(၄) ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊

(၅) လိုအပ်သော အခြားလုပ်ငန်းကော်မတီများ။

(င) ရှေ့နေပညာ အဆင့်မီတိုးတက်ရေး၊ ရှေ့နေများ အရည်အသွေးပြည့်ဝရေးနှင့်မွန်မြတ်သောရှေ့နေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးတို့အတွက် ပြည်တွင်းမှ ဥပဒေဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ရှေ့နေပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများ ကြီးမှူးကျင်းပခြင်းနှင့် ရှေ့နေပညာရပ်များ ဖလှယ်ခြင်း၊

(ဆ) သတ်မှတ်ထားသည့် ရှေ့နေကျင့်ဝတ်သိက္ခာများနှင့်အညီ ရှေ့နေလိုက်သူများ စောင့်ထိန်းလိုက်နာကြစေရန် အသိပညာဖြန့်ဝေခြင်း၊

(ဇ) ရှေ့နေကျင့်ဝတ်သိက္ခာနှင့်မညီသော အထက်တန်းရှေ့နေများအား သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး စီမံခန့်ခွဲရေးအရ အရေးယူခြင်း၊

(ဈ) ရှေ့နေကျင့်ဝတ်သိက္ခာနှင့်အညီ တရားမျှတမှုအတွက် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုသည့် အထက်တန်းရှေ့နေများ၏ အခွင့်အရေးများနှင့် ကင်းလွတ်ချက်များကို အကာအကွယ်ပေးခြင်း၊

(ည) တည်ဆဲဥပဒေများကို သုံးသပ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းရေးအတွက် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ပြုနိုင်ရန် မြန်မာနိုင်ငံရှေ့နေများကောင်စီသို့ အကြံပြုခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# မန္တလေးတိုင်းဒေသကြီး၌ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူနေမှုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၉**
နိုင်ငံတကာ၌ အသုံးပြုနေသည့် Mobile Tablet အသုံးပြု၍ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းများကောက်ယူနေမှုကို မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက လိုက်လံကြည့်ရှုခဲ့ကြသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းများကို ဇန်နဝါရီ ၁၅ ရက်မှ စတင်ကောက်ယူလျက်ရှိပြီး ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်အတွင်း သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က အိမ်ထောင်စုဝင်များအား သန်းခေါင်စာရင်းကောက်ယူနေမှုများကို လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လူတစ်ဦးတစ်ယောက်ချင်း၊ အိမ်တစ်လုံးချင်း၊ ပြည်သူပြည်သားများ၏ အကြောင်းအရာများကို အသေးစိတ်ကောက်ယူခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကော်မတီကို ပြည်ထောင်စုအဆင့်မှ ရပ်/ကျေးအဆင့်အထိ သန်းခေါင်စာရင်းကော်မတီကို အဆင့်ဆင့်ဖွဲ့စည်းကာ ပါဝင်ထိုက်သည့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ခဲ့ကြသည်။

မေးခွန်း ၁၁၀ ခုဖြင့် ကောက်ယူခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ် ၇၀၊ စာရင်းကောက် ၂၁၀ ဖြင့် မန္တလေးခရိုင်ခုနစ်ခု၌ ကောက်ကွက်ပေါင်း ၄၉၀ ကွက်၊ တစ်ကွက်လျှင် အိမ်ထောင်စု ၃၅ စုခန့်ဖြင့် ရက်သတ္တနှစ်ပတ်အတွင်းကောက်ယူသွားမည်ဖြစ်သည်။

**တင်မောင် (မန်းကိုယ်ပွား)**



# ချင်းပြည်နယ် ပလက်ဝမြို့ ကုလားတန်မြစ်ကူးတံတား (ပလက်ဝ) ပြီးစီးတော့မည်

**ပလက်ဝ ဇန်နဝါရီ ၂၉**
ချင်းပြည်နယ် ပလက်ဝမြို့တွင် တည်ဆောက်ဆဲဖြစ်သော ကုလားတန်မြစ်ကူးတံတား(ပလက်ဝ) သည် ချင်းပြည်နယ်တွင် အကြီးဆုံးနှင့် အရှည်လျားဆုံး မြစ်ကူးတံတားတစ်စင်းဖြစ်သည်။ ပလက်ဝ-မတူပီ ကားလမ်းပေါ်တွင်တည်ရှိပြီး မတ်လကုန်တွင် ပြီးစီးမည်ဖြစ်သည်။

တံတားအရှည် ၅၉၂ မီတာ (၁၉၄၂ ပေ)၊ အကျယ် ၉ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၅ မီတာ၊ လူသွားလမ်းအကျယ် တစ်မီတာ နှစ်ဖက်၊ ခွင့်ပြုယာဉ်အလေးချိန် Hs-25 lond Class ဖြစ်သည်။

ပလက်ဝမြို့နယ်သည် ယခင်က ရေကြောင်းတစ်ခုသာ သွားလာရန် အားကိုးနေရပြီး ကုလားတန်မြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည့် မြို့တစ်မြို့ဖြစ်သည်။

**ရာသီမရွေးသွားလာနိုင်**

အဆိုပါ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ) ပြီးစီးပါက ပလက်ဝမြို့မှ ပလက်ဝ-မတူပီ၊ ချင်းပြည်နယ်အတွင်း မြို့များနှင့် ဟားခါး၊ မန္တလေး၊ ရန်ကုန်၊ မြန်မာနိုင်ငံအနှံ့မြို့များသို့ အဆင်ပြေချောမွေ့စွာ ရာသီမရွေးသွားလာနိုင်မည်ဖြစ်သည်။

ထို့အပြင် ရခိုင်ပြည်နယ် စစ်တွေ-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်သော ကားလမ်းလည်းဖြစ်သောကြောင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ တိုးတက်လာမည်ဖြစ်သည်။

**မြို့နယ် (ပြန်/ဆက်)**

**မွန်ပြည်နယ် သထုံမြို့ အမှတ်(၂၁) အကြီးစားစက်ရုံ(တာယာစက်ရုံ) ဝန်ထမ်းမိသားစုများ၊ လျှပ်စစ်ခေတ်အားပေးစက်ရုံဝန်ထမ်းမိသားစုများ၊ နယ်မြေခံတပ်မိသားစုများနှင့် အလက (တာယာစက်ရုံ) ဆရာ ဆရာမများစုပေါင်း၍ အနှိုင်းမဲ့မေတ္တာသွေးနှင့် အောက်ဆီဂျင်အခမဲ့ ကူညီမှုအသင်း(သထုံ)သို့ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက (သွေး၊ အောက်ဆီဂျင်၊ ရေ) အလှူတော် ရာသက်ပန်ပဒေသာ ၃၃ ပင် တန်ဖိုးငွေကျပ် ၃၃၀၀၀၀၀ ကို အဖွဲ့ကိုယ်စား တာယာစက်ရုံမှူး ဦးထွန်းထွန်းဇော် လှူဒါန်းခဲ့စဉ်။**
နန္ဒကျော်စွာ



## အနုပညာ

# တေးသီချင်းသစ်ကို ပထမဆုံးအကြိမ် ဖျော်ဖြေခဲ့တဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားသော အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ မကြာသေးမီက ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းသစ်ကို ရုပ်သံအစီအစဉ်မှာ ပထမဆုံးအကြိမ် တိုက်ရိုက်ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အစီအစဉ်တင်ဆက်သူ ဂျိမ်းစ်ကော်ဒန်ရဲ့ "The Late Late Show with James Corden" အစီအစဉ်မှာ BTS ပါဝင်ခဲ့တာပါ။ ဒီအစဉ်မှာ BTS ဟာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Black Swan" ကို ပထမဆုံးအကြိမ်ဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။ ဒီလိုဖျော်ဖြေရာမှာ အဖွဲ့ဝင်တွေဟာ ဖိနပ်မစီးထားဘဲ ခြေဗလာနဲ့ ဖျော်ဖြေတင်ဆက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

BTS ဟာ အဆိုပါတေးသီချင်းကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၇ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါ တေးသီချင်းဟာ လတ်တလောမှာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးတေးသီချင်း ၁၀၀ စာရင်းမှာ ပါဝင်နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းတေးသီချင်းဟာ လာမယ့် ဖေဖော်ဝါရီ ၂၁ ရက်မှာ စတင်ထုတ်လွှင့်သွားမယ့် BTS ရဲ့ တေးအယ်လ်ဘမ်သစ် "Map of the Soul: 7" မှာ ပါဝင်မယ့် တေးသီချင်းသစ် တစ်ပုဒ်လည်းဖြစ်ကြောင်း သိရပါတယ်။

BTS ဟာ လတ်တလောမှာ ဟွန်ဒါယာဉ်တွေရဲ့ ကမ္ဘာလုံးဆိုင်ရာ သံတမန်တွေအဖြစ် ထပ်မံရွေးချယ်ခံခဲ့ရကြောင်း သိရပါတယ်။ အဆိုပါ တေးဂီတအဖွဲ့ဟာ တောင်ကိုရီးယား ကားကုမ္ပဏီတစ်ခုဖြစ်တဲ့ ဟွန်ဒါရဲ့ သံတမန်တွေအဖြစ် ၂၀၁၈ ခုနှစ်အတွင်းကလည်း ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၂၀ ပြည့်နှစ်မှာလည်း ပြန်လည်ခန့်အပ်ခံခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။



# ဆိုးလ်တေးဂီတဖျော်ဖြေပွဲကို တက်ရောက်နိုင်ခြင်းမရှိတဲ့ ဝှီးအင်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ MAMAMOO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဝှီးအင်ဟာ မကြာမီကျင်းပသွားမယ့် ယခုနှစ်ရဲ့ ဆိုးလ်တေးဂီတဖျော်ဖြေပွဲကို တက်ရောက်နိုင်ခြင်းမရှိကြောင်း လတ်တလော ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၉ ရက်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက ဝှီးအင်အနေနဲ့ ဇန်နဝါရီ ၃၀ ရက်မှာ ပြုလုပ်မယ့် (၂၉) ကြိမ်မြောက် ဆိုးလ်တေးဂီတဆုပေးပွဲကို အခြားသောအဖွဲ့ဝင်တွေနဲ့ အတူ တက်ရောက်နိုင်ခြင်းမရှိကြောင်း ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ဒီလို မတက်ရောက်နိုင်တာကတော့ ပေ့ါပ်ကြယ်ပွင့်ရဲ့ ကျန်းမာရေးအခြေအနေကြောင့်ဖြစ်ကြောင်းလည်း တစ်ပါတည်း အသိပေးခဲ့ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ ဝှီးအင်ဟာ ဆေးရုံမှာ စစ်ဆေးမှုတွေခံယူခဲ့ရာမှာတော့ တုပ်ကွေးဖြစ်နေကြောင်းနဲ့ ဆရာဝန်တွေက သူ့ကို အနားယူခိုင်းတာကြောင့် အခမ်းအနားမတက်ဖြစ်တော့ကြောင်း သိရပါတယ်။ ဒါ့အပြင် အေဂျင်စီက ဒီသတင်းကြောင့် ပရိသတ်တွေကို စိတ်ပူပန်စေပါက တောင်းပန်လိုကြောင်းနဲ့ ဝှီးအင်အနေနဲ့ အတတ်နိုင်ဆုံးမြန်မြန် ပရိသတ်ရှေ့ အရောက်ပြန်လာနိုင်အောင် ကြိုးပမ်းသွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

# ကမ္ဘာတစ်ဝန်းက တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ Super Junior

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Super Junior ဟာ အဖွဲ့ရဲ့ ပြန်လည်စုစည်းထုတ်လုပ်လိုက်တဲ့ တေးအယ်လ်ဘမ်နဲ့ လတ်တလောမှာ ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယားတွေမှာ နံပါတ်တစ်နေရာကို ရယူထားနိုင်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Super Junior ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၈ ရက်မှာ အဖွဲ့ရဲ့ တေးသီချင်းဟောင်းတွေပါဝင်တဲ့ ပြန်လည်စုစည်းထားတဲ့ တေးအယ်လ်ဘမ် "Timeless" ကို စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်ထုတ်လွှင့်ပြီးနောက် နာရီပိုင်းအကြာမှာ ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယားတွေမှာ ထိပ်ဆုံးမှာရပ်တည်နေကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၉ ရက်မှာ အဆိုပါတေးအယ်လ်ဘမ်ဟာ ဒေသ ၂၇ ခုထက်မနည်းမှာ တေးဂီတဇယားရဲ့ ထိပ်ဆုံးမှာ နေရာရနေခဲ့ပါတယ်။ ဒီထဲမှာ ဖိလစ်ပိုင်၊ အီဂျစ်၊ မကာအို၊ ဟောင်ကောင်၊ ရုရှား၊ ယူအေအီးစတဲ့ ကမ္ဘာ့ဒေသအသီးသီးက နိုင်ငံတွေ ပါဝင်နေကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## သတင်းစုံကဏ္ဍ

### သုတဘဏ်စာတမ်းဖတ်ပွဲ ကျင်းပမည်

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူး၍ သုတဘဏ်စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် သိပ္ပံကျော်စွာ ဦးကျော်ဝင်း (အမျိုးသားစာပေဆုရ စာရေးဆရာ မနုသကျော်ဝင်း)က "အဖိုးတန်ဒဏ္ဍာရီနှင့် ပါးစပ်ရာဇဝင်" စာတမ်းနှင့် ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)က "ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါအကြောင်း သိကောင်းစရာ" စာတမ်းများ ဖတ်ကြားကြမည်ဖြစ်သည်။

အဆိုပါ သုတဘဏ်စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အစည်းအဝေးခန်းမ (၈)လွှာ၊ အမှတ် (၁၇၃/၁၇၅)၊ ပန်းဆိုးတမ်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သိရသည်။ **သန့်ဇော်**

### စဉ်ဆက်မပြတ်ဆေးပညာနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ "NOVEL coronavirus 2019-nCoV Infection" ခေါင်းစဉ်ဖြင့် စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲကို အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင် (စီ)တွင် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီမှ မွန်းလွဲ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ယင်းဟောပြောပွဲတွင် ပါမောက္ခရဲမြင့်က Moderator အဖြစ်ဆောင်ရွက်၍ ဒေါက်တာခင်ခင်ကြီး၊ ပါမောက္ခမိုးမိုးစမ်း၊ ဒေါက်တာဥမ္မာရွှေတင်တို့က ဟောပြောမည်ဖြစ်သည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီမှ မွန်းလွဲ ၃ နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင် (စီ)၌ပင် "ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ပြည်သူလူထု ကျန်းမာရေးအသိပေးဟောပြောပွဲကို ကျင်းပမည်ဖြစ်ပြီး ပါမောက္ခ ခင်ပြုံးကြည်က သဘာပတိအဖြစ် ဆောင်ရွက်၍ ပါမောက္ခ စပယ်ဖြူ၊ ပါမောက္ခ ခေမာမြ၊ ဒေါက်တာဉာဏ်ထက်လွင်တို့က ဟောပြောပို့ချမည်ဖြစ်ကြောင်းနှင့် မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **ကြေးမုံ**

### မြိတ်ရှော့ပင်းစင်တာ၌ ထိုင်းကုန်စည်ပြပွဲ ကျင်းပမည်

ထိုင်းကုန်စည်ပြပွဲကြီးကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ မြိတ်ရှော့ပင်းစင်တာ၌ ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိ လေးရက်ဆက်တိုက် နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ထိုင်းကုန်စည်ပြပွဲကြီး၌ အစားအသောက်နှင့် အဖျော်ယမကာများ၊ လျှပ်စစ်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ အထွေထွေပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို ထိုင်းနိုင်ငံရှိ နာမည်ကြီး ကုန်အမှတ်တံဆိပ်ကုမ္ပဏီပေါင်း ၄၀ ကျော်က ဆိုင်ခန်းပေါင်း ၄၂ ခန်းဖြင့် ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထိုင်းအနုပညာပြပွဲနှင့် ထိုင်းရိုးရာအကအလှဖျော်ဖြေပွဲများ၊ ထိုင်းအစားအစာများနှင့် ချက်ပြုတ်သည့် အစီအစဉ်များ၊ မိတ်ကပ်ပြင်ဆင်သည့်အစီအစဉ်များ၊ မြန်မာနိုင်ငံမှ နာမည်ကျော်အနုပညာရှင်များပါဝင်ကြသည့် ဖျော်ဖြေရေးအစီအစဉ်များ၊ ဖက်ရှင်ရှိုးများအပါအဝင် စိတ်ဝင်စားဖွယ်ရာ ကံစမ်းမဲအစီအစဉ်များပါဝင်မည်ဖြစ်ကာ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် လုပ်ငန်းအကြောင်းအရာများ ဆွေးနွေးညှိနှိုင်းနိုင်ခြင်းနှင့် စီးပွားမိတ်ဖက်အဖြစ် ရင်းနှီးမြှုပ်နှံမှုများအတွက် ဆွေးနွေးပြောဆိုနိုင်မည့် အစီအစဉ်များပါဝင်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

### ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် ဖေဖော်ဝါရီလတွင် ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၂၀ ကို ဖေဖော်ဝါရီလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုဖိုရမ် ပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာဒေသများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများကို ဖော်ထုတ်ပြသခြင်းဖြစ်ပြီး ဖိုရမ်မှတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များနှင့် ပြည်တွင်းလုပ်ငန်းရှင်များအကြား ချိတ်ဆက်ပေးကာ ထိုမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

## ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ အခြေခံပညာကျောင်း ၃၁ ကျောင်းအား အန္တရာယ်ရှိ အသင့်စားမုန့်ကင်းစင်ရေးနယ်မြေအဖြစ် သတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ အခြေခံပညာကျောင်း ၃၁ ကျောင်းအား အန္တရာယ်ရှိအသင့်စားမုန့် ကင်းစင်ရေး နယ်မြေအဖြစ် သတ်မှတ်သည့်အနေဖြင့် အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက(၄)နှင့် အထက (၅) မြောက်ဒဂုံတို့တွင် အန္တရာယ်ရှိ အသင့်စားမုန့်ကင်းစင်ကျောင်းဆိုင်းဘုတ်များ စိုက်ထူခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ဒဂုံ မြို့သစ်(မြောက်ပိုင်း) မြို့နယ် ဘုရင့်နောင်လမ်းရှိ အထက(၃) မြောက်ဒဂုံ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းစီမံချက်ကို မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျောင်းများကို စစ်ဆေးခြင်း၊ ရောင်းချသူများအား ပညာပေးခြင်း၊သတိပေးခြင်း၊ခံဝန်ကတိထိုးစေခြင်းနှင့် ဆိုင်ပိတ်သိမ်းသည်အထိ အဆင့်ဆင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောင်းတွေမှာ ပုံမှန်စစ်ဆေးတာတွေ၊ ရှောင်တခင်စစ်ဆေးတာတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပညာရေးမှူး ဦးတင်လှက ပြောသည်။

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းအနေဖြင့် မူးယစ်ဆေးဝါးကင်းစင်ရေးနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုဥပဒေကို အကောင်အထည်ဖော်သည့်အနေဖြင့် ကျောင်းရှေ့မျက်နှာစာလမ်းမနှင့် ပေ ၁၀၀ အတွင်း မူးယစ်ဆေးဝါး၊ အရက်၊ ဘီယာ၊ ကွမ်းယာ၊ ဆေးလိပ်နှင့် အန္တရာယ်ရှိ အသင့်စားမုန့်များရောင်းချခွင့်ကို တားမြစ်သော ဆိုင်းဘုတ်များစိုက်ထူပြီး ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များဖြင့် အဆိုပါဆိုင်များအားဖယ်ရှားရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်း ဒုတိယဥက္ကဋ္ဌ သရုပ်ဆောင် အကယ်ဒမီ ကိုဝေဠုကျော်က "အရင်က အသက် ၄၀ ကျော်မှ ဖြစ်ပွားလေ့ရှိတဲ့ ဆီးချို၊ ကင်ဆာ၊ နှလုံး၊ လေငန်း စတာတွေဟာ အခုအချိန်မှာ အခြေခံပညာကျောင်းသားအရွယ် ကလေးတွေမှာပါ ဖြစ်ပွားလာတာကို တွေ့ရပါတယ်။ အသင့်စားမုန့်တွေကို နေ့စဉ်လိုလို မကြာခဏ စားသုံးတဲ့အလေ့အထတွေကြောင့် ဖြစ်ရတယ်ဆိုတာတွေ့ရှိရလို့ ဒီလိုရောဂါတွေဖြစ်ပွားမှုမှ လျှော့ချနိုင်ဖို့ ကျောင်းမုန့်ဈေးတန်းတွေမှာ အန္တရာယ်ရှိအသင့်စားမုန့်ကင်းစင်ရေးစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းအနေဖြင့် အဆိုပါလုပ်ငန်းစီမံချက်အား တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထက်**



## ကျိုက်ဝိုင်း မသန်စွမ်းသက်ငယ်သင်တန်းသို့ အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းမသန်စွမ်းသက်ငယ်သင်တန်းကျောင်းရှိ ဉာဏ်ရည်မသန်စွမ်းသူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူ လူငယ်မောင်မယ်များ၏ ရေးဆွဲထားသည့်ပန်းချီကားချပ်များနှင့် လက်မှုပညာများ၊ပန်းချီပညာရှင်ခြောက်ဦးရေးဆွဲထားသော ပန်းချီကားများ ရောင်းချရငွေလှူဒါန်းခြင်းနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းမသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ပန်းချီအနုပညာပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို သုံးရက်တိုင်တိုင် ကျင်းပခဲ့ပြီး ပန်းချီကားချပ်များ ရောင်းချရငွေနှင့် "ပန်ပန်ကော်ဖီ" ဆိုင်၏ လူငယ်လုပ်ငန်းရှင် အမျိုးသမီး မမေမျိုးမြင့်ခိုင်က ကော်ဖီ၊ လက်ဖက်ရည်၊ ကိတ်ရောင်းချရငွေများကိုလည်း ကျိုက်ဝိုင်းမသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ လှူဒါန်းခြင်းဖြစ်သည်။

အဆိုပါပွဲ ဦးဆောင်ကျင်းပသူ Academic Weekly ဂျာနယ်အယ်ဒီတာချုပ် ရိုးပြေပြစ်အောင်က "သက်ငယ်ဉာဏ်ရည်မသန်စွမ်းသူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူတို့ကို စိတ်ဓာတ်ခွန်အားဖြစ်စေမယ့် ဂိမ်းကစားနည်းနှစ်မျိုးနဲ့ ယှဉ်ပြိုင်စေခဲ့ပြီး ပ၊ ဒု၊ တနဲ့ နှစ်သိမ့်ဆုတစ်ဆုချီးမြှင့်ပေးခဲ့ပါတယ်" ဟု ပြောသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

## မင်္ဂလာဒုံ-တညင်းကုန်းလမ်းပိုင်းပွင့်ပြီဖြစ်၍ မြို့ပတ်ရထားလမ်းပိုင်းစနစ် ပြန်လည်ချိတ်ဆက်မိ

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြို့ပတ်ရထားလမ်းပိုင်းကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပုရွက်ဆိတ်ကုန်း-ရေကူးဘူတာအတွင်းလမ်းနှင့် တညင်းကုန်း-မင်္ဂလာဒုံအပြင်လမ်း ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှု ဇန်နဝါရီလကုန်ပိုင်းတွင် ပြီးစီးမည်ဖြစ်၍ တစ်ဆက်တည်း ပိတ်ထားသော မင်္ဂလာဒုံ-တညင်းကုန်းလမ်းပိုင်းပွင့်သွားမည်ဖြစ်ရာ မြို့ပတ်ရထားလမ်းပိုင်းစနစ် ပြန်လည်ချိတ်ဆက်မိပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြို့ပတ်ရထားလမ်းအနောက်ခြမ်းဖြစ်သော ကြည့်မြင်တိုင်ဘူတာအပြင်လမ်းကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၉ ရက်မှစတင်၍ အဆင့်မြှင့်တင်ခဲ့ပြီး ပုရွက်ဆိတ်ကုန်း-ရေကူးဘူတာအတွင်းလမ်းပိုင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှစတင်၍ အဆင့်မြှင့်တင်ခဲ့သည်။

ပုရွက်ဆိတ်ကုန်း - ရေကူး - ပုဇွန်တောင်ဘူတာအပြင်လမ်းပိုင်းနှင့် အနောက်ခြမ်းရှိ ကြည့်မြင်တိုင်ဘုရားလမ်းအပြင်လမ်းတို့ကို ဖေဖော်ဝါရီလ ပထမပတ်မှစ၍ တညင်းကုန်း-မင်္ဂလာဒုံလမ်းပိုင်းပွင့်သွားခြင်းဖြင့် ယခင်မြို့ပတ်ရထားလမ်းပိုင်းစနစ် ပြန်လည်ချိတ်ဆက်နိုင်ပြီဖြစ်ရာ ရထားပြေးဆွဲသောအချိန်ဇယားများကို အတွင်းလမ်းဖြစ်သော ရန်ကုန်-ပုဇွန်တောင် လက်ဝဲရစ်လမ်းပိုင်းနှင့် အပြင်လမ်းပိုင်းဖြစ်သော ရန်ကုန်-ဘုရားလမ်းဘူတာ လက်ယာရစ်လမ်းပိုင်းပြေးဆွဲမှုတို့ကို ပြန်လည်ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

“မြို့ပတ်လမ်းကို အဆင့်မြှင့်ပြီး ရထားတွဲဆိုင်းအသစ်တွေနဲ့ ပြေးဆွဲပါမယ်။ စီမံကိန်းမစတင်မီ မြို့ပတ်ရထားခရီးသွား ၉၀၀၀၀ နီးပါးရှိပြီးတော့ အဆင့်မြှင့်တင်နေတဲ့အချိန်မှာ ခရီးသွား ၅၀၀၀၀ ပဲရှိပါတယ်။ ဒီမြို့ပတ်ရထားလမ်း စီမံကိန်းပြီးသွားရင် ခရီးသွား ၂၅၀၀၀၀ ပို့ဆောင်နိုင်ဖို့ ရည်မှန်းပြီးဆောင်ရွက်နေတာပါ” ဟု အမှတ်(၇) တိုင်း (ရန်ကုန်)မှ လက်ထောက်တိုင်းမန်နေဂျာ ဦးကျော်မျိုးလွင်က ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုတွင် တညင်းကုန်း-အင်းစိန်လမ်းပိုင်း၊ အင်းစိန်-ကြည့်မြင်တိုင်လမ်းပိုင်းတို့ ပြီးစီးခဲ့ပြီး ထိုအနောက်ခြမ်းတွင် ကြည့်မြင်တိုင်-ဘုရားလမ်းဘူတာအတွင်း လမ်းပိုင်းပြီးစီးကာ အပြင်လမ်းပိုင်းပြီးစီးပါက ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အနောက်ခြမ်းအားလုံး အဆင့်မြှင့်တင်မှု ပြီးစီးမည်ဖြစ်သည်။

အရှေ့ခြမ်းဖြစ်သော တညင်းကုန်း-မင်္ဂလာဒုံ-ပုရွက်ဆိတ်ကုန်းလမ်းပိုင်း ယခုလကုန်တွင် မြို့ပြအင်ဂျင်နီယာလုပ်ငန်းများပြီးစီး၍ ပုရွက်ဆိတ်ကုန်း-ရေကူးဘူတာ အတွင်းလမ်းပိုင်း ပြီးစီးပြီဖြစ်ရာ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပုရွက်ဆိတ်ကုန်း-ရေကူး-ပုဇွန်တောင်အပြင်လမ်းပိုင်းကို အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။

ယခုပြေးဆွဲနေသော ရန်ကုန်မြို့ပတ်ရထား ပြေးဆွဲချိန်မှာ ၂ နာရီ မိနစ် ၅၀ ကြာမြင့်ပြီး ရထားတွဲဆိုင်းသစ်များဖြင့် ကီလို ၆၀ ဖြစ်သော မိုင် ၄၀ နှုန်းဖြင့် မောင်းနှင်မည်ဖြစ်ရာ ၁ နာရီ မိနစ် ၅၀ ဖြင့် ရန်ကုန်မြို့ပတ်ပြေးဆွဲရန် ဆောင်ရွက်လျက်ရှိသည်။ **သစ္စာ**

## သတင်းစုံကဏ္ဍ

### ကျန်းမာရေးစောင့်ရှောက်မှု အထိမ်းအမှတ်နေ့ ကျင်းပ

**လှိုင်းဘွဲ**

လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုအထိမ်းအမှတ်နေ့အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီက ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးဒေါက်တာဝင်းဇော်ဦးက လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုအထိမ်းအမှတ်နေ့အကြောင်း ရှင်းလင်းပြောကြားသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

### အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့အမှတ်(၇)ရပ်ကွက်စစ်ကုန်းကျောင်းတိုက်ရှိ ကျန်းမာသုခကုသိုလ်ဖြစ် ဆေးခန်းသို့ ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ဒေါက်တာဇော်ထွန်းဖောင်ဒေးရှင်း(ပင်လုံဆေးရုံများအုပ်စု) ကြီးမှူးသော ရွှေဂုံတိုင်(SSC)အထူးကုဆေးရုံနှင့်ပင်လုံအထူးကုဆေးရုံတို့မှ အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူ ၂၀၀ ခန့်အား အခမဲ့ကွင်းဆင်းကျန်းမာရေးစမ်းသပ်စစ်ဆေးကုသပေးခဲ့သည်။

ဆေးမကုသမီ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်း**

### ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မြောင်းမြ**

မြောင်းမြမြို့နယ် ဌာနဆိုင်ရာများနှင့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးမှ တာဝန်ရှိသူများသည် ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက မြောင်းမြမြို့နယ် ထုံးဘိုမိချောင်းအိုင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပေးမှုများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းပြောကြားပြီး မြောင်းမြခရိုင်ပြည်သူ့ကျန်းမာဦးစီးဌာနမှဒေသခံပြည်သူ ၁၀၀ ကျော်ကို အခမဲ့ဆေးကုသပေးနိုင်ခဲ့ကာ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းကိစ္စများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

### စားသုံးရန်မသင့်သည့် ခေါက်ဆွဲထုပ်များ သိမ်းဆည်း

**ကျောက်ထု**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် နံနက်တွင် စားသောက်ကုန်ရောင်းဝယ်သည့်ဆိုင်များအား စစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်မှုမရှိသည့် စားသောက်ကုန်များအား သိမ်းဆည်းခဲ့သည်။

စားသောက်ကုန်ရောင်းဝယ်သည့် ဆိုင် ၂၀ ကျော်အား စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆိုင် ၁၀ ဆိုင်မှ ခေါက်ဆွဲထုပ် ၂၁၂ ထုပ်ကိုသိမ်းဆည်းခဲ့ကြောင်း သိရသည်။

**စိန်ကျော်**



**ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီတွင် သာကေတမြို့နယ် (၉) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သာကေတနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ချစ်ထွန်းက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှကြည်အပါအဝင် ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး ဟောပြောစဉ်။**

ကြေးမုံ

## ၂၀၂၀ မျိုးစေ့ပြပွဲတွင် ရော်ဘာစိုက်တောင်သူများထံသို့ ရော်ဘာပျိုးပင်များအခမဲ့ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား)၌ ယမန်နေ့က ၂၀၂၀ မျိုးစေ့ပြပွဲတွင် ရော်ဘာပျိုးပင် အခမဲ့ဖြန့်ဖြူးပေးအပ်ရေး အခမ်းအနား ကျင်းပသည်။



စိုက်ပျိုးရေးဦးစီးဌာနနှင့် Rubber Wood ထုတ်လုပ်တင်ပို့ရောင်းချသည့် ကုမ္ပဏီများပူးပေါင်း၍ ရော်ဘာပင်အိုများကို မျိုးကောင်းမျိုးသန့်များဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီအဖွဲ့အစည်း ၁၃ ခုမှ အဖူးဆက်ပျိုးပင် ၆၈၉၁၁ တွင် မွန်ပြည်နယ်သို့ ပျိုးပင်ပေါင်း ၅၂၁၃၀ နှင့် တနင်္သာရီတိုင်းဒေသကြီးသို့ ပျိုးပင်ပေါင်း ၁၆၇၈၁ ပင် ပေးအပ်နိုင်ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် Rubber Wood ကုမ္ပဏီ ၃၀ မှ မွန်ပြည်နယ်သို့ ပျိုးပင်ပေါင်း ၁၁၆၀၉၀၊ တနင်္သာရီတိုင်းဒေသကြီးသို့ ပျိုးပင်ပေါင်း ၁၉၂၆၁ ပင်နှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ပျိုးပင်ပေါင်း ၁၅၀၀ ကို ရော်ဘာစိုက် တောင်သူများထံသို့ အခမဲ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်တို့က ရှမ်းပြည်နယ်ရှိ အဖူးဆက်ရော်ဘာပျိုးပင် ၅၀၀၀၀၊ မွန်ပြည်နယ်သို့ ပျိုးပင်ပေါင်း ၃၀၀၀၀၊ တနင်္သာရီတိုင်းဒေသကြီးသို့ ပျိုးပင်ပေါင်း ၂၀၀၀၀၊ ပဲခူးတိုင်းဒေသကြီးသို့ ပျိုးပင်ပေါင်း ၁၀၀၀၀၊ ကရင်ပြည်နယ်သို့ ပျိုးပင်ပေါင်း ၁၀၀၀၀ ကို တာဝန်ရှိသူတို့ထံ အခမဲ့ ဖြန့်ဖြူးပေးအပ်သည်။ ဆက်လက်၍ စိုက်ပျိုးရာသီတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ အရောက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အိမ့်မှူးမေ**

## (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၉**

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြိုပြိုင်ပွဲများအဖြစ် စာစီစာကုံး၊ ကဗျာရွတ်၊ ပုံပြော၊ ဆေးရောင်ခြယ်၊ စကားပုံဆက်၊ အရုပ်ဆက် ပြိုင်ပွဲများကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းဆီက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်း (ခင်ခင်ဝင်း-ပညာရေး)က အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောပြသည်။

မဟာအောင်မြေမြို့နယ် အတွင်းရှိ အမှတ် (၁၂) အခြေခံပညာအလယ်တန်းကျောင်း(ထ-ခွဲ)၊ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၊ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တို့မှ ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့် ကဗျာရွတ်၊ ပုံပြော၊ စာစီစာကုံး၊ စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ် ပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများ အသင်း စည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ရန်ကုန်တက္ကသိုလ် ဓမ္မာရုံညွှဲခံဆောင်၌ ကျင်းပသည်။

အသင်းဥက္ကဋ္ဌ ဦးဘတင့်ဆွေက "ဥပဒေဘွဲ့ရသူများကိုပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အသင်းခွဲများ ဖွဲ့စည်းသွားမှာဖြစ်ပါတယ်" ပြောကြားသည်။

အသင်းအထွေထွေ အတွင်းရေးမှူး ဦးအောင်ငွေဦးက "မြန်မာနိုင်ငံ၏ ဥပဒေအထောက်အကူပေးရေးအဖွဲ့ကြီးမှ ဥပဒေဆိုင်ရာ အကူအညီအကာအကွယ်ပေးရန် အတွက် မိမိတို့အသင်းဝင်များက အခမဲ့လိုက်ပါ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟုပြောသည်။ **ခင်မောင်သော် (ကမာရွတ်)**

## ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်း ဖွင့်လှစ်



**ကျိုက်ထို ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ ရွှေလာမြိုင်ရပ်ကွက် ဆဋ္ဌပုညကာရီဆွမ်းလောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ သင်တန်း၌ မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများ အလုပ်လုပ်ပုံ၊ ကလပ်အုံနှင့် သံလိုက်အုံဖြုတ်/တပ်ဆင်ခြင်း၊ အင်ဂျင်ဟပ်နှင့် ဘလောက်များဖြုတ်/တပ်ဆင်ခြင်း၊ ဘရိတ်စနစ်၊ မီးပေးစနစ်ပိုင်းဆိုင်ရာ အလုပ်လုပ်ပုံ၊ ဝါယာရိန်းသွယ်တန်းခြင်းအစရှိသည်တို့ကို စာတွေ့၊ လက်တွေ့ တစ်လကြာသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

## နွေစပါးနှင့် ပဲတီစိမ်း GAPစိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၆ ရက်က သန်လျင်မြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးထားမှုများနှင့် ပုဂံတောင်ကျေးရွာရှိ ပဲတီစိမ်း GAP & GHP နည်းစဉ်များဖြင့် ဧက ၃၀၀ စိုက်ပျိုးအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍သန်လျင်မြို့နယ် ပြည်တော်သာ ကျေးရွာ၌ ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)နှင့် ကိုရီးယားသမ္မတနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်နေသော စွမ်းအားမြှင့်မီးဖို များ ဖြန့်ဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ **သက်ခိုင် (သန်လျင်)**

## ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

**လားရှိုး ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစွမ်းရည် မြှင့်တင်ခြင်းသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က လားရှိုးမြို့ရပ်ကွက်(၁)ရှိ အောင်မြင်သူခန်းမ၌ ကျင်းပသည်။

၂၀၂၀ ရွေးကောက်ပွဲတွင်စံငါးချက်နှင့်အညီ လုပ်ဆောင်သွားနိုင်ကြရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်နေသူ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက မိမိတို့မြို့နယ်ရှိ ရပ်/ကျေးကော်မရှင်ဝင်များကို ဆင့်ပွားသင်ကြားဆွေးနွေးပေးနိုင်ရန်ဖြစ်ကြောင်း လားရှိုးခရိုင် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်မောင်ရွှေက ပြောကြားခဲ့ကြောင်း သိရသည်။ **မမ(လားရှိုး)**

## ကွန်ပျူတာတက္ကသိုလ် (ပုသိမ်) ၌ ဘွဲ့နှင်းသဘင်ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ကွန်ပျူတာ တက္ကသိုလ် (ပုသိမ်)၌ (၁၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် အဆိုပါ တက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမ၌ ကျင်းပသည်။

ယင်းနောက် ကွန်ပျူတာသိပ္ပံဘွဲ့ရသူများ၊ ကွန်ပျူတာနည်းပညာဘွဲ့ရသူများအား ပါမောက္ခချုပ် ဒေါက်တာခင်မာလာထွန်းက ဘွဲ့များအပ်နှင်းခဲ့ကြောင်း သိရသည်။ **မောင်မောင်(လှိုပ်စစ်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## သမိုင်းကို အသိသစ် အမြင်သစ်ဖြင့် ကြည့်ခြင်း

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာနသည် ပြည်တွင်းစာတမ်းဖတ်ပွဲနှင့် ပြည်ပစာတမ်းဖတ်ပွဲများကို တစ်နှစ်လျှင် နှစ်ကြိမ်စီကျင်းပ၍ ရရှိလာသော စာတမ်းများအား ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ ယခုအခါ ၂၀၁၉ ခုနှစ်တွင် သမိုင်းကို အသိသစ် အမြင်သစ်ဖြင့်ကြည့်ခြင်း ပြည်တွင်းစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သောစာတမ်းများကို ထုတ်ဝေလိုက်ပါသည်။

ယင်းစာအုပ်တွင် ရှေးမြို့ဟောင်းရေကျုံးစနစ်၊ လှိုင်းဘွဲ့မြို့ဟောင်းမှ အထောက်အထားများ၊ ရတနာပုံခေတ်နိုင်ငံရေး၊ ကိုလိုနီခေတ်ဗြိတိသျှတို့နှင့် အငြင်းပွားခဲ့သော နန်းတွင်းပစ္စည်းများ၊ ကိုလိုနီခေတ်၏ ရေနံသမိုင်းနှင့် ချင်းတောင်ဒေသအခြေအနေ စာတမ်းတို့ကို ဖတ်ရှုရာမှ အသိသစ်အမြင်သစ်များ တိုးပွားမည်ဟု ယုံကြည်ပါသည်။

စာအုပ်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ဖုန်း- ၀၆၇-၄၀၈၃၈၄၊ အမျိုးသား စာကြည့်တိုက် (နေပြည်တော်) ဖုန်း- ၀၆၇- ၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ ဖုန်း - ၀၁-၃၉၅၁၉၀၊ ၀၁-၃၉၅၁၉၂ တို့တွင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## တိုင်းရင်းသားရက်စဉ်သမိုင်း(ကချင်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာနသည် အကြိုသမိုင်းမှအစပြု၍ ၁၉၈၈ ခုနှစ်ကာလအထိ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းကို ရေးသားပြုစုလျက်ရှိရာ တိုင်းရင်းသားရက်စဉ်သမိုင်း(မွန်) စာအုပ်ကိုလည်း ပြုစုရေးသားထုတ်ဝေခဲ့ပြီး ယခုအခါ ဒေါက်တာစန်းစန်းပြုစုရေးသားသော "တိုင်းရင်းသားရက်စဉ်သမိုင်း (ကချင်)" စာအုပ်ထွက်ရှိလာပါသည်။

ယင်းစာအုပ်တွင် ကချင်သမိုင်း၏အေဒီ(၉)ရာစုခန့်မှ ၃၀ မတ်၊ ၂၀၁၁ခုနှစ်အထိ ကချင်ပြည်နယ်အခြေအနေကို လေ့လာဖတ်ရှုနိုင်ပါသည်။

စာအုပ်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ဖုန်း- ၀၆၇-၄၀၈၃၈၄၊ အမျိုးသား စာကြည့်တိုက် (နေပြည်တော်) ဖုန်း- ၀၆၇- ၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ ဖုန်း - ၀၁-၃၉၅၁၉၀၊ ၀၁-၃၉၅၁၉၂ တို့တွင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## ငွေကို စီမံခန့်ခွဲနိုင်တဲ့လူ အတော်ဆုံးလူ

ဆရာ ထိန်လင်းရေးသားသည့် ငွေကို စီမံခန့်ခွဲနိုင်တဲ့လူ အတော်ဆုံးလူ စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် သားသမီးနှင့် မိဘများအကြား ရှိသင့်သောအမြင်၊ လူငယ်များ သိရှိထားသင့်သော ငွေကြေးနှင့်ပတ်သက်သော သီအိုရီများ၊ ငွေကိုမည်ကဲ့သို့ စုဆောင်းပြီး မိမိဘဝတိုးတက်ကြီးပွားအောင် ပြုလုပ်သင့်ပုံ၊ ငွေကြေးဆိုင်ရာ အဆိုအမိန့်များနှင့် ငွေတိုးချေးရာတွင် လိုက်နာသင့်သည့် အချက်များအပြင် ငွေကြေးနှင့်ပတ်သက်သော သိသင့်သိထိုက်သည်များကို ညွှန်ပြရေးသားထားပါသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇၊ ပထမထပ်၊ ၃၉ လမ်း (အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၇၃၇၇၄၇၃၃၊ ၀၁-၈၃၉၂၈၃၅ တို့သို့ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။




## သေလျှ ရှင်လျှ ဘယ်အလှူ မြတ်သနည်း

သေလျှ ရှင်လျှ ဘယ်အလှူမြတ်သနည်း တရားစာအုပ် ထွက်ရှိလာသည်။

ပရိယတ္တိ ပဋိပတ္တိသာသနာပြု ပဲခူးမြို့ဥဿာသီရိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဆရာတော် ဒေါက်တာဘဒ္ဒန္တသူရိယအရှင်မြတ်က အတိတ်ဘဝ အကြောင်းလှမှသာလျှင် ယခုပစ္စုပ္ပန်ဘဝမှာဘဝလှမည်ဖြစ်ကြောင်း မိထွေးတော် ဂေါတမီ ရဟန္တာထေရီမကြီးဖြစ်လာပြီး မဟာပရိနိဗ္ဗာန်စံဝင်တော်မူပုံကို သာဓကပြုရေးသားပြုစုထားသည်။

စာဖတ်ရှုလိုသော ဓမ္မမိတ်ဆွေများ စာအုပ်မှာယူအလှူခံလိုပါက ဆရာတော် ဖုန်း ၀၉-၅၃၀၂၀ ၅၄ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။




## သမီးတို့ဖေဖေဖြစ်လိုပေသည်နှင့် အခြားဆောင်းပါးများ

စာရေးဆရာ အန်ကယ်ပညာ၏ သမီးတို့ဖေဖေဖြစ်လိုပေသည်နှင့် အခြားဆောင်းပါးများ စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် ဆောင်းပါးပုဒ်ရေ ၄၀ ပါဝင်ပြီး ခရီးသွားကဏ္ဍ၊ အတွေးအရေးကဏ္ဍ၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးကဏ္ဍ၊ ငြိမ်းချမ်းရေးကဏ္ဍများအပြင် အာဇာနည်နေ့၊ အမျိုးသားအောင်ပွဲနေ့ စသည့် နေ့ထူးနေ့မြတ်များ ဆက်စပ်ပတ်သက်နေပုံနှင့် ကျောင်းသားကျောင်းသူ၊ သားငယ်သမီးငယ်များ လိမ္မာရေးခြားရှိစေရေး အစရှိသည့် ပညာရေးဆောင်းပါးများ ပါရှိသည်။

စာအုပ်ကို ဦးထင်ကျော်မိုး (၀၂၄၀၉) ၊ အဆန်လမ်းစာပေ၊ အမှတ် (၁၀၆/က)၊ မဟာဗောဂလမ်း၊ ၈ ရပ်ကွက် ၊ မရမ်းကုန်းမြို့နယ်မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။




## အရေးကြီးပြီ သွေးစည်းကြစို့

စာရေးဆရာတက္ကသိုလ်မြတ်သူ စီစဉ်ရေးသားသည့် အရေးကြီးပြီ သွေးစည်းကြစို့ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဆန္ဒမဲပြားနှင့် ဘာသာတရားခွဲခြားတတ်စေချင်၊ မြန်မာတို့တွင် ကိုယ်ပိုင်လူ့အခွင့်အရေးရှိပြီးသားပါ၊ နိုင်ငံခြားမှ လုပ်သောလူ့အခွင့်အရေးများ၊ ကျွန်စော်နံပြန်လေဦးတော့၊ လူသားချင်းစာနာတတ်ဆုံး မြန်မာ့စေတနာ မြန်မာ့စိတ်ရင်း မြန်မာ့ရိုးရာဓလေ့ရှိသည့်မြန်မာများ ကျူးကျော်စစ် နယ်ချဲ့စစ် စွက်ဖက်ဝါဒီတို့၏ လိမ်ဆင်စကားလုံးများ သတိထားကြပါကုန်စသည့် ခေါင်းစဉ် ၃၆ခုဖြင့် ရေးသားထားသည်။

စာအုပ်ကို ဘုရင့်စာပေတိုက်၊ အမှတ်-၁၀၈၊ မန္တလေးလမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၄၃၁၂၂၃၈၁မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။




## ရွှေတံခါးကြီးဖွင့်ပါဦး

စာရေးဆရာ လယ်တွင်းသားစောချစ် စီစဉ်ရေးသားသည့် ရွှေတံခါးကြီးဖွင့်ပါဦး စာအုပ်ထွက်ရှိလာသည်။

ပန်းတို့မိသားစုကို မွန်ရတနာခြံကြီးအတွင်း အိမ်ကလေးတစ်လုံးပေးထားပြီး နေထိုင်စေကာ ဖခင်ဖြစ်သူက ထိုအိမ်ကြီးတွင် ယာဉ်မောင်းအဖြစ် လုပ်ကိုင်၍ မိခင်ဖြစ်သူက အဝတ်လျှော်ခြင်း၊ ထမင်းချက်ခြင်း စသည်ဖြင့်လုပ်ပေးရသည်။ ဖခင်ဖြစ်သူ သေဆုံးသွားပြီးနောက် ပန်းတို့သားအမိနှစ်ဦး ထိုအိမ်ကဆင်းခဲ့ရပြီး ဒုက္ခရောက်ခဲ့ပုံ၊ ပန်းသည် အမျိုးသမီးတစ်ဦးဖြစ်သော်လည်း ရိုးသားကြိုးစားမှုကြောင့် နောက်ဆုံးတွင် အနိမ့်ခံဘဝကလွတ်မြောက်ခဲ့ပုံတို့ကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။

စာအုပ်ကို ပန်းမြိုင်လယ်စာပေ၊ အမှတ် ၅၇၊ ခရေပင်လမ်း၊ ၂ (ခ) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ဖုန်း - ၀၁-၆၃၅၆၂နှင့် ၀၉-၅၅၀၁၈၆၉ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။




## မော်တော်ယာဉ်အာမခံအကြောင်း မသိမဖြစ် သိကောင်းစရာများ

စာရေးသူဝီလျှံအောင် စီစဉ်ရေးသားသည့် မော်တော်ယာဉ်အာမခံအကြောင်း မသိမဖြစ် သိကောင်းစရာများ အစာအုပ်ထွက် ရှိလာသည်။

မြန်မာ့အာမခံ လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြုံတွေ့ရမည့် စိန်ခေါ်မှုများ၊ အငြင်းပွားမှုများကို မီးမောင်းထိုး ပြခြင်းဖြစ်သည်။ လက်ရှိအာမခံကုမ္ပဏီတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများ နေ့စဉ်ကြုံတွေ့ကောင်းကြုံတွေ့ရမည့် ပြဿနာ အနည်းအများအချို့ကို မီးမောင်းထိုးပြထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအာမခံလုပ်ငန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ဆန္ဒရှိသည့် မျိုးဆက်သစ်လူငယ်များနှင့် လမ်းဟောင်းအတိုင်းလျှောက်လှမ်းရန် ဆန္ဒရှိသည့် ရှေးရိုးစွဲဝါဒီများအကြားတွင် စဉ်းစားအဖြေရှာနိုင်ရန်ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို ဆိပ်ကမ်းသာစာပေ၊ အမှတ်-၁၃၊ ၃၈-လမ်း၊ ပလာဇာဈေးသစ်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၈၆၈၃၇၃၀၅နှင့် ၀၉ ၉၆၃၆၉၉၈၃၄တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။


MPT
2020
ပရိုမိုးရှင်းကာလ - ၂၀၂၀ ဇန်နဝါရီလ (၂၄) ရက်နေ့ မှ ၂၀၂၀ ဖေဖော်ဝါရီလ (၂၉) ရက်နေ့အထိ
Toyota Rush Brand New
ကားသစ်ကြီး (၂) ဆု
ကျပ်သိန်း (၂၀) ဆု
(၆) ဆု
ရွှေ (၂) ကျပ်သားဆု
(၆) ဆု
အပတ်စဉ် 20GB
အခမဲ့ အသုံးပြုခွင့် (၁)နှစ်စာ (၆) ဆု
20GB
20GB
20GB
20GB
20GB
Data GB ဆုကြီးပေါင်း ၂၀၀၀ ကျော်ကိုလည်း ကံစမ်းခွင့် ရရှိမည်ဖြစ်ပါသည်။
www.mpt.com.mm
www.facebook.com/mptofficialpage
CALL CENTER 106

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်သန်း

**အသက် (၉၉) နှစ်**

ဒုတိယ ဗိုလ်ချုပ်ကြီး အုန်းမြင့်(ငြိမ်း)-ဒေါ်နုနုဆွေတို့၏ မိခင်ကြီး ဒေါ်ခင်သန်းသည် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၄၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်သန်း

**အသက် (၉၉) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စင်မကော်စံပြကျေးရွာနေ (ဦးသောင်းညွန့်)၏ ချစ်လှစွာသောဇနီး၊ ဒုတိယ ဗိုလ်ချုပ်ကြီးအုန်းမြင့်(ငြိမ်း)-ဒေါ်နုနုဆွေတို့၏မိခင် ဒေါ်ခင်သန်းသည် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၄၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ရီ-ဒေါ်ခင်မေစိုး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမြအောင် (တန့်ဆည်)

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ ငုဝါလမ်း၊ အမှတ်(၂၅)နေ ဦးမြင့်နိုင်ဝင်း-ဒေါ်ကေသွယ်ခိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမြအောင် (တန့်ဆည်)သည် ၂၇-၁-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးဆွေ-ဒေါ်မေရီစော**
**M.O.A Trading Co.,Ltd**

### ဦးစောလွင် (ခ) ငြိမ်းလွင်ဦး (ဝေါ)

**မြန်မာနိုင်ငံ စာရေးဆရာများအသင်း**
**သက်ကြီးကန်တော့ခံအဖွဲ့ဝင် (၀၈၃၉)**
**ဝေါမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ထူးဆောင်နာယက**
**သာကေတမြို့နယ် စာရေးဆရာအသင်းနာယက**

**အသက် (၈၈) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဘုရားပြိုကျေးရွာနေ (ဦးကုလားလေး-ဒေါ်အေးခင်)တို့၏ သား၊ ၇/အရှေ့ရပ်ကွက်၊ အမှတ်(၇၆)၊ ရောဝဏ်လမ်းနေ (ဒေါ်လှသိန်း)၊ ဒေါ်သန်းရွှေတို့၏ခင်ပွန်း၊ ဦးလှမြင့်-(ဒေါ်ချိုချိုမာ)၊ (ဦးစိုးမြင့်လွင်-ဒေါ်အေးအေးမူ)၊ ဒေါ်ခင်မာလွင် (မြန်မာ့သစ်လုပ်ငန်း)၊ ဦးတင်မိုးလွင်-ဒေါ်အေးအေးခိုင်၊ ဦးကျော်စွာလွင်-ဒေါ်ခင်တိုးဝင်း၊ ဦးလှမျိုးလွင်-ဒေါ်ရင်ရင်ငွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီး ဦးစောလွင်(ခ)ငြိမ်းလွင်ဦး(ဝေါ)သည် ၂၉-၁-၂၀၂၀ ရက် နံနက် ၆:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးထွန်းဝ

**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ (ဦးဟန်ညွန့်-ဒေါ်ကျင်ယုံ)၊ ဦးကျော်စိုး (ကျော်ပလတ်စတစ်စက်ရုံ)-(ဒေါ်ရင်ကြည်)၊ ဦးကျော်ထူး၊ (ဦးကိုကိုကြီး-ဒေါ်စန်းမြိုင်)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ယုဇနလမ်း၊ တိုက်(၁၈)၊ အခန်း(၁၀၂)နေ ဦးဟုတ်ရွှေ (ရတနာစက်သုံးဆီ)-ဒေါ်ရင်လှ၊ (ဦးပိုင်စိုး)-ဒေါ်သန်းသန်းဦး၊ ဦးသန်းငွေး-ဒေါ်ဝင်းရီ(ဒေါ်ဝင်းရီရေသန့်)၊ ဦးအောင်စိုး (2/E, Ray Shipping Co.,Ltd)-ဒေါ်အေးသီတာမြင့်၊ ဦးဉာဏ်ဝင်း-ဒေါ်နုနုရင်၊ ဒေါ်သန်းသန်းချို(အထက-၅၊ ကမာရွတ်)၊ ဦးမင်းစိန်တို့၏ ဖခင်၊ မြေး ကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး၊ ဒေါ်ရင်မေ၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၂၀ (အင်္ဂါနေ့)တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ယုဇနလမ်း၊ တိုက်(၁၈)၊ အခန်း(၁၀၂) (ဦးထွန်းဝ)-ဒေါ်ရင်မေတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးခင်မောင်သန်း (ခ) ဦးဇာနည် (မာန်အောင်)

**အသက် (၅၆) နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ကမ်းနားလမ်းနေ (ဦးလှကျော်-ဒေါ်သန်းကြည်)တို့၏သားထွေး၊ (ဦးအာယု-ဒေါ်အိမ်လုံး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၇)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၁၄၁/၁၈)နေ (ဦးရွှေဝန်း)-ဒေါ်ဖြူဖြူ၊ ဦးကြည်ဝင်း-ဒေါ်မေသောင်း၊ ဦးတင်ရွှေ-ဒေါ်ခင်လှဝင်း (ပေါက်စ)၊ [ဦးခင်မောင်ဝင်း-ဒေါ်မလေး(အလေး)]၊ (ဦးတင်ဦး-ဒေါ်ခင်စန်းယု)တို့၏ညီ/မောင်၊ (ဦးလှဘုန်းကျော်)-ဒေါ်ခင်မာယု၊ ဦးဝဏ္ဏယု-ဒေါ်အေးအေးမူတို့၏အစ်ကို၊ ဒေါ်ခင်နှင်းယု၏ခင်ပွန်း၊ မောင်ဝေဖြိုးကိုကို-မနှင်းအိဇာ၊ မောင်နေဇော်အောင်-မနှင်းအိဖြူ၊ မောင်ကောင်းညွန့်ဇော်တို့၏ဖခင်၊ မြေးတစ်ယောက်၏အဘိုး ဦးခင်မောင်သန်း (ခ) ဦးဇာနည်သည် ၂၈-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်သန်း

**အသက် (၉၉) နှစ်**

(ဦးဖိုးရှင်း-ဒေါ်သိန်းရင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စင်မကော်စံပြကျေးရွာနေ (ဦးသောင်းညွန့်)၏ ဇနီး၊ (ဦးတင်ရွှေ-ဒေါ်ခင်စောသန်း)၊ (ဦးသိန်းလှိုင်)-ဒေါ်တင်မြင့်၊ ဦးခင်မောင်အေး- ဒေါ်တင်ဥ၊ ဒုတိယ ဗိုလ်ချုပ်ကြီးအုန်းမြင့် (ငြိမ်း)-ဒေါ်နုနုဆွေ၊ ဦးအောင်ဝင်း-ဒေါ်စန်းစန်းယု၊ ဦးကြည်ဝင်း-(ဒေါ်စိန်ရီ)၊ ဦးအောင်လင်း-ဒေါ်ငွေသိန်း-ဒေါ်ဇင်မာဦး၊ ဗိုလ်ကြီးဝင်းညွန့် (ငြိမ်း)-ဒေါ်ဝင်းရည်၊ ဦးယဉ်ထွေး-ဒေါ်ခင်မာထွေးတို့၏မွေးသမိခင်၊ မြေး ၂၄ ယောက်တို့၏အဘွား၊ မြစ် ၂၀ တို့၏အဘီးသည် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၄၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အမှတ်(ဘီ/8)၊ ပန်းကော့ဗီလာအိမ်ရာ၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်သန်း

**အသက် (၉၉) နှစ်**

(ဦးဖိုးရှင်း-ဒေါ်သိန်းရင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စင်မကော်စံပြကျေးရွာနေ (ဦးသောင်းညွန့်)၏ဇနီး၊ ဦးအုန်းမြင့် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း)-ဒေါ်နုနုဆွေတို့၏မွေးသမိခင်ကျေးဇူးရှင်၊ ဦးကျော်သီဟ-ဒေါ်နွေးအိအိဇင်၊ ကိုရဲနီထွန်း-မသီရိဆွေတို့၏ အဘွား ဒေါ်ခင်သန်းသည် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၄၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အမှတ်(ဘီ/8)၊ ပန်းကော့ဗီလာအိမ်ရာ၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

**မြစ်ကြီးနားအသင်း (ရန်ကုန်)၊ သာရေး/နာရေးကော်မတီ**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်သန်း (၉၉)နှစ်

(ဦးဖိုးရှင်း-ဒေါ်သိန်းရင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စင်မကော်စံပြကျေးရွာနေ (ဦးသောင်းညွန့်)၏ဇနီး၊ (ဦးတင်ရွှေ-ဒေါ်ခင်စောသန်း)၊ (ဦးသိန်းလှိုင်)-ဒေါ်တင်မြင့်၊ ဦးခင်မောင်အေး-ဒေါ်တင်ဥ၊ ဒုတိယ ဗိုလ်ချုပ်ကြီးအုန်းမြင့်(ငြိမ်း)-ဒေါ်နုနုဆွေ၊ ဦးအောင်ဝင်း-ဒေါ်စန်းစန်းယု၊ ဦးကြည်ဝင်း-(ဒေါ်စိန်ရီ)၊ ဦးအောင်လင်း-ဒေါ်ငွေသိန်း-ဒေါ်ဇင်မာဦး၊ ဗိုလ်ကြီးဝင်းညွန့်(ငြိမ်း)-ဒေါ်ဝင်းရည်၊ ဦးယဉ်ထွေး-ဒေါ်ခင်မာထွေးတို့၏မွေးသမိခင်၊ မြေး ၂၄ ယောက်တို့၏အဘွား၊ မြစ် ၂၀ တို့၏ အဘီးသည် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၄၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွား ပါသဖြင့် ၁-၂-၂၀၂၀(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

### ဦးသောင်းတင်

**လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ(အင်္ဂလိပ်)၊ ငြိမ်း**

**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်မွန်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၃၀၄)နေ (ဦးခင်မောင်-ဒေါ်ခင်ရီ)တို့၏သား၊ (ဦးစန်းမောင်-ဒေါ်ဖွားရီ)တို့၏သားသမက်၊ ဒေါ်သန်းယဉ်၏ ခင်ပွန်း၊ ဦးတင်ကိုဦး-ဒေါ်မြနန္ဒာဇင်၊ ဦးသန်းထိုက်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မောင်ချမ်းမြေ့ကို၏အဘိုး ဦးသောင်းတင်သည် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်စောစောမြင့် (၇၈) နှစ်

**မော်တလိန်းဒ်ဂျပ်ဆင်ကျောင်းသူဟောင်း**
**အလက(၇) မော်လမြိုင်၊ ယခင် အလက(၃) သာကေတ**
**အထက (၅) ဗိုလ်တထောင်၊ အထပြ ဆရာမ (ငြိမ်း)**

မော်လမြိုင်မြို့နေ (ဦးလှကြိုင်-ဒေါ်ရွှေကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာအလယ်လမ်း၊ အမှတ်(၅၉၄/B-2)နေ (ဦးလှရွှေ)၏ဇနီး၊ ဦးအောင်ဖြိုးဝေ-ဒေါ်မော်မော်မြင့်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး သုံးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးကျော်ငွေ (B.Sc-Forestry)

**ဦးစီးအရာရှိ-ငြိမ်း၊ သစ်တောဦးစီးဌာန**

**အသက် (၅၉) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ် (၃၁)နေ (ဦးကြည်ဝင်း)-ဒေါ်ကျင်သိန်းတို့၏ သားကြီး၊ ကျောက်ပန်းတောင်းမြို့၊ ဘူတာရပ်ကွက်နေ ဦးအောင်ထွန်း-ဒေါ်သန်းလှတို့၏ သားသမက်၊ ဦးဝင်းဗိုလ်၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းစု၊ ဦးတင်ထူးအောင်-ဒေါ်မြသွေး၊ ဦးမျိုးသိန်း၊ ဒေါ်သင်းသင်းစိုး၊ ဦးအောင်ကျော်ဦး-ဒေါ်သီတာဦး၊ ဦးအောင်ကျော်ထူး-ဒေါ်မိုးမိုးခိုင်တို့၏ အစ်ကို၊ မောင်မျိုးသက်ပိုင် (ISO Officer, MYANMAR Yangtse Copper Limited)၊ မောင်ကျော်ဇင်ဦး (Tun Commercial Bank၊ နေပြည်တော်)-မအေးအေးခန့်၊ မအေးအေးသန့်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်ခင်စီ၏ချစ်လှစွာသောခင်ပွန်း ဦးကျော်ငွေသည် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျောက်ပန်းတောင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)**

### ဝဏ္ဏကျော်ထင် ဦးမောင်မောင်

**ရာ-၃၃၀ (အသင်းနာယကကြီး)**

**အသက် (၉၀)**

ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ ယင်းမာပင်လမ်း၊ (၆၈/အေ)နေ ဒေါ်မိမိခိုင်၏ ခင်ပွန်း၊ ဒေါက်တာသိင်္ဂီမောင်မောင် (ရာ-၄၈၁)၏ဖခင်သည် ၂၇-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယနေ့ညနေ ၃ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့
ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

### ဒေါ်သောင်းရင်

**အသက် (၈၄) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ (၂) ရပ်ကွက်၊ လမ်းသွယ် (၁) လမ်းနေ ဦးဘိုးလှ၏ ဇနီး၊ ဦးသောင်းမြင့်၊ ဒေါ်ခင်ဆန်းမြင့်၊ ဒေါ်ခင်ဆန်းဝင်း၊ ဦးသောင်းဝင်း၊ ဒေါ်တင်တင်ဝင်း၊ ဦးမောင်မောင်ဝင်းတို့၏မွေးသမိခင်၊ မြေး ၁၇ ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၀ (ကြာသပတေးနေ့)တွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ ယုဇနအိမ်ရာ၊ A-16 လမ်း၊ တိုက် (16) နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

### ဦးဟက်စတော

**အသက် (၆၉) နှစ်**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ စောဘဲလေလမ်း၊ အမှတ်(၁၇/ခ)နေ ဟားခါးအထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း) (ဦးဂျီအာရ်အိုင်ယာ-ဒေါ်ပေါ့ကြည်း)တို့၏သား၊ ဒေါ်စရိုဂျာ-စောအယ်ဂေးတို့၏အစ်ကို၊ မဒွေါ်ထားဆွီး၏ အဘိုး၊ ဆလိုင်းငွန်ထောင်ချင်း (USA)၊ ဒေါ်ရွှေချင်းပါရ် - (ဦးကပ်စပါဟန်သောင်း)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ဆန်းရီ၏ချစ်လှစွာသောခင်ပွန်း ဦးဟက်စတောသည် ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၉ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (လှိုင်သီရိ၊ BOCနှင့် မညက မှတ်တိုင်တို့မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

### ပဓာနနာယက ဆရာကြီး ဒေါ်ပညာသီရိ

**ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့**
**ရွှေကြာရုံသီလရှင်စာသင်တိုက်**

**အသက် (၁၀၂) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်း(၁)လမ်း၊ အမှတ် (၄၀)နေ ဒေါ်သင်းလှိုင်(ခ) ဒေါ်သီရိခေမာ (အထက-၂၊ လသာ)၏ အဒေါ်၊ ဒေါ်အမတဝတီ၏အဘွား ရွှေကြာရုံသီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်ပညာသီရိသည် (၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်) ၃၁-၁-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သင်းကြည် (ဘိုကလေး)

**အသက်(၉၈)နှစ်**

ညောင်တုန်းမြို့နေ (ဦးမောင်လေး-ဒေါ်သန်းမေ)တို့၏ သမီး၊ ဘိုကလေးမြို့နေ (ဒေါ်ဝန်)၊ (ဦးလွင်)၊ (ဒေါ်သင်းလှိုင်)တို့၏ တူမ၊ စမ်းချောင်းမြို့နယ်၊ ဦးစံငြိမ်းလမ်း၊ အမှတ်(၁၇)၊ လေးလွှာနေ (ဦးကျော်ညွန့်)-ဒေါ်ကြည်ကြည်လွင်တို့၏ အစ်မ၊ ဒေါက်တာမျိုးဇင်ညွန့် (UNICEF)-ဒေါ်မိုးမိုးသိမ့်၊ ဦးကျော်လွင်ညွန့်-ဒေါ်ခင်မေသွင်၊ ဒေါ်နန္ဒာကျော်ညွန့်တို့၏ ကြီးကြီး၊ မောင်ဉာဏ်ဝန်ညွန့်၊ မအမရာညွန့်တို့၏ဘွားဘွားကြီး ဒေါ်သင်းကြည်သည် ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁:၃၀ နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၂၀ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဆရာမကြီး ဒေါ်မြသန်း (မြင်းခြံမြို့)

**အသက် (၉၁) နှစ်**

မြင်းခြံမြို့၊ သမုန်းကိုင်းကျေးရွာနှင့် မွန်ပြည်နယ်၊ မုဒုံမြို့နေ ဦးထွန်း-ဒေါ်ဖွားစောတို့၏ သမီး၊ ရဲမှူးကြီး ဦးမောင်မောင်(ငြိမ်း)-ဒေါ်ခင်ထွေးတို့၏ ညီမ၊ ဦးအေးချို-ဒေါ်စိန်ဝင်းမေ (အောင်ဇေယျာရွှေဆိုင်)တို့၏အစ်မ၊ ဦးထွန်းအောင်ချို-ဒေါ်တင်အုန်းကြည်(အောင်ဇေယျာရွှေဆိုင်)၊ ဦးကိုကိုနိုင် (အမြဲတမ်းအတွင်းဝန်၊ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)-ဒေါ်ဇင်လေးချိုတို့၏အဒေါ်၊ မောင်မင်းခေါင်၊ မသီရိခေတ်၊ မောင်ထွဋ်ခေါင်တို့၏အဘွား ဆရာမကြီး ဒေါ်မြသန်းသည် ၂၉-၁-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် မြင်းခြံမြို့၊ (၅)ရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် မြင်းခြံမြို့၊ ဆူးဖြူကုန်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း အားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဦးကျော်သန်းလှိုင် (အမ်းမြို့နယ်)

**တွဲဖက်အတွင်းရေးမှူး၊ ရခိုင်အမျိုးသားပါတီ-ရန်ကုန်**

**အသက် (၄၅) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၆၅)၊ ခြောက်လွှာ(ညာ)နေ ဒေါ်သန္တာ (ရွှေမင်းသားရွှေဆိုင်၊ ဒဂုံရွှေပြည်စျေး)၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်သန်းလှိုင် အသက်(၄၅)နှစ် (တွဲဖက်အတွင်းရေးမှူး၊ ရခိုင်အမျိုးသားပါတီ-ရန်ကုန်) သည် ၂၇-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁:၃၀ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများနှင့်ပါတီဝင် မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ရခိုင်အမျိုးသားပါတီဗဟိုဌာနချုပ်(စစ်တွေ)
ရခိုင်အမျိုးသားပါတီ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟိုဌာနခွဲ(ရန်ကုန်)
ရခိုင်အမျိုးသားပါတီ၊ရန်ကုန်တိုင်းဒေသကြီးအလုပ်အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်လှနှင်းခိုင်

**Managing Director**

**International School of Myanmar (I.S.M)**

**အသက် (၇၆) နှစ်**

International School of Myanmar (I.S.M)၏ Founder & Board Chair နှင့် Myanmar Educare Company ၏ Managing Director ဖြစ်သူ ဒေါ်လှနှင်းခိုင်သည် ၂၆-၁-၂၀၂၀ ရက် နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားသည့်အတွက် အစားထိုး မရသော ဆုံးရှုံးမှုအဖြစ် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors နှင့် I.S.M ဝန်ထမ်းများ**
**International School of Myanmar (I.S.M)**

# နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် အမြဲတမ်းအတွင်းဝန်က ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ မကြာသေးမီက ထုတ်ပြန်ခဲ့သော သတင်းထုတ်ပြန်ချက်၏ ခေါင်းစဉ်တွင် မြန်မာနိုင်ငံ၌ လူမျိုးပြုန်းတီးစေရန် ကျူးလွန်မှုများကို "ရပ်ဆိုင်းရန်" အပြည်ပြည်ဆိုင်ရာတရားရုံးက အမိန့်ချမှတ်ခဲ့သည်ဟု မှားယွင်းစွာ ဖော်ပြခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ဖော်ပြချက်မှာ လူမျိုးပြုန်းတီးစေရန် ကျူးလွန်မှုဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံအဖြစ် လိုက်နာရမည့် တာဝန်များနှင့်အညီ လူမျိုးပြုန်းတီးစေရန် ကျူးလွန်မှုများ မဖြစ်ပေါ်စေရေး "တားဆီးပေးရန်" လိုအပ်သောအရေးယူဆောင်ရွက်မှုအားလုံးကို ဆောင်ရွက်ရန်ဟူ၍သာပါရှိကြောင်း၊ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာတရားရုံးသို့

စာမျက်နှာ ၇ ကော်လံ ၄ သို့ ☆

# တရုတ်-မြန်မာနယ်စပ် မိုင်းယု-ကျိန်းယဲန်းတံတား၌ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးစစ်ဆေး

**မိုင်းယု ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တရုတ်-မြန်မာနယ်စပ်ဒေသဖြစ်သည့် မိုင်းယုမြို့တွင် ကိုရိုနာဗိုင်းရပ်စ်(2019-nCoV)ရောဂါအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မိုင်းယု-ကျိန်းယဲန်းတံတားပေါ်၌ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးမှုများကို ဇန်နဝါရီ ၂၉ ရက်က စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ပညာပေးစစ်ဆေး**

အဆိုပါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုး၊ မိုင်းယုတိုက်နယ်ဆရာဝန် ဒေါက်တာအောင်အောင်ဝင်းထွဋ်၊ နယ်မြေခံစခန်းမှူး ရဲအုပ်အောင်ဇော်မင်းတို့ ဦးဆောင်သည့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သည့်အဖွဲ့က ယင်းတံတားပေါ်တွင် တရုတ်ဘက်ခြမ်းမှ ဝင်ရောက်လာကြသည့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများဖြစ်ကြသည့် ကလေးလူကြီးများပါမကျန် ကိုရိုနာဗိုင်းရပ်စ်(2019-nCoV)ရောဂါကူးစက်လာမှုမရှိစေရေး ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်း(Mask)များ တပ်ဆင်သွားလာနိုင်ရေးနှင့် ကိုရိုနာဗိုင်းရပ်စ်(2019-nCoV)အန္တရာယ် လိုက်နာရမည့်နည်းလမ်းတို့ကို ပညာပေးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ○



## တူးတူးနှင့် တူတာဗို့တို့ မကျေပွဲလက်ဝှေ့ထိုးမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ ဇန်နဝါရီ ၃၁ ရက် ညနေ ၅ နာရီခွဲတွင် ကျင်းပမည့် WLC: Battlebones ပြိုင်ပွဲတွင် လက်ရှိ WLC မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံ မြန်မာ့လက်ဝှေ့ကျော် တူးတူးနှင့် ဥဇဘက်ကစ္စတန်နိုင်ငံသား ဝါရင့်လက်ဝှေ့ကျော်တူတာဗို့တို့ ရင်ဆိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

# ရန်ကုန်အသင်း နှစ်ကျော့စလုံးအနိုင်ရပြီး AFC Cup ခြေစစ်ပွဲအောင်

**ရန်ကုန် ဇန်နဝါရီ ၂၉**

၂၀၂၀ ရာသီ AFC Cup အာဆီယံဇုန်ခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ်အင်ဒရာအသင်းတို့ ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ထပ်မံအနိုင်ယူပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

အဝေးကွင်းပွဲတွင် ဂိုးပြတ်အနိုင်ရထားသည့် ရန်ကုန်အသင်းသည် ယခုဒုတိယအကျော့ပွဲတွင်လည်း နိုင်ပွဲထပ်မံရယူကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ အင်ဒရာအသင်းသည် ပထမအကျော့ထက်ကစားပုံ ပိုကောင်းလာ

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❂



ရန်ကုန်အသင်းနှင့် အင်ဒရာအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ကြေးမုံ ယနေ့ဖတ်စရာ

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စာမျက်နှာ » ၅

ဖျားနာသူမှာ ရှိလာသည့် တာဝန်

စာမျက်နှာ » ၁၁

ကာရေဘီယန်ဒေသတွင် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်

စာမျက်နှာ » ၁၃

(၇၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

စာမျက်နှာ » ၁၅

"မြေကွက်ကျယ်လျော့ဈေးဖြင့်ရောင်းမည်"

- ရန်ကင်း - အောင်ဇေယျာလမ်း၊ မိုးကောင်းမီးပွိုင့်အနီး
- မြေအကျယ် - 5227 sqft
- ဈေးနှုန်း - 1 sqft- 1.35 Lakh

09- 7700 20007, 09- 96 111 8777

